# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်    ၂၀၁၇ ခုနှစ်၊ မေ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့၊    အတွဲ (၅၆)၊ အမှတ် (၂၃၃)


### ကိုယ်ချင်းစာတရားထား

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဓမ္မပဒ (ဓမ္မပဒ - ၁၂၉)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံ (ဒုတိယအစည်းအဝေး)အား ဂုဏ်ပြုပါ၏

## နိုင်ငံသားအကျဉ်းသား ၁၈၆ ဦးအား လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၈/၂၀၁၇**

**၁၃၇၉ခုနှစ်၊ကဆုန်လပြည့်ကျော် ၁၃ ရက်**

**(၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက်)**

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံကို ကြိုဆိုသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်ပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးအတွက် အများပြည်သူနှင့်အတူ တာဝန်ထမ်းဆောင်နိုင်စေရေးအတွက်လည်းကောင်း၊ လူမှုရေးအရငဲ့ညှာသောအားဖြင့် လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံနေသော နိုင်ငံသားအကျဉ်းသား ၁၈၆ ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ ၊ ပုဒ်မခွဲ(က)အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးလိုက်သည်။

(ပုံ) ထင်ကျော်<br>
နိုင်ငံတော်သမ္မတ<br>
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံခြားသားအကျဉ်းသား ၇၃ ဦးအား လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၉/၂၀၁၇**

**၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်**

**(၂၀၁၇ ခုနှစ်၊မေလ ၂၃ ရက်)**

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံကို ကြိုဆိုသောအားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်သမ္မတသည်အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံနေသော နိုင်ငံခြားသားအကျဉ်းသား ၇၃ ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ ၊ ပုဒ်မခွဲ (က)အရပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

(ပုံ)ထင်ကျော်<br>
နိုင်ငံတော်သမ္မတ<br>
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် မေ ၂၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား ထိုင်းနိုင်ငံဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစက်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(ယူနီဒို)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Mr.Stein Hansen သည် ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံပြီး ၎င်း၏ ဌာနေကိုယ်စားလှယ်ခန့်အပ်လွှာကို ပေးအပ်သည်။

ခန့်အပ်လွှာပေးအပ်စဉ်အတွင်း ယူနီဒိုအဖွဲ့က မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိမ်းရောင်အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေးစသည့် ကဏ္ဍများအပါအဝင် မြန်မာနိုင်ငံနှင့် ယူနီဒိုတို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(ယူနီဒို)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Stein Hansen တို့ တွေ့ဆုံဆွေးနွေးစဉ်**


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ငြိမ်းချမ်းရေးကို လိုချင်လျှင် ဘယ်လိုနည်းနဲ့မဆို ယူ၍ရ

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် ကိုလိုနီလက်အောက်မှ လွတ်မြောက်ကာ လွတ်လပ်သော နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်။ သို့ရာတွင် လွတ်လပ်ရေးရပြီးနောက် ရက် ၁၀၀ မျှ မပြည့်သေးခင်မှာပင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတည်းဟူသော နွံအိုင်အတွင်းသို့ ကျရောက်ခဲ့ရာ ယနေ့တိုင် ပြန်မတက်နိုင်သေး။ သို့ဖြင့် ကမ္ဘာပေါ်တွင် အရှည်ကြာဆုံးသော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေသည့် နိုင်ငံဟူသည့် ဘွဲ့ကိုရရှိခဲ့သည်။

ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ၏ မူလဇာစ်မြစ်သည် နိုင်ငံရေးပြဿနာဖြစ်သည်။ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်း သို့မဟုတ် တွေ့ဆုံဆွေးနွေးသည့် နည်းလမ်းဖြင့်အဖြေမရှာဘဲ လက်နက်ကိုင်တိုက်ခိုက်သည့် နည်းလမ်းဖြင့် အစိုးရတစ်ဆက်ပြီးတစ်ဆက်၊ လက်နက်ကိုင်အဖွဲ့မျိုးဆက်တစ်ဆက်ပြီးတစ်ဆက်တို့ တစ်ဖက်နှင့်တစ်ဖက် အပြုတ်တိုက်ကာ အဖြေရှာခဲ့ကြရာမှ ယနေ့နှစ်ပေါင်း ၇၀ ခန့်ကာလသို့ ရောက်ရှိလာသည့်တိုင်အောင် အဖြေမထွက်ခဲ့။ ဤသို့ဖြင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ နှစ်ဖက်တိုက်ခိုက်မှုများအကြားမှ အပြစ်မဲ့မြေစာပင် ပြည်သူတို့၏ အကြောက်တရားတို့မှ လွတ်မြောက်ရေး၊ ငြိမ်းချမ်းရေးဟူသည် ပဋိပက္ခတို့ ဖြစ်ပွားရာစစ်တလင်းမှ ပြည်သူများ၏အမျှော်လင့်ဆုံးသော အနာဂတ်အိပ်မက်များ ဖြစ်လာသည်။

မေ ၂၄ ရက်(ယနေ့)သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) စတင်ကျင်းပသည့်နေ့ဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “ယခုဆိုလျှင် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ မိမိတို့ကြိုးပမ်းခဲ့သည်မှာ တစ်နှစ်ကျော်ရှိပြီ ဖြစ်ပါကြောင်း၊ တစ်နှစ်ကျော်ကာလအတွင်း အားလုံးခြုံကြည့်လျှင် တိုးတက်မှုရှိသည်ဟု ယူဆပါကြောင်း၊ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ တစ်ကမ္ဘာလုံးကလည်း စိတ်ဝင်စားမှုရှိပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့နိုင်ငံအတွက်သာမက ပဋိပက္ခဖြစ်နေသည့် နိုင်ငံများအတွက်လည်း အရေးကြီးသည့် သင်ခန်းစာရနိုင်မည့်ဖြစ်စဉ်ဟု ၎င်းတို့ယူဆထား၍ ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်၍ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းသည် နောက်ဆုံးတွင် ဆန္ဒနှင့်ပဲဆိုင်ကြောင်း၊ ဆန္ဒကလွဲ၍ အခြားမဖြစ်နိုင်စရာအကြောင်း ဘာမှမရှိကြောင်း၊ အောင်မြင်ခြင်း တရားလေးပါးဆိုသည်မှာ ဆန္ဒနှင့်ပင်စကြောင်း၊ ငြိမ်းချမ်းရေးလိုချင်လျှင် ဘယ်လိုနည်းနှင့်မဆိုရယူ၍ရကြောင်း၊ ငြိမ်းချမ်းရေးမလိုချင်လျှင်မူ နည်းအမျိုးမျိုးဖြင့် ငြိမ်းချမ်းရေးကြန့်ကြာအောင်လုပ်နိုင်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဆန္ဒဟူသည် လိုချင်သည့်သဘောဖြစ်သည်။ သို့ရာတွင် လောဘမဟုတ်။ ကောင်းကျိုးပြုလိုသည့်သဘော၊ အမွန်အမြတ်ပြုလိုသည့်သဘောဖြစ်သည်။ ဤသို့ဆန္ဒသည် ပြင်းပြထက်သန်၍ မရမနေ၊ မဖြစ်မနေ၊ ရည်မှန်းရာသို့ရောက်အောင်သွားရာတွင် ဓားတောင်ကိုပင် ကျော်ရကျော်ရ၊ မီးပင်လယ်ကိုပင် ဖြတ်ရဖြတ်ရ ရင်ဆိုင်ကျော်လွှားမည်ဆိုသည့် ဆန္ဒာဓိပတိဖြစ်လာမည်ဆိုလျှင် လောက၌ မရနိုင်သောအရာ၊ မဖြစ်နိုင်သောအရာဟူ၍ မရှိတော့ကြောင်း ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။

နှစ်ပေါင်းရှည်ကြာခဲ့ပြီဖြစ်သော တိုင်းရင်းသားပြည်သူတို့၏ လိုလားတောင့်တချက်ဖြစ်သည့် ငြိမ်းချမ်းရေးအတွက် အောင်မြင်ခြင်း အကြောင်းတရား လေးပါးဖြစ်သည့် ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိတို့ကို အရင်းပြုကာ ဆောင်ကြဉ်းရယူနိုင်ကြပါစေကြောင်း။ ။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး)

Union Peace Conference - 21st Century Panglong (Second Session)

၂၄ - ၅ - ၂၀၁၇ နေပြည်တော်

Union Peace Conference - 21st Century Panglong - second session

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ(ဒုတိယအစည်းအဝေး)အား ဂုဏ်ပြုကဗျာ

# (၂၁)ရာစု ပင်လုံညီလာခံကြီးထဲမှ ပင်လုံစိတ်ဓာတ်ရှိကြသူတိုင်းကို “ယုံတယ်၊ လေးစားတယ်၊ မြတ်နိုးတယ်”

ဟံသာဝတီ - ဦးအုန်းကြိုင်

❖ ကျုပ်-လူလားမမြောက်တမြောက်
လွန်ခဲ့တဲ့ ၆ဧနှစ်လောက်က
စပြီးဖြစ်ခဲ့တဲ့ ပြည်တွင်းစစ်မီးကြီး
အပြီးသတ် ငြိမ်းအေးချုပ်ဆုံးတော့မယ်
ဆိုနေပါကလား. . .။ ။

❖ ဟုတ်တယ်-
သုသာန်တစ သချိုင်းဝကို
ကျုပ်ခြေတစ်ဖက်က လှမ်းနေပြီပဲ
နှမြောမိပါရဲ့
အလဟဿ ကုန်ဆုံးခဲ့ရတဲ့
အချိန်တွေရယ်လေ. . .။ ။

❖ ကျုပ်မသေခင်
မြင်တွေ့သွားချင်တဲ့
ပြည်တွင်းစစ်ချုပ်ငြိမ်းရေး
ထာဝရငြိမ်းချမ်းရေး
တိုင်းရင်းသားပေါင်းစုံ
သွေးစည်းညီညွတ်စွာ
တည်ဆောက်အောင်မြင်နေတဲ့
ဖက်ဒရယ်ပြည်ထောင်စု
ခေတ်သစ်ကြီး. . .။ ။

❖ ဒီကနေ့ ဒါတွေ
တောင်ပံချင်းခတ် လက်ချင်းယှက်လို့
ခွဲခြင်းချက်မရှိ ပေါင်းစည်းထုဆစ်
တည်ဆောက်နေကြတဲ့
ကချင်၊ကရင်၊ကယား၊ချင်း၊
မွန်၊ဗမာ၊ရခိုင်၊ရှမ်း အစရှိကြတဲ့
လူငယ်မျိုးဆက်သစ်တွေရဲ့
စေတနာ၊မေတ္တာ၊ပညာ၊သမ္မာ
အစွမ်းအစတွေဟာ ကျုပ်တို့ခေတ်ထက်
သာရင်သာ သာမယ်
ညံ့ဖို့ရာတော့ရှိနိုင်မယ်မဟုတ်ဘူး. . .။ ။

❖ ဒီကနေ့
(၂၁)ရာစုပင်လုံစိတ်ဓာတ်တွေနဲ့
ပေါင်းစည်းတည်ဆောက်နေကြတဲ့
သူတို့ သူတို့ တစ်တွေဟာ
တိုက်တစ်လုံး ကားတစ်စီး
ဇိမ်ခံ စီးပြီး
အမြိုင့်သားနေနိုင်ကြဖို့ရာ
ထိုင်ခုံတစ်နေရာစာအတွက်
မယုတ်မာကြဘူး. . .
မကောက်ကျစ်ကြဘူး. . .
မဖောက်ပြန်ကြဘူး. . .
လူတစ်စု လူတစ်မျိုးကောင်းကျိုးအတွက်
လုပ်နေကြတာမဟုတ်ဘူး
ပင်လုံစိတ်ဓာတ်ရှိသူတိုင်းကို
ကျုပ်ယုံတယ်၊လေးစားတယ်
မြတ်နိုးတယ်. . .။ ။

၂၀၁၇ခုနှစ်၊ အမျိုးသားသတင်းဆု
“အကောင်းဆုံးသတင်းသူရဲကောင်းဆုရ”
ဟံသာဝတီ-ဦးအုန်းကြိုင်(သက်ကြီးဝါရင့်သတင်းစာဆရာကြီး)

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန် ကျောင်းသားဟောင်းများ ပထမအကြိမ် စုံညီတွေ့ဆုံပွဲကျင်းပ

ရန်ကုန် မေ ၂၃

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်မှ ကျောင်းသားဟောင်းများ ပထမအကြိမ် စုံညီတွေ့ဆုံပွဲ (Student Reunion)ကို ယနေ့နံနက် ၉ နာရီက ယင်းတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံပွဲကို ပညာရပ်ဆိုင်ရာ ဟောပြောပွဲများ၊ ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲများဖြင့် ယနေ့ညနေ ၄ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ (မြန်မာ့အလင်း)

## ဗီယက်နမ် - မြန်မာ ရှုမဝအလှပန်းချီပြပွဲ ရန်ကုန်မြို့တွင် ကျင်းပမည်

ရန်ကုန် မေ ၂၃

ဗီယက်နမ် - မြန်မာ “ရှုမဝအလှပန်းချီပြပွဲ” (VIETNAM & MYANMAR: Charm & Beauty) ကို မေ ၂၄ ရက်မှစ၍ သုံးရက်တိုင် ရန်ကုန်မြို့တွင် ကျင်းပမည် ဖြစ်သည်။

အဆိုပါပြပွဲကို နှစ်နိုင်ငံမှ ပန်းချီဆရာများနှင့် ဓာတ်ပုံဆရာများ ပူးပေါင်း၍ ပြသခြင်းဖြစ်ပြီး မေ ၂၄ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာပလာဇာနှင့် အမျိုးသားဇာတ်ရုံတို့တွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၃-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၃၄ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၄ . ၆၇ |
| ထိုင်း | တစ်ဘတ် | ၃၉ . ၇၆၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁၆ |
| တရုတ် | တစ်ယွမ် | ၁၉၈ . ၂၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ . ၇၀ |

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

## အီတလီ-မြန်မာ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော်  မေ  ၂၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H.E. Mr. Pier Gior gio ALIBERTI အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အီတလီ-မြန်မာ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H.E. Mr. Pier Gior gio ALIBERTI တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

## မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော်  မေ  ၂၃**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆွီဒင်သံအမတ်ကြီး H.E .Ms. Annika Mariana Elisabet Rachel Ben David နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူ့အခွင့်အရေးအထောက်အကူပြု ဥပဒေများ ရေးဆွဲနေမှုအခြေအနေများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာဆွီဒင်သံအမတ်ကြီးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးကို ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်

**နေပြည်တော်  မေ  ၂၃**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ (မိုး/ဇလ)

## ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်နေမှုများ ဆွေးနွေး

နေပြည်တော်  မေ  ၂၃

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long သည် ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။** (အောက်ပုံ)



တွေ့ဆုံစဉ် နယ်စပ်ရေးရာဝန်ကြီးဌာနက နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်အစိုးရက ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးတို့အတွက် (၂၁)ရာစုပင်လုံညီလာခံ ဒုတိယအကြိမ် အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်နေမှု အခြေအနေများ၊ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ ဆန္ဒအလျောက် နေရပ်ပြန်ရေးကိစ္စရပ်များ၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့် အထောက်အထား လက်မှတ်ထုတ်ပေးရေး လုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံ သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ မြန်မာနှင့်ထိုင်း နှစ်နိုင်ငံ ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ထူးခြားသည့် နေ့အပူချိန်နှင့် မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော်  မေ  ၂၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ချောက်မြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီ၊ မြင်းမူမြို့ တောင်တွင်းကြီးမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သထုံမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ၃၄ လက်မ၊ မော်လမြိုင်မြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၀ ဒသမ ၉၄ လက်မစီ၊ ပေါင်မြို့နှင့် ချောင်းဆုံမြို့တို့တွင် ၀ ဒသမ ၈၇ လက်မစီ၊ လှိုင်းတက်မြို့တွင် ၀ ဒသမ ၇၉ လက်မ၊ ဘားအံမြို့နှင့် မြိတ်မြို့တို့တွင် ၀ ဒသမ ၆၃ လက်မစီတို့ဖြစ်ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

❋ *ကျောဖုံးမှ*

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ကမ္ဘာ့ကုန်စည်ဈေးကွက်တွင် ရေနံရောင်းဝယ်မှုပြီးလျှင် ကော်ဖီသည် ဒုတိယအဆင့် အရေးပါဆုံးသော ကုန်စည်တစ်ခုဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍမှထွက်ရှိသည့် ပြည်ပပို့ကုန်များ အနက် ဆန်စပါး၊ ပဲမျိုးစုံတို့သည် အဓိက နိုင်ငံခြားငွေရှာပေးသော သီးနှံဖြစ်သကဲ့သို့ ကော်ဖီသီးနှံသည်လည်း တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားဝင်ငွေရရှိသည့် တန်ဖိုးမြင့် သီးနှံတစ်မျိုးဖြစ်ပါကြောင်း၊ ပြင်ဦးလွင်ဒေသနှင့် ရှမ်းပြည်နယ် ရှာငံဒေသမှ ထွက်ရှိသည့် မြန်မာ့အာရေးဗီးကား ကော်ဖီသည် ကမ္ဘာ့အဆင့်မီ (Special Coffee) အဆင့်တွင်ရရှိခဲ့ပြီး ယခုအခါ ကော်ဖီဈေးနှုန်းသည်လည်း သင့်တင့်သည့်ဈေးနှုန်းများ ရရှိလာသည့်အတွက် မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာပြီး မြန်မာ့ကော်ဖီစိုက်တောင်သူများ၊ လုပ်ငန်းရှင်များလည်း အကျိုးစီးပွားဖြစ်ထွန်းလာမည် ဖြစ်ပါကြောင်း။

သို့သော်လည်း မြန်မာနိုင်ငံ၏ ကော်ဖီကဏ္ဍသည် ကော်ဖီစိုက်ပျိုးသည့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်တို့နှင့် နှိုင်းယှဉ်ပါက နည်းပညာအားနည်းခြင်း၊ သတင်းအချက်အလက် ဖလှယ်မှုအားနည်းခြင်း၊ ကော်ဖီသီးနှံနှင့် ပတ်သက်ပြီး အတွေ့အကြုံများအားနည်းနေခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေသေးသည်ကို တွေ့ရှိရကြောင်း။

ယခုလို ကော်ဖီဖိုရမ်ကျင်းပပေးခြင်းအားဖြင့် အခက်အခဲများ၊ အတွေ့အကြုံများ၊ နည်းပညာများနှင့် ရလဒ်ကောင်းများ၊ အကြံဉာဏ်များကို အပြန်အလှန်ဖလှယ်၍ ကော်ဖီကဏ္ဍတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် အကျိုးကျေးဇူး ရရှိလာစေနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအခါ ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပေါ်နေသည့်အတွက် ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေအရ ရေရှည်တည်တံ့ပြီး အကျိုးရှိစေသည့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းအတွက် ဆောင်ရွက်သင့်သည်များကို ယခုကော်ဖီဖိုရမ်တွင် အားလုံးပါဝင်၍ ထည့်သွင်းဆွေးနွေးစေလိုကြောင်း။

မြန်မာ့ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးရာတွင် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရန်များ၊ ဝန်ကြီးဌာနမှ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ စိန်ခေါ်မှုများ၊ အနာဂတ်ကော်ဖီဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရမည့် လုပ်ငန်းများ၊ လက်ရှိ ကော်ဖီဈေးကွက်အခြေအနေများ၊ ကော်ဖီစိုက်တောင်သူများအတွက် ပံ့ပိုးပေးရန်လိုအပ်ချက်များကို ထည့်သွင်းဆွေးနွေးကြပြီး စီးပွားရေးပညာရှင်များကလည်း တန်ဖိုးမြင့်ထုတ်ကုန်အတွက် စီးပွားရေးရှုထောင့်အမြင်များဖြင့် အကြံပြုဆွေးနွေးစေလိုကြောင်း တိုက်တွန်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၈-၂၀၃၀ ကာလအတွင်း မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ဧက ၂၀၀၀၀၀ ပြည့်မီရန် ရည်မှန်းထားရှိပြီး လာမည့် ၂၀၃၀ ခုနှစ်တွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သောက်သုံးမှုအရည်အသွေးကောင်း ကော်ဖီစုစုပေါင်း တန်ချိန် ၆၀၀၀၀ ခန့်ထုတ်လုပ်ရန် ရည်မှန်းထားရှိပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် မြန်မာ့ ကော်ဖီအသင်းကဲ့သို့ အစုအဖွဲ့များ ပေါ်ပေါက်လာပြီး မြန်မာ့ကော်ဖီအား နိုင်ငံခြားသို့ပင် တင်ပို့ရောင်းချပြီး ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်လျက်ရှိရာ မြန်မာ့ကော်ဖီ အလားအလာကောင်းမွန်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက Coffee Forum ကျင်းပရခြင်း ရည်ရွယ်ချက်၊ Coffee နှင့် ကျန်းမာရေး၊ မြန်မာ့ကော်ဖီတင်ပို့ရောင်းချမှု၊ စိုက်ပျိုးရာအထူးဒေသများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှု၊ မြန်မာ့ကော်ဖီဈေးကွက် အလားအလာ၊ ကော်ဖီသုတေသနဆောင်ရွက်ထားရှိမှု၊ အခက်အခဲများ၊ အခွင့်အလမ်းနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားတွင် စီးပွားရေးပညာရှင် ဒေါက်တာဇော်ဦး၊ ကော်ဖီပညာရှင် ဦးဥက္ကာအောင်နှင့် ပြည်တွင်းပြည်ပပညာရှင်များက မြန်မာ့ကော်ဖီ တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်မှုနိုင်ငံတကာသင်ခန်းစာများ၊ ကော်ဖီစိုက်ပျိုးမှု၊ အရည်အသွေး၊ ဈေးကွက်ဆိုင်ရာများနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းတင်ပြကြသည်။

မြန်မာ့ကော်ဖီဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကော်ဖီစိုက်တောင်သူများ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် ကော်ဖီစိုက်နိုင်သော ဒေသများနှင့် ကော်ဖီစိုက်ပျိုးနိုင်ရန် အခြေအနေပေးသော တောင်တန်းဒေသများတွင် တောင်စောင်း စိုက်ပျိုးနည်းပညာဖြင့် ကော်ဖီစိုက်ဒေသများ တိုးချဲ့သွားရန်၊ ရိတ်သိမ်းချိန်လွန် နည်းပညာများကို လိုက်နာပြီး မြန်မာ့ကော်ဖီအရည်အသွေး တိုးတက်ကောင်းမွန်လာစေရန်၊ ပြည်တွင်း တွင်သောက်သုံးသည့် ကော်ဖီအရည်အသွေးကောင်းပြီး ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် ပြည်တွင်းတွင် ဖူလုံရုံသာမက ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရန် ရည်ရွယ်ချက်များဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက Coffee Forum ကို ကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**( သတင်းစဉ်)**




**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံ Coffee Forum အခမ်းအနားတွင် အမှာစကားပြောကြားစဉ်** (သတင်းစဉ်)



# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဆွီဒင်နိုင်ငံ လူ့အခွင့်အရေးဆိုင်ရာသံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်အား ဆွီဒင်နိုင်ငံမှ လူ့အခွင့်အရေးဆိုင်ရာသံအမတ်ကြီး H.E.Ms.Annika Ben David ဦးဆောင်သောအဖွဲ့မှ ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမတွင် လာရောက်တွေ့ဆုံဆွေးနွေးသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံစဉ် လူ့အဖွဲ့အစည်းအတွင်း နည်းပညာသစ်များ၏ အခန်းကဏ္ဍနှင့် လူသားများအကြား လွတ်လပ်စွာဆက်သွယ်ပြောကြားခြင်းကို ထိန်းသိမ်းရန်နှင့် ဆက်သွယ်မှုများကို တိုးတက်အောင် ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နိုင်ငံ၏ လက်ရှိအခြေအနေနှင့် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီသည့် အဆင့်အလိုက် ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် The First Myanmar Digital Right အလုပ်ရုံဆွေးနွေးပွဲပြုလုပ်နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် မေ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ အင်္ဂလိပ်စာမူ ပထမဆုရရှိသည့် Dr. Saw Mra Aung ၏ "A GLIMPSE INTO PART OF ANCIENT MYANMAR HISTORY AND FUNDAMENTAL BUDDHIST CONCEPTS" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားကာ ရခိုင်ပြည်နယ်ဒေသရှိ ၎င်းတို့၏ တိုင်းရင်းသားနှင့် ယဉ်ကျေးမှုဓလေ့ကိုအခြေပြု၍ ဗုဒ္ဓဘာသာဝင်တို့၏ အမြင်၊ ခံယူမှုများကို ရှေးဟောင်းသုဝဏ္ဏဘူမိမြို့ဟောင်း ရွှေတိဂုံဘုရားသမိုင်းနှင့်ဆက်စပ်လျက် သုတေသနပြုရေးသားထားသော စာအုပ်ဖြစ်သည်။ ထို့ပြင် ရှင်မဟာဗုဒ္ဓဃောသ၊ အရှင်ဓမ္မဝိလာသစသည့် အကျော်ဒေးယျပုဂ္ဂိုလ်တို့၏ ဘဝပုံရိပ်များကိုလည်း ဓမ္မသတ်အမြင်များဖြင့် ရေးသားထားသည်။ ထိုစာအုပ်သည် ကမ္ဘာ့စာအုပ်စင်အထိ အရောက်သွားမည့်စာအုပ်ဖြစ်ပြီး မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အကြောင်းအချက်အလက်အချို့ကို နိုင်ငံတကာအား ပြသခွင့်ရစေမည့်စာအုပ်ဖြစ်သည်။ သမိုင်းနှင့် ဗုဒ္ဓဝင်ကို အင်္ဂလိပ်ဘာသာဖြင့် လေ့လာလိုက်စားလိုသူများနှင့် ရခိုင်သမိုင်းကို သုတေသနပြုလိုသူများ သဘောကျနှစ်ခြိုက်စေမည့် စာအုပ်ဖြစ်သည်။

ရောင်းဈေး ၉၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိစာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်၊ ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဦးဇော်ဌေး ဖေ့စ်ဘွတ်

❂ *ကျောဖုံးမှ*

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး)သို့ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်ယူရိနှင့် အဖွဲ့ဝင် ခုနစ်ဦး၊ ကချင်လွတ်မြောက်ရေးအဖွဲ့(KIO)မှ ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လနှင့် အဖွဲ့ဝင်ခြောက်ဦး၊ AA အဖွဲ့မှ ဒေါက်တာညိုထွန်းအောင်နှင့် အဖွဲ့ဝင် နှစ်ဦး၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)မှ တာဂျုတ်ဂျားနှင့် အဖွဲ့ဝင် သုံးဦး၊ မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA)မှ ရန်ဝမ်ဂျောင်နှင့် အဖွဲ့ဝင် သုံးဦး ၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ စိုင်းဘထွန်းနှင့် အဖွဲ့ဝင်လေးဦး၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (NDAA) မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ ဦးဆန်လူနှင့် အဖွဲ့ဝင် ၁၄ ဦးတို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# ဘရာဇီးနိုင်ငံ သံအမတ်ကြီးနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်တို့နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘရာဇီးနိုင်ငံ သံအမတ်ကြီး H.E. Mr. Antonio J.M. de Souza e Silva အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ၊ ဘရာဇီး နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့များ လာရောက်ရေးနှင့် ဆက်ဆံမှုမြှင့်တင်ရေး၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များစွာတွင် နည်းလမ်းရှာဖွေ၍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် မွန်းလွဲ ၂ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူး ကိုယ်စားလှယ် မစ္စတာစွန်းကော်ရှန်းနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာစေရေး၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယ အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘရာဇီးနိုင်ငံသံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# စီမံကိန်းနှင့် ဖွံ့စည်းပုံစိစစ်ရေးအဖွဲ့၏ (၂/ ၂၀၁၇)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၃**

သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆိုပြုတင်ပြလာသည့် ဝန်ထမ်းဖွဲ့စည်းပုံများ တိုးချဲ့ဖွဲ့စည်းနိုင်ရန် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့၏ (၂/ ၂၀၁၇)ကြိမ်မြောက် အစည်းအဝေးကို မေ ၂၂ ရက် ညနေ ၄ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် စီမံကိန်းနှင့်ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က အဆိုပြုတင်ပြလာသည့် ဖွဲ့စည်းပုံများ တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းပြီး ဖွဲ့စည်းပုံ တိုးချဲ့ဖွဲ့စည်းခြင်းများကို ခွင့်ပြုခဲ့သည်။



ထို့ပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်များရှိ ကျေးရွာများတွင် ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံ ၁၆ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၇ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၆၂ ခုနှင့် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁၁ ရုံတို့ကို အသစ်ဖွင့်လှစ်ပေးခြင်းတို့ကို ခွင့်ပြုခဲ့သည်။ ထိုသို့ ခွင့်ပြုပေးနိုင်ခဲ့၍ ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေး အနီးကပ်စောင့်ရှောက်မှုများ ပြည့်ဝစွာ ရရှိခံစားနိုင်မည့်အပြင် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းအတွင်း လျှပ်စစ်မီးရရှိရေး ဒုတိယအဆင့်အဖြစ် ဆောင်ရွက်လျက်ရှိ

**မုံရွာ မေ ၂၃**

ကျေးရွာများလျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် အမျိုးသားလျှပ်စစ် ဓာတ်အားရရှိရေးစီမံချက်(MEP)အစီအစဉ်ဖြင့် လက်ရှိ ၁၁ ကေဗွီဓာတ်အားလိုင်းနှစ်မိုင်အတွင်း ရှိကျေးရွာများအား ပထမအဆင့်အစီအစဉ်ဖြင့်လည်းကောင်း၊ နှစ်မိုင်နှင့် ငါးမိုင်အတွင်း ရှိ ကျေးရွာများကိုဒုတိယအဆင့်အနေဖြင့်လည်းကောင်း လျာထားဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် မံစီလေးကျေးရွာအပါအဝင် ကျေးရွာ ၁၂ ရွာအားတိုင်းဒေသကြီးအစိုးရအနေဖြင့် လျှပ်စစ်မီးသွယ်တန်းပေးနိုင်ခြင်းရှိ မရှိသိလိုပါကြောင်းနှင့် အကယ်၍သွယ်တန်းပေးမည်ဆိုပါကမည်သည့်နှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း ပင်လည်ဘူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးသန်းလှိုင်က ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးစတုတ္ထနေ့ဖြစ်သည့် မေ ၁၉ ရက်က ကြယ်ပွင့်ပြမေးခွန်းအဖြစ်မေးမြန်းရာ ဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်မီးရရန်ကျန်ရှိနေသော ကျေးရွာများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်သွားရန်လျာထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီး လွှတ်တော်တွင် ပြန်လည်ဖြေကြားခဲ့သည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ တက်ရောက်ခြင်းမပြုသော်လည်း ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတက်ရောက်

**နေပြည်တော် မေ ၂၃**

ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (တိုးချဲ့) အစည်းအဝေးတစ်ရပ်ကို ၂၀၁၇ ခုနှစ် မေ ၂၂ ရက်မှ ၂၃ ရက်ထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

နှစ်ရက်တာ အစည်းအဝေးတွင် လက်ရှိ မြန်မာပြည်ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် နိုင်ငံရေးဆွေးနွေးမှုဖြစ်စဉ်တို့အပါအဝင် UNFC ၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ UNFC အဖွဲ့ဝင်များ မတက်ရောက်နိုင်သည့်အပေါ် သဘောထား ထုတ်ပြန်ခဲ့သည်။

ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) သည် မေ ၂၄ ရက်တွင် စတင်ကျင်းပမည့် **ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိပေ။**

နှစ်ရက်တာ အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် UNFC ၏ ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာက "အခု-(၂၁)ရာစု ပင်လုံဖိတ်လာတဲ့အပေါ်မှာ ကျွန်တော်တို့အတွက် အခက်အခဲကြုံတာက ကျွန်တော်တို့ ဒီမှာအစည်းအဝေး လုပ်နေတယ်။ အစည်းအဝေးနဲ့ ကပ်လျက်ဖြစ်နေတယ်။ နောက်ဖိတ်စာက တော်တော်လေးနောက်ကျတယ်။ နောက်တစ်ခုဖြစ်တာက ကျွန်တော်တို့ကို အထူးဧည့်သည်အနေနဲ့ ဖိတ်ကြားတယ်။ ဒါက လေ့လာသူအဆင့်ပါပဲ။ **နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းတဲ့ပုံစံကို ကျွန်တော်တို့အားပေးတယ်။ အခုကတော့ အဆင်မပြေနိုင်တဲ့၊ မပြည့်စုံသေးတဲ့ အနေအထားပေါ်မှာ ကျွန်တော်တို့ မတက်ရောက်နိုင်တာ** ဖြစ်တယ်လို့ ဖြေကြားပါတယ်"ဟု ဖြေကြားသည်။

UNFC ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ သဘောထားထုတ်ပြန်မှုတွင် အချက်ခုနစ်ချက်ပါဝင်ပြီး UNFC အနေဖြင့် တစ်နိုင်ငံလုံးအပစ်အခတ်



**ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) ၏ ဗဟိုအလုပ်အမှုဆောင် ကော်မတီ (တိုးချဲ့) ပထမနေ့ အစည်းအဝေးကျင်းပစဉ်**

ရပ်စဲရေးသဘောတူစာချုပ်(NCA)မှ တစ်ဆင့် အနှစ်သာရနှင့် အဓိပ္ပာယ်ပြည့်ဝသော နိုင်ငံရေးဆွေးနွေးပွဲသို့ တက်လှမ်းရန် ကြိုးပမ်းလျက်ရှိကြောင်း၊ DPN အဆိုပြုချက်ကိုးချက် သဘောတူညီမှုရရှိပါက NCA လက်မှတ်ရေးထိုးနိုင်ရေး မတိုင်မီ နှစ်ဖက်အပြန်အလှန် ကတိကဝတ်ပြုချက် (DoC) တစ်ခု ပြုလုပ်သွားရန်သဘောတူညီထားပြီး ညှိနှိုင်းသဘောတူညီမှုမရရှိသေးသဖြင့် (DoC) လက်မှတ်ရေးထိုးနိုင်ရေး အဆင့်သို့ မတက်လှမ်းနိုင် ဖြစ်နေသေးကြောင်း၊ -(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် "အထူးဖိတ်ကြားသူ" အဆင့်အနေအထားဖြင့်သာ ဖိတ်ကြားလာသဖြင့် မိမိတို့ UNFC အနေဖြင့် ပါဝင်တက်ရောက်သွားနိုင်မည် မဟုတ်ကြောင်း၊ ပင်လုံမူ၊ ပင်လုံစိတ်ဓာတ်၊ ပင်လုံကတိကဝတ်တို့နှင့်အညီ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အမျိုးသားပြည်နယ်များကိုအခြေခံသော စစ်မှန်သည့်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးသို့ ဦးတည်သည့် နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးပွဲများကို UNFC အနေဖြင့် ကြိုဆိုထောက်ခံဝိုင်းရံပံ့ပိုးသွားမည်ဖြစ်ကြောင်း ပါရှိသည်။

ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ၏ ညီလာခံကို ဇွန်လဒုတိယပတ်တွင် ပြုလုပ်နိုင်ရန် ယေဘုယျအားဖြင့် သဘောတူညီချက်ထားကြောင်း နိုင်ဟံသာထံမှ သိရသည်။

"UNFC နဲ့ ကြားဖြတ်ညှိနှိုင်းနေတဲ့ ကိုးချက်ပေါ်မှာ ပြေလည်မှုမရသေးဘူး။ ပြေလည်မှုမရသေးတော့ ရှေ့တစ်ဆင့်ကို တိုးသွားလို့မရသေးဘူး။ -(၂၁)ပင်လုံ မတက်ရောက်နိုင်တဲ့အတွက် တစ်မျိုးမျိုးသဘောထားမယ်လို့ မထင်ပါဘူး။ အစီအစဉ်ရှိနေလို့ သူတို့(အစိုးရ)က လုပ်သွားတာပါ။ နိုင်ငံအေးချမ်းဖို့ဆိုတဲ့နေရာမှာ UNFC မပါဘဲနဲ့ နိုင်ငံအေးချမ်းအောင် မတည်ဆောက်နိုင်ပါဘူး။ ကျွန်တော်တို့ ဆက်လက်ညှိနှိုင်းသွားမှာပါ"ဟု UNFC အနေဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သတ်၍ အစိုးရနှင့် ဆက်လက်ဆွေးနွေးမည့်အကြောင်း နိုင်ဟံသာက ပြောကြားသည်။

မေ ၂၄ ရက်နေ့တွင် စတင်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ တက်ရောက်ရန် UWSA (ဝ)၊ KIO (ကချင်)၊ AA(ရခိုင်)၊ TNLA (တအာင်းပလောင်)၊ MNDAA (ကိုးကန့်)၊ NDAA(မိုင်းလား)၊ SSPP (ရှမ်း)အဖွဲ့ ခုနစ်ဖွဲ့တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-AMM**

# အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာစီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် ကမ္ဘာ့ဘဏ်ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၂၃**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းသဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်သည်။




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ် (သတင်းစဉ်)

**ရေခွန်နှင့် တာတမံခွန်ဥပဒေကြမ်း**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လက်ရှိရေခွန်နှင့် တာတမံခွန်ဥပဒေမှာ ၁၉၈၂ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ပြီး ခေတ်ကာလနှင့် လျော်ညီမှုမရှိတော့သည့်အတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ဆည်တမံများ ထိန်းသိမ်းမှုစရိတ် တချို့တစ်ဝက် နိုင်ငံတော်မှ ပြန်လည်ရရှိစေရန်၊ ရေသုံးစွဲသူများ ဆည်တမံများ၏ အကျိုးကျေးဇူးနှင့် ရေကို တန်ဖိုးထားသုံးစွဲစေရန်နှင့် ပြည်ထောင်စုတစ်ဝန်းလုံးတွင် သုံးစွဲမှုအခွန်နှုန်းထားအားသတ်မှတ်ကောက်ခံနိုင်ရန်အတွက် **ရေခွန်နှင့် တာတမံခွန်ဥပဒေကြမ်းကို** လွှတ်တော်သို့ တင်သွင်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နျူကလီးယားသိပ္ပံနှင့် နည်းပညာသုတေသန၊ ဖွံ့ဖြိုးရေးနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် (1978 RCA) အစားထိုး (2017 RCA)တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။



လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ် (သတင်းစဉ်)

ယင်းနောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ခြောက်လတာကာလအတွင်း လုပ်ငန်း ဆောင်ရွက်ခဲ့မှုအစီရင်ခံစာ (၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဧပြီလအထိ)နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အမျိုးသားမူဝါဒကော်မရှင်အနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပညာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အခြားဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများကို အကြံပြုခြင်း၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် တက္ကသိုလ်များတွင် အရည်အသွေးအာမခံစနစ်ထားရှိမှု အခြေအနေများကို သိရှိနိုင်ရန် တက္ကသိုလ်အုပ်စုများအလိုက် ဆွေးနွေးပွဲများကျင်းပခြင်း၊ ပညာရေး ဝန်ကြီးဌာနသို့ အကြံပြုခြင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဥပဒေကြမ်းများစိစစ်ခြင်း၊ အဆင့်မြင့်ပညာကဏ္ဍ၊ ဆရာအတတ်ပညာကဏ္ဍတို့ကို ပညာရေးဝန်ကြီးဌာနသို့ အကြံပြုလျက်ရှိပါကြောင်းဖြင့် လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ရေခွန်နှင့် တာတမံခွန်ဥပဒေကြမ်း၊ (1978 RCA )အစားထိုး (2017 RCA) တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်မည့်ကိစ္စနှင့် အမျိုးသားမူဝါဒကော်မရှင်၏ ခြောက်လတာကာလအတွင်းဆောင်ရွက်ချက် အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့ပြင် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောမှတ်ချက်အပေါ် အခြေခံ၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

အလားတူ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အိန္ဒိယသမုဒ္ဒရာဒေသတွင်း ဆိပ်ကမ်းနိုင်ငံများ၏ စစ်ဆေးပိုင်ခွင့်ဆိုင်ရာ နားလည်မှုစာချွန်လွှာတွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် အတည်ပြုပါဝင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**စာချွန်လွှာတွင် လက်မှတ်ရေးထိုး**

ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်းက ဆိပ်ကမ်းနိုင်ငံများ၏ စစ်ဆေးပိုင်ခွင့် အနှစ်သာရမှာ ဆိုက်ရောက်လာသည့် သင်္ဘောများအပေါ် ဆိပ်ကမ်းအာဏာပိုင်က နိုင်ငံတော်ဥပဒေများကို ကျင့်သုံးနိုင်ခွင့်ရှိပါကြောင်း၊ ပင်လယ်ပြင်ဆိုင်ရာ ဥပဒေတွင် နိုင်ငံခြားဆိပ်ကမ်းနှင့် ပြည်တွင်းရေကြောင်းသို့ ဝင်ရောက်သည့် သင်္ဘောများသည် ကမ်းရိုးတန်းနိုင်ငံ၏ အချုပ်အခြာအာဏာအောက်တွင် ရှိပါကြောင်း၊ ဒေသဆိုင်ရာ ဆိပ်ကမ်းနိုင်ငံများ၏ စစ်ဆေးပိုင်ခွင့် နားလည်မှုစာချွန်လွှာ၏ ရည်ရွယ်ချက်များတွင် စစ်ဆေးခဲ့သည့် ဆိပ်ကမ်းအာဏာပိုင်သည် အားလုံးသဘောတူညီထားသည့် နိုင်ငံတကာစာချုပ်ကို တစ်ပြေးညီ ကျင့်သုံးနိုင်ခြင်းပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အချိန်မျိုးတွင် နိုင်ငံတကာဥပဒေများကို မျက်ခြည်မပြတ်ကြည့်ရန် လိုပါကြောင်း၊ သို့ဖြစ်ပါ၍ အိန္ဒိယသမုဒ္ဒရာဒေသတွင်း ဆိပ်ကမ်းနိုင်ငံများ၏ စစ်ဆေးပိုင်ခွင့်ဆိုင်ရာ နားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးရေးကို အတည်ပြုရန် အရေးကြီးပါကြောင်း ထောက်ခံဆွေးနွေးသည်။

ထို့ပြင် ဒက္ခိဏသီရိမြို့နယ် မဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်းနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်နှင်းတို့ကလည်း ဆွေးနွေးကြသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာစီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် ကမ္ဘာ့ဘဏ်ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**အာမခံငွေမှာထားသင့်**

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမျိုးဝင်းက ကမ္ဘာ့ဘဏ်ကချေးယူမည့် အမေရိကန်ဒေါ်လာ ၁၂၅ သန်းအနက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေထူထောင်ရန် သုံးစွဲမည့်အပိုင်းတွင် သုံးစွဲမည့် ဒေါ်လာ သန်း ၂၀ကို ဆွေးနွေးလိုပါကြောင်း၊ ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် မြန်မာ-လာအို- ကမ္ဘောဒီးယား ၃ နိုင်ငံပါဝင်သည့်အဖွဲ့က ရန်ပုံငွေတစ်ရပ် ထူထောင်မည်ကို သိရှိရပါကြောင်း၊ မိမိတို့နိုင်ငံ၏ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်မှုအဆင့်မှာ နိုင်ငံပေါင်း ၁၇၁ နိုင်ငံ၌ အနီးရောင်အဆင့်ဖြစ်ပြီး နံပါတ် ၄၂ တွင်ရှိပါကြောင်း၊ ပြီးခဲ့သည့် ၂၅ နှစ်အတွင်း သဘာဝဘေးအန္တရာယ် ၂၄ ကြိမ် ကြုံတွေ့ခဲ့သည့် မြန်မာနိုင်ငံအတွက် အာမခံငွေမှာ ထားသင့်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဒေါ်လာသန်း ၂၀ အနက် မည်မျှရန်ပုံငွေထည့်ဝင်မည်ကို ကွဲကွဲပြားပြားသိလိုပါကြောင်း။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ခြောက်မြို့နယ်အတွက် ဒေါ်လာ ၇၉ သန်းသုံးစွဲမည်ဟု လျာထားသည်ကို တွေ့ရပါကြောင်း၊ ယင်းငွေမှာ မြန်မာငွေဖြင့် တွက်ချက်လျှင် ဘီလီယံ ၁၀၀ ကျော်ပါကြောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်အသုံးငွေထက် များပါကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ခြောက်မြို့နယ်အတွက် ယင်းငွေသုံးစွဲခြင်းမှာ မသင့်လျော်သည့်အတွက် ဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ရေကြီးရေလျှံမှုအတွက် ၂၀၁၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ၁၅ ဘီလီယံ၊ ၂၀၁၆ ခုနှစ်တွင် တစ်ဘီလီယံ သုံးခဲ့ပြီးဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စီမခန့်ခွဲမှုအလွဲများကြောင့် ခရီးမပေါက်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝဘေးဆိုသည်နှင့် အသက်လုပြေးရသည့်ဒေသများ ရှိပါကြောင်း၊ ယင်းဒေသများအတွက် ရေရှည်စီမံချက်ရေးဆွဲပြီး ချေးယူပါက ထောက်ခံပါကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်မှ ချေးယူမည့်ငွေကို မထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရေကြီးရေလျှံမှုကင်းဝေးစေလို**

အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦးက ကမ္ဘာ့ဘဏ်မှချေးယူမည့် အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူပုံ၊ ပြန်လည်ပေးဆပ်ရမည့်ကာလ၊ ဆိုင်းငံ့ကာလ၊ အတိုးနှုန်းစသည်တို့မှာ သင့်လျော်ပါကြောင်း၊ ချေးငွေ၏ ဆောင်ရွက်မည့် လုပ်ငန်းများ ငါးခုရှိပါကြောင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် မြို့ပြရေကြီးရေလျှံမှုလျော့နည်း ပပျောက်စေရေးအတွက် ဆောင်ရွက်ရာတွင် ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်ကိုသာ ဦးစားပေးသတ်မှတ်ဆောင်ရွက်မည်ဟု သိရှိရပါကြောင်း၊ ရေကြီးရေလျှံမှုမှာ ယင်း ခြောက်မြို့နယ်တွင်သာ ခံစားနေရခြင်းမဟုတ်ဘဲ ရန်ကုန်မြို့တော်တစ်ခွင်က ကျန်မြို့နယ်များတွင်လည်း အလားတူ ရေကြီးရေလျှံမှု၏ ဆိုးကျိုးများကို ခံစားနေရပါကြောင်း၊ ရန်ကုန်မြို့တွင် မြို့နယ်ခြောက်မြို့နယ်ဖြင့် ဖွဲ့စည်းထားခြင်း မဟုတ်ပါကြောင်း၊ ရေကြီးရေလျှံမှုကို ဖြေရှင်းရာတွင် နေရာကွက်ပြီး ဖြေရှင်း၍မရပါကြောင်း၊ မြို့တော်တစ်ခုလုံး လွှမ်းခြုံစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ဤကဲ့သို့ ခြောက်မြို့နယ်သာ စဉ်းစားသည်ကို သိလိုပါကြောင်း၊ ရန်ကုန်မြို့တော် တစ်ခွင်ရှိ ကျန်မြို့နယ်များပါ ရေကြီးရေလျှံမှုကင်းဝေးစေလိုသည့်ဆန္ဒဖြင့် ဆွေးနွေးခြင်းဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့ပြင် စမ်းချောင်းမဲဆန္ဒနယ် ဦးဘိုဘိုဦး၊ ရွှေပြည်သာမဲဆန္ဒနယ် ဦးညဏ်လင်း၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၀) နော်လှလှစိုး၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ဦးခင်ချို၊ ကျောက်တန်းမဲဆန္ဒနယ် ဒေါ်အေးမြမြမျိုး၊ စေတုတ္တရာမဲဆန္ဒနယ် ဦးအောင်ကျော်လွင်၊ ဆိပ်ဖြူမဲဆန္ဒနယ် ဦးအောင်သိုက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅) ဒေါက်တာတင်တင်ဝင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသက်မင်းဦး၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ဦးဦးထွန်းမောင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ် ဦးအေးနိုင်၊ လှိုင်မဲဆန္ဒနယ် ဦးအောင်ကျော်ကျော်ဦးတို့ကလည်း ဆွေးနွေးကြသည်။

ယင်းချေးငွေချေးယူခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းကို ပြည်ထောင်စုလွှတ်တော် တတိယနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာရှဒေသသစ်တော ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း တည်ထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**သစ်တောပြုန်းတီးမှုမှာ တတိယအဆင့်ရှိနေ**

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက သစ်တောသစ်ပင် ထိန်းသိမ်းခြင်းသည် နိုင်ငံတစ်နိုင်ငံသာမက တစ်ကမ္ဘာလုံး ဆောင်ရွက်သင့်သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်မည့် သဘောတူစာချုပ်မှာ ကိုရီးယား၊ ဘူတန်၊ ကာဂျစ်စတန်၊ တီမောလက်စတေ၊ မွန်ဂိုလီးယားနိုင်ငံနှင့် အရှေ့တောင်အာရှ ၁၀ နိုင်ငံတို့ ပါဝင်မည်ဖြစ်ကြောင်း၊ မြန်မာ့သစ်တောပြုန်းတီးမှုကို လေ့လာကြည့်ပါက မွန်ပြည်နယ် ၅၂ ရာခိုင်နှုန်း၊ ရန်ကုန်တိုင်းဒေသကြီး ၄၄ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ် ၂၆ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်ကာလတွင် မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုမှာ တတိယအဆင့်ရှိနေပါကြောင်း၊ သစ်တော၊ သစ်ပင်များရေရှည်တည်တံ့စေရန် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးသင့်ပါကြောင်း ပြောကြားသည်။

အလားတူ ညောင်ရွှေမဲဆန္ဒနယ် ဦးဝင်းမြင့်ဦး (ခေါ်)ဦးနေမျိုး၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) ဦးဂျေယောဝူ၊ ရွှေကျင်မဲဆန္ဒနယ် ဦးစောသလေးစော၊ သထုံမဲဆန္ဒနယ် ဒေါ်မာမာခိုင်၊ တွံတေးမဲဆန္ဒနယ် ဦးမြင့်လွင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ် ဦးအေးနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈) ဒေါ်မမလေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) ဒေါ်ရှားမူ၊ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁) ဦးဝှေ့တင်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁) ဒေါက်တာခွန်ဝင်းသောင်း၊ လွိုင်ကော်မဲဆန္ဒနယ် ဒေါက်တာခင်စည်သူ၊ ဖာပွန်မဲဆန္ဒနယ် ဦးစောထွန်းမြအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉) ဦးမောင်မောင်လတ်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) ဦးဝင်းမောင်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ဦးဦးထွန်းမောင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ဇင်လတ်၊ ထီးလင်းမဲဆန္ဒနယ် ဦးမြတ်လေးဦး၊ ပြင်ဦးလွင်မဲဆန္ဒနယ် ဒေါက်တာအောင်ခင်တို့က ဆွေးနွေးခဲ့ကြသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ အေးအေးသန့် (သတင်းစဉ်)**

# ဖိုရမ်ကျင်းပခြင်းဆိုတာထက် ကော်ဖီလောကတိုးတက်ဖို့အတွက် ဘာတွေလုပ်ရမယ်ဆိုတဲ့ မဟာဗျူဟာတွေရေးဆွဲဖို့လိုတယ်

**တွေ့ဆုံမေးမြန်း-သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သိန်း**

**မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန်နှင့် ကော်ဖီစိုက်တောင်သူများ၏ ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှုမြှင့်တင်ရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် ကော်ဖီစိုက်နိုင်သော ကော်ဖီစိုက်ပျိုးရန် အခြေအနေပေးသည့် တောင်တန်းဒေသများတွင် တောင်စောင်းစိုက်ပျိုးနည်းပညာဖြင့် ကော်ဖီစိုက်ဒေသများ တိုးချဲ့သွားရန်၊ ရိတ်သိမ်းချိန်လွန်နည်းပညာများကို လိုက်နာကာ မြန်မာ့ကော်ဖီအရည်အသွေးတိုးတက်ကောင်းမွန်လာစေရန်နှင့် ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ပြည်ပဈေးကွက်သို့တင်ပို့နိုင်ရန်၊ မြန်မာနိုင်ငံ၏ ကော်ဖီသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ပြီး ပထမဆုံးအကြိမ်အနေဖြင့် ကော်ဖီဖိုရမ်ကို မေ ၂၃ ရက်က နေပြည်တော်ရှိသင်္ဂဟဟိုတယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဦးဆောင်ကာ ပြုလုပ်ခဲ့သည်။**



ဒေါက်တာရဲတင့်ထွန်း



ဦးစိုင်းဝမ်း



ဦးဥက္ကာအောင်



ဒေါ်မေသက်လှိုင်



ဦးမျိုးလေး

အဆိုပါဖိုရမ်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ကော်ဖီစိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်များနှင့် တောင်သူများ၊ကော်ဖီပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် မြန်မာ့ကော်ဖီအသင်းမှ ပညာရှင်များ တက်ရောက်ကြပြီး တက်ရောက်လာသူများထဲမှ အချို့အား တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြအပ်ပါသည်။

**ဒေါက်တာရဲတင့်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန**

ကော်ဖီဖိုရမ်ကျင်းပရတဲ့ အဓိကရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ ကော်ဖီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ရယ်၊ အရည်အသွေးမြင့်ကော်ဖီတွေကို ဒီထက်ပိုပြီး ထုတ်လုပ်နိုင်ဖို့အတွက်ရယ်၊ နောက်တစ်ခုကတော့ တောင်သူတွေ ဒီအပေါ်မှာ လိုက်ပြီး ဆောင်ရွက်ခြင်းအားဖြင့် ဝင်ငွေတိုးတက်ရရှိစေဖို့ ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ခေတ်အဆက်ဆက်မှာလည်း ဆောင်ရွက်ထားတာလေးတွေရှိတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ကော်ဖီဟာ ပြည်တွင်းစားသုံးမှုအရရော၊ ပြည်ပတင်ပို့မှုအရရော အလားအလာမရှိတဲ့ အနေအထားမျိုး တွေ့ခဲ့ရပါတယ်။ သို့သော် ခုအချိန်မှာတော့ မြန်မာနိုင်ငံရဲ့ရေမြေရာသီဥတု သဘာဝအရ ကော်ဖီစိုက်ပျိုးဖြစ်ထွန်းလို့ကောင်းတဲ့ အထူးဒေသသုံးခုရှိပါတယ်။ ပြင်ဦးလွင်ဒေသရယ်၊ ချင်းပြည်နယ်က တီးတိန်ဒေသရယ်၊ ရှမ်းပြည်နယ်က ရွာငံဒေသရယ်ရှိပါတယ်။ အဲဒီလိုဒေသတွေမှာ ရှိတဲ့ကော်ဖီတွေဟာ ခုချိန်မှာတော့ ဈေးကွက်ကလည်း ပွင့်လင်းလာတယ်။ ခေတ်စနစ်အရလည်း ပြောင်းလဲလာတဲ့အတွက် မြန်မာနိုင်ငံရဲ့ကော်ဖီတွေဟာ ပြည်ပဈေးကွက်မှာ နာမည်ရလာတဲ့အနေအထားလေးရှိလာပါတယ်။ နောက်ပြီး Special Quality Score တွေအရလည်း ၈၀ အထက်ကို ရှိခဲ့တယ်ဆိုရင် Special Quality အနေနဲ့ တစ်ကမ္ဘာလုံးက စံအနေနဲ့ သတ်မှတ်ထားတဲ့အထဲမှာ မြန်မာနိုင်ငံကကော်ဖီတွေက ဒီကနေ့မှာဆိုရင် ၈၉ အထိ ရောက်လာခဲ့ပြီဆိုတဲ့ အနေအထားမျိုး တွေ့ရတဲ့အတွက်ကြောင့် ကမ္ဘာကလည်း မြန်မာ့ကော်ဖီကို အာရုံစိုက်လာတဲ့ အနေအထားမျိုး တွေ့ရပါတယ်။ ဒီအခွင့်အရေးကို အကောင်းဆုံးအသုံးချဖို့ လိုအပ်လာတဲ့အတွက်ကြောင့် ဒီကနေ့ပြုလုပ်တဲ့ကော်ဖီဖိုရမ်ကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူရဲ့လမ်းညွှန်မှုနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ညွှန်ကြားမှုနဲ့ ပြုလုပ်ခြင်းဖြစ်ပါတယ်။

အရင်တုန်းကတော့ အစိုးရဌာနတွေက ဦးစီးပြီးကျင်းပတဲ့ အနေအထားမျိုးမရှိခဲ့တာကနေ ဒီနေ့မှာတော့ ပထမဦးဆုံးအကြိမ် ကျွန်တော်တို့ဝန်ကြီးဌာနကနေ ဦးဆောင်ပြီးတော့ ကော်ဖီဖိုရမ်ကျင်းပတာဖြစ်ပါတယ်။ အဓိကကတော့ ကော်ဖီကို နိုင်ငံတကာကလည်း စိတ်ဝင်စားလာသလို ပြည်တွင်းက စားသုံးသူတွေကလည်း ကော်ဖီသောက်တဲ့ အလေ့အထတွေ ပြောင်းလဲလာတဲ့ အနေအထားမျိုးဖြစ်ပါတယ်။ ပြည်တွင်းက လိုအပ်ချက်ကို ဖြည့်ဆည်းပေးပြီး ပြည်ပဝင်ငွေကိုလည်းပဲ ရရှိစေချင်တာကြောင့် ဒီဖိုရမ်ကို ကျင်းပခြင်းဖြစ်ပါတယ်။

**ဦးစိုင်းဝမ်း**

**MCA(Myanmar Coffee Association)**

ဒီဖိုရမ်မှာ Private Sector က တင်ပြခွင့်ရှိတာတွေ၊ ဈေးကွက်အခြေအနေတွေကိုတော့ ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြခွင့်ရတယ်။ ဒီဖိုရမ်ကနေလည်း Productive ဖြစ်တဲ့ မဟာဗျူဟာတစ်ခုတော့ ရေးဆွဲနိုင်မယ်လို့ မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံထုတ်တဲ့ ကော်ဖီရဲ့လက်ရှိအရည်အသွေးကို ဆက်ပြီး ထိန်းသိမ်းထားမယ်ဆိုရင်တော့ ကျွန်တော်ပြောရဲပါတယ်။ ခိုင်မာတဲ့ဈေးကွက်တစ်ခုကတော့ အဆင်သင့်ရှိနေပါတယ်။ ကျွန်တော်တို့ဘက်ကသာ အရည်အသွေးကောင်းတဲ့ ကော်ဖီတွေထုတ်လုပ်နိုင်ဖို့နဲ့ ပိုမိုထုတ်လုပ်နိုင်ဖို့ပဲလိုပါတယ်။ စိုက်ပျိုးတဲ့ တောင်သူတွေဘက်ကကြည့်ရင် လုပ်ဆောင်ရမယ့်အရာတွေ အများကြီးရှိတယ်။ အထွက်နှုန်းတွေတိုးတက်အောင်လုပ်ရမယ်။ အရည်အသွေးမြင့်မားအောင်လုပ်ရမယ်။ သူတို့မှာလည်း အကန့်အသတ်တွေရှိတယ်။ အဓိကအခက်အခဲကတော့ တောင်သူတွေအတွက်ကတော့ ငွေရေးကြေးရေးအခက်အခဲနဲ့ နိုင်ငံတကာဈေးကွက်ကို သူတို့ကိုယ်တိုင် ချိတ်ဆက်နိုင်စွမ်းမရှိတဲ့အခက်အခဲပေါ့။ တောင်သူတွေအနေနဲ့က တကယ်တမ်းပြောရရင် ကော်ဖီစိုက်ပျိုးတဲ့နေရာမှာ သိပ်ခက်ခဲတဲ့ နည်းပညာတွေ မရှိလောက်ဘူး စိုက်ပျိုးတဲ့နေရာမှာပေါ့။ စိုက်ပျိုးတဲ့နေရာမှာခက်ခဲတဲ့ နည်းစနစ်တွေမကြုံတွေ့ရဘူး။ အဓိကပြဿနာက ဘာလဲဆိုတော့ဈေးကွက်မရှိတာ။ တောင်သူတွေကကော်ဖီစိုက်ပျိုးတဲ့နေရာမှာ စနစ်တကျစိုက်ပျိုးမှုနည်းပါးတယ်။ input တွေ ထည့်သွင်းဖို့အားနည်းတယ်။ ဆိုးကျိုးအနေနဲ့ကော်ဖီအထွက်နှုန်းနည်းတယ်။ နောက်ပြီး အသီးသီးတဲ့နေရာမှာလည်း တည်ငြိမ်မှုမရှိဘူး။ အဲဒါတွေက သူတို့ရဲ့ အဓိကစိန်ခေါ်မှုဖြစ်ပါတယ်။ ဒါတွေက အရင်တုန်းက ဈေးကွက်အနေအထားကြောင့် ဒီလိုဖြစ်နေတာလို့ ပြောလို့ရပါတယ်။ အခုရရှိနေတဲ့ ဈေးကွက်တွေ ဈေးနှုန်းတွေက မြန်မာ့ကော်ဖီလောကမှာ ဘယ်တုန်းကမှ မရဖူးတဲ့ ဈေးနှုန်းတွေ၊ ဘယ်တုန်းကမှ မတင်ပို့ဖူးတဲ့ နိုင်ငံတွေနဲ့ဈေးနှုန်းတွေရရှိတာဖြစ်တယ်။ဒီအတိုင်းသာ ဒီဈေးနှုန်းတွေရပြီးတော့ ဈေးကွက်လည်းရှိနေမယ်၊ ဈေးနှုန်းတွေရနေမယ်ဆိုရင် စိုက်ပျိုးရေးရှုထောင့်ကကြည့်ရင် တောင်သူတွေအတွက် သိပ်ခက်ခဲတဲ့ အတားအဆီးမရှိပါဘူး။

ဒီဖိုရမ်ကျင်းပတယ်ဆိုတာထက် ဖိုရမ်ကနေ ကော်ဖီလောကတိုးတက်ဖို့အတွက် ဘာတွေလုပ်ရမယ်ဆိုတဲ့ မဟာဗျူဟာတွေရေးဆွဲဖို့လိုတယ်။ Plan တွေချဖို့လိုတယ်။ ပြီးရင် အဲဒီအတိုင်း အကောင်အထည်ဖော်ဖို့လိုတယ်။ ဒါမှသာလျှင် ကော်ဖီကဏ္ဍ၊ ကော်ဖီလောကတိုးတက်မှာ ဖြစ်တယ်။ ဖိုရမ်တစ်ခုကျင်းပလိုက်ရုံနဲ့ ဘာမှဖွံ့ဖြိုးတိုးတက်လာမှာ မဟုတ်ဘူး။ ဖိုရမ်တစ်ခု ကျင်းပတယ်ဆိုတာ အဖြေရှာတာ။ အဖြေရှာပြီး အဲဒီအဖြေကို ဘယ်လိုဖြေရှင်းမလဲဆိုတာတွေပေါ်မှာ မူတည်ပြီး ဒါတွေကို အခြေခံပြီးတော့မှ outcome က Industry ဘယ်လိုတိုးတက်အောင်လုပ်ရမလဲဆိုတဲ့ အနေအထားကို ရောက်မှာဖြစ်ပါတယ်။ကောင်းတဲ့ဘက်ကို စဉ်းစားပြီးတော့ အကောင်းဆုံးဖြစ်အောင် လုပ်သွားကြဖို့လိုမယ်လို့ ကျွန်တော်ထင်ပါတယ်။

**ဦးဥက္ကာအောင်၊ ကော်ဖီပညာရှင်**

**(Review of Myanmar Coffee Sector)**

ကျွန်တော့်အနေနဲ့ ဒီဖိုရမ်မှာ New Generation တွေအတွက် ဆောင်ရန်ရှောင်ရန်တွေ တင်ပြသွားခြင်းဖြစ်ပါတယ်။ International Export နဲ့ ကျွန်တော်တို့သင်ခဲ့တဲ့ Law ဟောင်းတွေက စိုက်ပျိုးသူတောင်သူတော်တော်များများက ရနေကြပြီ။ အမှုမဲ့အမှတ်မဲ့ကျော်သွားခဲ့တဲ့ အမှားလေးတွေကို သိအောင် ဆွေးနွေးတာဖြစ်ပါတယ်။ ဒီဖိုရမ်ရဲ့အကျိုးကျေးဇူးတွေပဲ ဖြစ်ပါတယ်။ လူငယ်တွေ သတိမမူမိဘဲ လုပ်မိတာတွေ၊ ထပ်လုပ်ရမယ့်နည်းလမ်းတွေကို ဒီဖိုရမ်မှာဆွေးနွေးသွားတာ ဖြစ်ပါတယ်။ New Generation တွေအတွက် ဆောင်ရန်ရှောင်ရန်လေးတွေကို ပြောပြနိုင်တဲ့အတွက် ဒါတွေကိုလိုက်နာရင်ရေရှည်မှာ ကော်ဖီခြံကြီးတွေ တည်တံ့ခိုင်မြဲဖို့အတွက် ကောင်းမွန်ပါတယ်။ နောက်ပြီး လိုက်နာဖို့လည်းလိုပါတယ်။

**ဒေါ်မေသက်လှိုင်၊ ဦးစီးအရာရှိ**

**(ကော်ဖီ-ရာသီသီးနှံဌာနခွဲ၊ကော်ဖီသုတေသနဌာန)**

ဒီကော်ဖီဖိုရမ်ဟာ ကျွန်မတို့အတွက်မှတ်တိုင်တစ်ခုဖြစ်ပါတယ်။ ကော်ဖီအနေနဲ့ ပထမဆုံးပြုလုပ်ခဲ့သလို အစိုးရသစ်လက်ထက်မှာ သီးနှံအားလုံးမှာပထမဆုံးလုပ်တဲ့ ဖိုရမ်လည်းဖြစ်ပါတယ်။ နောက်ပြီး ဌာနဆိုင်ရာအကြီးအကဲတွေ အပါအဝင် နိုင်ငံတော်အပိုင်းကပါ အားပေးဆောင်ရွက်ပြီး နောက်ပိုင်းမှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကပါ ပြခန်းတွေ ခင်းကျင်းပြသပြီး တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ကြတယ်။ ဒီမှာလည်း နည်းပညာမျိုးစုံကို ခေါင်းစဉ်အလိုက် ပညာရှင်တွေက ဆွေးနွေးသွားမှာဖြစ်တဲ့အတွက် ဒီဖိုရမ်ကြီးက တကယ့်ကို အကျိုးရှိပြီးတော့ နောင်ဘာလုပ်ရမယ်ဆိုတဲ့ အဖြေတစ်ခုဟာ ဒီဖိုရမ်ကိုအခြေခံပြီးတော့မှ မဟာဗျူဟာတွေအများကြီး ထွက်လာမယ်။ နောက်ပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းကြီးကို အောင်မြင်လာအောင်၊ရေရှည်ရပ်တည်နိုင်အောင် ကြိုးစားဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ဒီဖိုရမ်ကြီးဟာ မှတ်တိုင်တစ်ခုအနေနဲ့ အရေးပါတဲ့ဖိုရမ်ကြီးတစ်ခုဖြစ်ပါတယ်။

**ဦးမျိုးလေး၊ ရွာငံမြို့နယ်၊ ကော်ဖီခြံစိုက်တောင်သူ**

မိရိုးဖလာစိုက်ပျိုးမှုကနေ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်တွေကို ဒီဖိုရမ်ကနေတစ်ဆင့် သင်ခန်းစာကောင်းတွေ အများကြီးရရှိပါတယ်။ မိရိုးဖလာစိုက်ပျိုးတော့ ဈေးကောင်းမရဘူး။ စနစ်တကျစိုက်ပျိုးနိုင်ဖို့ နိုင်ငံတော်ကလည်း ကူညီမယ်။ ကော်ဖီအစုအဖွဲ့တွေကလည်း ကူညီမယ်ဆိုတော့ ကျွန်တော်တို့လို တောင်သူတွေအနေနဲ့ ကော်ဖီအစုအဖွဲ့တွေဖွဲ့စည်းပြီးတော့ အရည်အသွေးပြည့်မီတဲ့ ကော်ဖီတွေထုတ်လုပ်သွားဖို့ ရည်ရွယ်ထားပါတယ်။

ကျွန်တော်တို့ဒေသမှာ ကော်ဖီကိုတစ်ရွာလုံးနီးပါး စိုက်ပျိုးကြပါတယ်။ ဒီဖိုရမ်ကနေသိရှိလာတဲ့ နည်းစနစ်တွေကို ဒေသမှာရှိတဲ့ ကော်ဖီစိုက်ပျိုးတဲ့အစုအဖွဲ့ကို ပြန်လည်ချပြသွားမှာ ဖြစ်ပါတယ်။ တောင်သူတွေ နည်းစနစ်ကောင်းတွေ လိုက်နာပြီး ဈေးကောင်းရအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီဖိုရမ်က ပေးလိုက်တဲ့ သင်ခန်းစာတွေ၊ ဆောင်ရန်ရှောင်ရန်တွေကို တောင်သူတွေကို ချပြမယ်။ နည်းစနစ်တွေ၊ နည်းလမ်းတွေကို လိုက်နာမယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ညှိနှိုင်းပြီးတော့ အဆင့်မြင့်ထုတ်ကုန်တွေကို ဆက်လက်ထုတ်လုပ်သွားပြီး အဓိကခြံစိုက် တောင်သူတွေကို ဈေးကောင်းရဖို့ စွမ်းဆောင်သွားမှာဖြစ်ပါတယ်။

နောက်ပြီးတော့ ဖိုရမ်ကနေမှတ်သားစရာတွေကို ပြန်ပြီး သင်တန်းတိုတွေ ဆင့်ပွားသင်တန်းတွေပို့ချပြီး တောင်သူတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမယ်။ကော်ဖီအစုအဖွဲ့လေးတွေကို သေချာဖွဲ့စည်းသွားမယ်။ ဖွဲ့ပြီး နည်းစနစ်တကျစိုက်မယ်။ တောင်သူတွေကပဲ အဆင့်မြင့်ထုတ်ကုန်ချောတွေကို ထုတ်မယ်။ ရရှိမယ့်ဈေးကွက်ကို တောင်သူတွေပြည့်ပြည့်ဝဝ ရရှိအောင်ဆောင်ရွက်သွားမယ်။ နိုင်ငံတော်ကရော စိုက်ပျိုးရေး ဦးစီးဌာနကပါ တောင်သူတွေကို ခုလိုပဲ အိမ်တိုင်ရာရောက် စိုက်ပျိုးတဲ့ခြံတွေထဲလိုက်ကြည့်ပြီးတော့ နည်းစနစ်ကောင်းတွေ၊ လိုအပ်တဲ့ ပံ့ပိုးမှုတွေပေးပါလို့ ပြောချင်ပါတယ်။



## လူစုလူဝေးအား စနစ်တကျကိုင်တွယ်ထိန်းသိမ်းခြင်း(ဆင့်ပွား)သင်တန်းဖွင့်

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ လူစုလူဝေးအား စနစ်တကျကိုင်တွယ်ထိန်းသိမ်းခြင်း (ဆင့်ပွား)သင်တန်း အမှတ်စဉ် (၁/၂၀၁၇)ဖွင့်ပွဲကို မေ ၂၂ ရက်က တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က သင်တန်းဖွင့်မိန့်ခွန်း ပြောကြားခဲ့ပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်ကိုဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားရဲတပ်ဖွဲ့ဝင် အရာရှိ၊ အခြားအဆင့် ၁၅၀ နှင့် သတင်းမီဒီယာများ အပါအဝင် စုစုပေါင်း ၁၉၀ ခန့် တက်ရောက်ခဲ့ကြကြောင်း၊ သင်တန်းကို မေ ၂၂ ရက်မှ ဇွန် ၂ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စိုက်ပျိုးစရိတ်ချေးငွေကို အကျိုးရှိအောင်အသုံးပြုကြစို့

သားမောင်မောင်

**စိုက်ပျိုးစရိတ်ချေးငွေ**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအတွက် နှစ်စဉ်ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခဲ့ရာ ယခု ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် မိုးချေးငွေများကို ၂၀၁၇ ခုနှစ် မေ ၂၃ ရက်ကစပြီး ထုတ်ချေးပေးလျက်ရှိပါသည်။

ယခင်က **"အမတော်ကြေး"** လို့ခေါ်ခဲ့တဲ့ တောင်သူတွေအတွက် လိုအပ်တဲ့ စိုက်ပျိုးစရိတ်အရင်းအနှီးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အဖြစ် မပေါ်ပေါက်မီက မြန်မာ့စီးပွားရေးဘဏ် ချေးငွေဌာနက ထုတ်ချေးပေးခဲ့ပြီး အတိုးနှုန်းနည်းတဲ့ ချေးငွေဖြစ်တဲ့အတွက် တောင်သူများအနေဖြင့် အားထားပြီး ချေးယူခဲ့ကြပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အဖြစ် ပေါ်ထွန်းလာပြီးနောက် နိုင်ငံတော်အစိုးရအဆက်ဆက်ရဲ့မူဝါဒများနှင့်အညီ ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်းနည်းနည်းနဲ့ တစ်နှစ်ထက်တစ်နှစ် ချေးငွေပမာဏ တိုးမြှင့်ပြီး ထုတ်ချေးလာခဲ့တာကို အောက်ပါဇယားအရ တွေ့နိုင်ပါသည်-

| စဉ် | ဘဏ္ဍာရေးနှစ် | စိုက်ပျိုးဧက | ၁ ဧကချေးငွေနှုန်းထား | စုစုပေါင်းချေးငွေပမာဏ |
|---|---|---|---|---|
| ၁။ | ၂၀၁၀-၂၀၁၁ | ၁၁,၂၅၇,၉၆၆ | စပါး - ၂၀၀၀၀ ကျပ်<br>အခြား - ၁၀၀၀၀ ကျပ်<br>ချက်ကြံ - ၁၀၀၀၀ ကျပ် | ကျပ် ၁၉၀.၆၈ ဘီလီယံ |
| ၂။ | ၂၀၁၁-၂၀၁၂ | ၁၂,၄၆၂,၈၇၆ | စပါး - ၄၀၀၀၀ ကျပ်<br>အခြား - ၁၀၀၀၀ ကျပ်<br>ချက်ကြံ - ၁၀၀၀၀ ကျပ် | ကျပ် ၃၅၂.၇၂ ဘီလီယံ |
| ၃။ | ၂၀၁၂-၂၀၁၃ | ၁၄,၃၉၀,၉၅၁ | စပါး - ၈၀၀၀၀ ကျပ်<br>အခြား - ၁၀၀၀၀ ကျပ်<br>ချက်ကြံ - ၁၀၀၀၀၀ ကျပ် | ကျပ် ၅၅၇.၈၅ ဘီလီယံ |
| ၄။ | ၂၀၁၃-၂၀၁၄ | ၁၅,၉၂၉,၄၆၁ | စပါး - ၁၀၀၀၀၀ ကျပ်<br>အခြား - ၂၀၀၀၀ ကျပ်<br>ချက်ကြံ - ၁၀၀၀၀၀ ကျပ် | ကျပ် ၁,၁၅၈.၇၃ ဘီလီယံ |
| ၅။ | ၂၀၁၄-၂၀၁၅ | ၁၅,၈၆၃,၇၆၄ | စပါး - ၁၀၀၀၀၀ ကျပ်<br>အခြား - ၂၀၀၀၀ ကျပ်<br>ချက်ကြံ - ၁၀၀၀၀၀ ကျပ် | ကျပ် ၁,၁၆၇.၄၈ ဘီလီယံ |
| ၆။ | ၂၀၁၅-၂၀၁၆ | ၁၄,၅၅၈,၅၄၀ | စပါး - ၁၀၀၀၀၀ ကျပ်<br>အခြား - ၂၀၀၀၀ ကျပ်<br>ချက်ကြံ - ၁၀၀၀၀၀ ကျပ် | ကျပ် ၁,၀၉၁.၄၀ ဘီလီယံ |
| ၇။ | ၂၀၁၆-၂၀၁၇ | ၁၄,၇၂၂,၉၇၇ | စပါး - ၁၅၀၀၀၀ ကျပ်<br>အခြား - ၂၀၀၀၀ ကျပ်<br>ချက်ကြံ - ၁၀၀၀၀၀ ကျပ် | ကျပ် ၁,၆၃၀.၆၂ ဘီလီယံ |
| ၈။ | ၂၀၁၇-၂၀၁၈ | ၁၇,၀၁၃,၆၀၉ | စပါး - ၁၅၀၀၀၀ ကျပ်<br>အခြား - ၅၀၀၀၀ ကျပ်<br>ချက်ကြံ - ၁၀၀၀၀၀ ကျပ် | ကျပ် ၁,၉၈၀.၆၇ ဘီလီယံ (လျာထား) |

**ချေးငွေနှုန်းထားနှင့်ပမာဏ**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တစ်နှစ်ထက်တစ်နှစ် ချေးငွေပမာဏ တိုးမြှင့်ထုတ်ချေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် စပါးသီးနှံ တစ်ဧကလျှင် ၂၀၁၆-၂၀၁၇ ခုနှစ်ကအတိုင်း ကျပ် ၁၅၀၀၀၀ နှုန်း၊ ချက်ကြံ တစ်ဧကလျှင် ကျပ် ၁၀၀၀၀၀ နှုန်းနှင့် အခြားသီးနှံတွင် ၂၀၁၆-၂၀၁၇ ခုနှစ်က တစ်ဧကလျှင် ကျပ် ၂၀၀၀၀ နှုန်းမှ ကျပ် ၅၀၀၀၀ နှုန်းအထိ တိုးမြှင့်ထုတ်ချေးမည်ဖြစ်ပါသည်။ ချေးငွေပမာဏအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ကျပ် ၁၆၃၀.၆၂ ဘီလီယံထုတ်ချေးခဲ့သော်လည်း ယခု၂၀၁၇-၂၀၁၈ ခုနှစ်တွင် ကျပ် ၁၉၈၀.၆၇ ဘီလီယံထိ ထုတ်ချေးသွားမည်ဖြစ်ပါသည်။

**ချေးငွေအတိုးနှုန်း**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူလယ်သမားများသို့ ချေးငွေထုတ်ချေးရာတွင် နှစ်ချင်းဆပ်ချေးငွေ (တစ်နှစ်အတွင်း ပေးဆပ်ရန်) အဖြစ် ထုတ်ချေးမည်ဖြစ်ပြီး အတိုးနှုန်း တစ်နှစ်၊ ကျပ် ၁၀၀ လျှင် ၈%နှုန်းဖြစ်၍ တစ်လလျှင် ၀.၆၇ ကျပ်သာကျသင့်မည်ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မတည်ငွေရင်းနှင့် လည်ပတ်ငွေနည်းပါးသည့်အတွက် စိုက်ပျိုးစရိတ်ချေးငွေအတွက် လိုအပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်ထံမှ ချေးငွေရယူ၍ တောင်သူများသို့ ထပ်ဆင့်ထုတ်ချေးပေးခြင်းဖြစ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့်လည်း နိုင်ငံတော်၏ လူဦးရေအများဆုံးနှင့် လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှုကို အဓိကဆောင်ရွက်နေသော ကျေးလက်နေတောင်သူလယ်သမားများ၏အကျိုးအတွက် အများပြည်သူအပ်နှံစုဆောင်းငွေမှ ၅% အတိုးနှုန်းဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ထုတ်ချေးပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများသို့ ၈% နှုန်းအတိုးဖြင့် ထပ်ဆင့်ထုတ်ချေးခြင်းဖြစ်ပါသည်။

**ချေးငွေထုတ်ချေးမှုအစီအစဉ်**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးရာတွင် ယခင်က ကျေးရွာဘဏ်စနစ်ဖြင့် ကျေးရွာအရောက် ၁၉၉၆-၁၉၉၇ ခုနှစ်အထိ ထုတ်ချေးခဲ့သော်လည်း တောင်သူလယ်သမားများအနေဖြင့် ဘဏ်စနစ်နှင့် ရင်းနှီးကျွမ်းဝင် သိရှိနားလည်စေရန် ရည်ရွယ်၍ ၁၉၉၇-၁၉၉၈ ခုနှစ် မိုးစပါးချေးငွေမှစ၍ ကျေးရွာများအထိ သွားရောက်ထုတ်ချေးခြင်းအစား မြို့နယ်ဘဏ်ခွဲများတွင်သာ ထုတ်ချေးခြင်းကို ဆောင်ရွက်ခဲ့ရာ ယနေ့အထိဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ခုနှစ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲများအနေဖြင့် ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် မိုးချေးငွေကို ၂၀၁၇ ခုနှစ် မေလမှ စက်တင်ဘာလကုန်အထိ လည်းကောင်း၊ ဆောင်းချေးငွေကို ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ လည်းကောင်း၊ မိုးကြိုချေးငွေကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ မတ်လကုန်အထိ လည်းကောင်း ထုတ်ချေးမည်ဖြစ်သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် အချိန်ကာလကန့်သတ်ချက်၊ လူအင်အားကန့်သတ်ချက်၊ အခြေအနေအရ ၂၀၁၇-၂၀၁၈ ခုနှစ် မိုးချေးငွေထုတ်ပေးခြင်းအား ၂၀၁၇ ခုနှစ် မေ ၂၃ ရက်မှစ၍ သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲများတွင်သာ ယခင်နှစ်ကကဲ့သို့ ထုတ်ချေးမည်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ခုနှစ် ဆောင်းချေးငွေထုတ်ပေးချိန်မှစ၍ ကျေးရွာအုပ်စုများအရောက် သွားရောက်ထုတ်ချေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

တောင်သူလယ်သမားများသို့ ငွေထုတ်ချေးရာတွင် ယခင်ချေးယူထားသည့် စိုက်ပျိုးစရိတ်ချေးငွေ ပြေကြေပြီးသည့် တောင်သူများကို ကျေးရွာ၊ ရပ်ကွက်အလိုက် နေ့ရက်များ သတ်မှတ်၍ ထုတ်ချေးမည်ဖြစ်ပြီး ချေးငွေပေးဆပ်ရန် ကျန်ရှိသည့် တောင်သူများအနေဖြင့်လည်း ချေးငွေပေးဆပ်ပြီးချိန်တွင် ငွေချေးခွင့်ရရှိမည်ဖြစ်ပါသည်။ နှစ်စဉ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် တောင်သူလယ်သမားများ၏ ဆန္ဒအရသာ ထုတ်ချေးလျက်ရှိပြီး ဘဏ်တွင် ငွေစုစာရင်းဖွင့်လှစ်ထားပြီးသူ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ရရှိပြီးသူ (ပုံစံ-၇)မူရင်းတင်ပြနိုင်သူများကို သက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက်အလိုက် ချေးငွေစိစစ်ရေးအဖွဲ့၏ စိစစ်ထောက်ခံချက်၊ ငွေချေးယူသည့် တောင်သူများ အချင်းချင်း (၃-ဦးအဖွဲ့) စုပေါင်းအာမခံချက်ဖြင့် ထုတ်ချေးခြင်းဖြစ်ပါသည်။

တောင်သူလယ်သမားများအနေဖြင့် လယ်ယာကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သောအရင်းအနှီးများကို နည်းလမ်းပေါင်းစုံဖြင့် ရှာဖွေရယူလျက်ရှိရာ ငွေကြေးအရင်းအမြစ်များဖြစ်သည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ကုမ္ပဏီများ၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၊ သမဝါယမအသင်းများ၊ ပုဂ္ဂလိကငွေတိုးချေးစားသူများ၊ အခြားသော ငွေကြေးအဖွဲ့အစည်းများထံမှ ချေးငွေများကို အတိုးနှုန်းမျိုးစုံဖြင့် ရယူဆောင်ရွက်နေကြရပါသည်။ အဆိုပါချေးငွေများတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေမှာ အတိုးနှုန်းအသက်သာဆုံးသော ချေးငွေဖြစ်ကြောင်း တွေ့ရှိရပါသည်။

**နိုင်ငံတော်၏စီးပွားရေးမူဝါဒနှင့်စိုက်ပျိုးစရိတ်ချေးငွေ**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂)ရပ်တွင် ပါဝင်သည့် **"ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်"** ဆိုသည့် မူဝါဒနှင့် **"အိမ်ထောင်စု၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှုရရှိလာစေရေးဆောင်ရွက်ရန်"** ဟူသည့် မူဝါဒကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကြီးကြပ်ညွှန်ကြားမှုနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိအခြေအနေတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေအဖြစ် မိုးသီးနှံ၊ ဆောင်းသီးနှံနှင့် မိုးကြိုသီးနှံများကိုသာ ထုတ်ချေးပေးလျက်ရှိသော်လည်း နောင်တွင် အခြားသီးနှံများ၊ စိုက်ပျိုးရေးအထောက်အကူပြု စက်ကိရိယာပစ္စည်းများ၊ သွင်းအားစုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော ချေးငွေများကိုပါ ထုတ်ချေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှလည်း အတိုးနှုန်းသက်သာသော စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှစ်ဆင့်ချေးငွေ (Two Step Loan) ရယူ၍ တောင်သူလယ်သမားများ လိုအပ်လျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ၊ လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလုပ်ငန်းများအတွက် ချေးငွေများ ထုတ်ချေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

တောင်သူလယ်သမားများအနေဖြင့်လည်း အတိုးနှုန်းသက်သာသော စိုက်ပျိုးစရိတ်ချေးငွေများကို လယ်ယာကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မသက်ဆိုင်သောကိစ္စရပ်များတွင် သုံးစွဲခြင်းမပြုဘဲ မိမိအတွက်၊ နိုင်ငံနှင့် ပြည်သူ့အတွက် စားနပ်ရိက္ခာဖူလုံစေရေး ပြည်ပပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေး၊ လယ်ယာထွက်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေးလုပ်ငန်းများတွင် ထိရောက်အကျိုးရှိစွာ အသုံးပြုကြရန် တိုက်တွန်းအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေအဖြစ် မိုးသီးနှံ၊ ဆောင်းသီးနှံနှင့် မိုးကြိုသီးနှံများကိုသာ ထုတ်ချေးပေးလျက်ရှိသော်လည်း နောင်တွင် အခြားသီးနှံများ၊ စိုက်ပျိုးရေးအထောက်အကူပြု စက်ကိရိယာပစ္စည်းများ၊သွင်းအားစုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော ချေးငွေများကိုပါ ထုတ်ချေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**



မွန်ပြည်နယ် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒဝင်း ကြီးကြပ်ကွပ်ကဲမှုဖြင့် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာ ဈေးရှေ့၌ မေ ၂၃ ရက်က ပြည်သူလူထုအား မူခင်းပြခန်းယာဉ်ဖြင့် မူခင်းအသိပညာပေးဆောင်ရွက်ရာ သုဓမ္မဝတီနယ်မြေစခန်းမှူး ရဲအုပ်မြင့်ခိုင်က ပညာပေးဆွေးနွေးခဲ့ပြီး ပြည်သူများက ကြည့်ရှုစဉ် နန္ဒကျော်စွာ

## ဖြူးမြို့နယ်တွင် မိုးစပါးချေးငွေ စတင်ထုတ်ချေးလျက်ရှိ

ဖြူး မေ ၂၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် ၂၀၁၇ ခုနှစ် မိုးရာသီ စပါးစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၃ ရက် နံနက်ပိုင်းမှစ၍ မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စတင်ထုတ်ချေးလျက်ရှိသည်။ **(ယာပုံ)**

ယင်းသို့ထုတ်ချေးရာတွင် မေ ၂၃ ရက် နံနက် ၁၀ နာရီမှစတင်၍ ဖြူးမြို့နယ် ခင်တန်းကြီးကျေးရွာအုပ်စုအတွင်းရှိ တောင်သူလယ်သမား ၇၆ ဦးတို့ကို မိုးစပါးတစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် လယ်ဧက ၃၈၆ ဧကအတွက် ချေးငွေပေါင်း ငွေကျပ် ၅၇၉ သိန်းကျပ်ကို လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) ရရှိပြီးသူများအား ထုတ်ချေးသွားမည်ဖြစ်ပြီး ဖြူးမြို့နယ်တွင် ၂၀၁၇ ခုနှစ် မိုးစပါးစိုက်ဧက ၁၁၁၄၆၆ ဧကတို့အတွက် ငွေကျပ် ၁၆၇၁၉၉ သိန်း ထုတ်ချေးသွားရန် သတ်မှတ်လျာထားကြောင်း သိရသည်။

ဖြူး-မြင့်ဦး



# မန်ချက်စတာမြို့ ကဇာတ်ရုံ၌ဗုံးပေါက်ကွဲမှုဖြစ်ပွား၊ လူ ၂၂ ဦးထက်မနည်း သေဆုံး

**လန်ဒန် မေ ၂၃**

တနင်္လာနေ့က အမေရိကန်အဆိုကျော် အာရီယာနာဂရန်ဒီ ဖျော်ဖြေတင်ဆက်မှု ပြုလုပ်သည့် အင်္ဂလန်နိုင်ငံ မန်ချက်စတာ ကဇာတ်ရုံ၌ အသေခံဗုံးခွဲသမား တစ်ဦးက ဗုံးဖောက်ခွဲခဲ့ရာ ကလေးငယ်များ အပါအဝင် လူ ၂၂ ဦး ထက်မနည်း သေဆုံးကာ လူ ၅၉ ဦး ထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း သိရသည်။ ဗုံးပေါက်ကွဲမှု ဖြစ်ပွားချိန်တွင် ကဇာတ်ရုံအတွင်းရှိ ထောင်နှင့်ချီသော လူအုပ်ကြီးမှာ ကြောက်လန့်တကြား အော်ဟစ်ခဲ့ကြသည်။ ဒဏ်ရာရရှိသူများကို အနောက်မြောက်ပိုင်း လူနာတင်ယာဉ် ဝန်ဆောင်မှုက သက်ဆိုင်ရာ ဆေးရုံများသို့ပို့ဆောင်ပေးခဲ့ပြီး အရေးပေါ်ဆေးကုသမှုများ ခံယူခဲ့ကြရသည်။

**မျက်မြင်သက်သေ**

ပရိသတ်များသည် ကဇာတ်ရုံအတွင်း အော်ဟစ်ကာ အပြင်သို့ ထွက်ပြေးရန် လှေကားဆီသို့ တိုးဝှေ့ပြေးလွှားခဲ့ကြကြောင်းနှင့် အချိန်ခဏလေးအတွင်းမှာပင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ကာ အနိဋ္ဌာရုံ မြင်ကွင်းဖြစ်သွားစေခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

**တွန်းအားပေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ယင်းတိုက်ခိုက်မှုကို ရှုံ့နိမ့်ပြိုလဲနေသည့် မကောင်းဆိုးရွားများ၏ လုပ်ရပ်တစ်ခုဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်ကလည်း ယခုကဲ့သို့ လူသားမဆန်သည့် အပြုအမူမျိုး ကြံစည်ဆောင်ရွက်ခဲ့သူများကို ဆန့်ကျင်ရန် ဗြိတိန်မိတ်ဆွေများနှင့် အတူတကွလက်တွဲကာ ဖြေရှင်းသွားရေးအတွက် တွန်းအားပေးလိုက်သည့် အခြေအနေ တစ်ရပ်ဖြစ်လာနိုင်ကြောင်း ပြောကြားခဲ့သည်။

**ဗုံးဖောက်ခွဲ**

အသေခံဗုံးဖောက်ခွဲသူသည် လူဦးရေ ၂၁၀၀၀ ဆန့်သည့် မန်ချက်စတာ အရီနာ ကဇာတ်ရုံ၌ ည ၁၀နာရီ ၃၃ မိနစ်ခန့်တွင် ဗုံးဖောက်ခွဲမှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ ပေါက်ကွဲမှုဖန်တီးခဲ့သူမှာ အမျိုးသား တစ်ဦးဖြစ်ကြောင်း မန်ချက်စတာ အကြီးအကဲ ကွန်စတေဘယ် အန်ဟော့ကင်းက သတင်းထောက်များသို့ ပြောကြားခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**



ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မန်ချက်စတာ ကဇာတ်ရုံအပြင်ဘက်ရှိ ရဲတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်

# ဒုံးကျည်အမြောက်အမြားထုတ်လုပ်ရန်အတွက် အသင့်ဖြစ်နေပြီဖြစ်ကြောင်း မြောက်ကိုရီးယားပြောကြား



**ပြုံယမ်း မေ ၂၃**

အမေရိကန်အာဏာပိုင်များနှင့် ကျွမ်းကျင်သူပညာရှင်များက မြောက်ကိုရီးယား၏ ဒုံးကျည်ထုတ်လုပ်မှုဆိုင်ရာ တိုးတက်မှုအခြေအနေနှင့် ပတ်သက်၍ မေးခွန်းထုတ်ခဲ့ကြသော်လည်း မြောက်ကိုရီးယားသည် နည်းပညာဆိုင်ရာ လိုအပ်ချက်များ ကိုက်ညီသွားပြီဖြစ်၍ တာလတ်ပစ်ဒုံးကျည်စမ်းသပ်မှုအောင်မြင်ပြီးမြောက်သွားပြီဖြစ်သောကြောင့် တာလတ်ပစ်ဒုံးကျည်အမြောက်အမြားကို ထုတ်လုပ်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်သည် မြောက်ကိုရီးယားပြုလုပ်သည့် ဒုံးကျည်စမ်းသပ်မှုများအပေါ် အကြိမ်ကြိမ်ဝေဖန်ရှုတ်ချခဲ့ပြီး အမေရိကန်၌ အခြေစိုက်နေထိုင်လျက်ရှိသည့် ကျွမ်းကျင်သူ ပညာရှင်များက ပြီးခဲ့သည့်ရက်ပိုင်းတွင် ပြုလုပ်ခဲ့သည့် လောင်စာခဲအမျိုးအစားသုံး ဒုံးကျည်ပုံစံသစ်၏စွမ်းဆောင်နိုင်မှုအရည်အသွေးကိုမေးခွန်းထုတ်ခဲ့ကြသည်။ အမည်မဖော်လိုသူ အမေရိကန်အာဏာပိုင်တစ်ဦးကမူ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ပြုလုပ်ခဲ့သည့် ဒုံးကျည်စမ်းသပ်မှုတွင် အမေရိကန်ကို တိုက်ရိုက်ခြိမ်းခြောက်နိုင်မည့် စွမ်းဆောင်နိုင်မှုမျိုးမရှိခဲ့ကြောင်း ပြောကြားခဲ့သည်။ မြောက်ကိုရီးယားက ပြုလုပ်ခဲ့သည့် ဒုံးကျည်စမ်းသပ်မှုသည် အကြီးစားနျူကလီးယား စွမ်းအားမြှင့်ကျည်ဆန်ထိပ်ဖူးကို ထုတ်လုပ်နိုင်ရန် အရည်အသွေးဆန်းစစ်သည့် စမ်းသပ်မှုဖြစ်ကာ အမေရိကန်အားချိန်ရွယ်နိုင်သည့် အနေအထားရောက်ရှိနိုင်စေလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ရိုက်တာ)**

## ဂျိမ်းစ်ဘွန်း မင်းသားကြီး ရော်ဂျာမိုး ကွယ်လွန်ရှာပြီ



**ဂျီနီဗာ မေ ၂၃**

ဂျိမ်းစ်ဘွန်းမင်းသားအဖြစ် ထင်ရှားကျော်ကြားခဲ့သည့် ဗြိတိသျှရုပ်ရှင်မင်းသားကြီး ဆာရော်ဂျာမိုးသည် အသက် ၈၉ နှစ်အရွယ်တွင် ကင်ဆာရောဂါဖြင့် ဆွစ်ဇာလန်နိုင်ငံတွင် ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။

ဆာရော်ဂျာမိုးသည် ၁၉၇၃ ခုနှစ်က မင်းသားကြီးရှောင်ကွန်နရီထံမှ ဂျိမ်းစ်ဘွန်းမင်းသားအဖြစ်ကို လွှဲပြောင်းယူခဲ့ကြောင်း၊ သူသရုပ်ဆောင်ခဲ့သည့် ဂျိမ်းစ်ဘွန်းဇာတ်ကားပေါင်း ခုနစ်ကားရှိပြီး ဗြိတိသျှစပိုင် ဇာတ်ကောင်အဖြစ် ၁၂ နှစ်ကြာ သရုပ်ဆောင်ခဲ့သည်။

၎င်း၏ ဆန္ဒအတိုင်း မိုနာကိုတွင် မိသားစုသီးသန့်ဈာပနအဖြစ် ကျင်းပမည်ဖြစ်ကြောင်း၊ ဇနီးဖြစ်သူနှင့် သားသမီးသုံးဦး ကျန်ရစ်ခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

# တောင်ကိုရီးယားသမ္မတဟောင်း ပတ်ဂွမ်ဟေးအား ပထမဆုံးအကြိမ်ရုံးထုတ်စစ်ဆေး

**ဆိုးလ် မေ ၂၃**

တောင်ကိုရီးယား သမ္မတဟောင်း ပတ်ဂွမ်ဟေးသည် ပထမဆုံးအကြိမ် ကြားနာမှုခံယူရန် ဆိုးလ်မြို့ တရားရုံးတစ်ခုသို့ မေ ၂၃ ရက်က ရောက်ရှိလာခဲ့ကြောင်း သတင်းဖော်ပြချက်များအရ သိရသည်။

ရာထူးမှ ဖယ်ရှားခံခဲ့ရသော ပတ်ဂွမ်ဟေးသည် လာဘ်ယူမှု၊ အာဏာအလွဲသုံးစားလုပ်မှု၊ ခြိမ်းခြောက်မှုနှင့် အစိုးရလျှို့ဝှက်ချက်များ ပေါက်ကြားစေမှု အပါအဝင် စုစုပေါင်း ရာဇဝတ်မှုဆိုင်ရာ စွဲချက် ၁၈ ချက်နှင့် တရားစွဲဆိုမှုကို ရင်ဆိုင်သွားရမည်ဖြစ်ကြောင်း သိရသည်။ ၎င်းကို စစ်ဆေးရန် ဆိုးလ်မြို့ အလယ်ပိုင်းခရိုင်တရားရုံးသို့ ရုံးထုတ်ခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယား သမ္မတဟောင်းပတ်၏ ပထမဆုံးအကြိမ်ကြားနာမှုကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် တရားသူကြီးသုံးဦးဖြင့် ပြုလုပ်ခဲ့သည်။

အစိုးရရှေ့နေများက ပတ်နှင့်ချိုင်ကို ရာဇဝတ်မှုကြံရာပါများအဖြစ် ယူဆထားကြပြီး ၎င်းတို့သည် ဆမ်ဆောင်းလော့တီနှင့် အက်စ်ကေကဲ့သို့သော စီးပွားရေးလုပ်ငန်းကြီးများမှ အမေရိကန် ဒေါ်လာ ၅၂ သန်း တန်ဖိုးရှိသည့် လာဘ်ပေး လာဘ်ယူမှုများကို ပြုလုပ်ခဲ့သည်ဟု ရှေ့နေများက စွပ်စွဲပြောဆိုထားသည်။

အကျင့်ပျက်ခြစားမှု ပြစ်မှုထင်ရှားပါက ပတ်အနေဖြင့် အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်ကျခံရမည်ဖြစ်သည်။

**(ဆင်ဟွာ)**




# မန်ချက်စတာတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အားကစားကဏ္ဍလုံခြုံရေးကိုမြှင့်တင်ရန် ပြင်သစ်လုပ်ဆောင်

**ပါရီ မေ ၂၃**

အင်္ဂလန်နိုင်ငံ၌ တနင်္လာနေ့က ဖြစ်ပွားခဲ့သည့် မန်ချက်စတာတိုက်ခိုက်မှုအပြီးတွင် ပြင်သစ်နိုင်ငံအတွင်းရှိ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ စီစဉ်ဆောင်ရွက်သူများအား လုံခြုံရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ရန် ပြင်သစ်အစိုးရအဖွဲ့က လမ်းညွှန်မှာကြားခဲ့ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး ဂီရတ်ကိုလမ်က ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံ၏ နေရာတိုင်းတွင် ရှိသမျှနိုင်ငံသားများအားလုံးကို အကောင်းဆုံးကာကွယ်မှုပေးနိုင်ရန်အတွက် အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ စီစဉ်ဆောင်ရွက်သူအကြီးအကဲများအား ညွှန်ကြားထားကြောင်း ရုပ်မြင်သံကြားထုတ်လွှင့်မှု အစီအစဉ်၌ ကိုလမ်က ပြောကြားခဲ့သည်။

ယခုကဲ့သို့ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့အကြီးအကဲများထံသို့ အစိုးရအဖွဲ့၏သတိပေးချက်များဖြင့် လွှမ်းမိုးနေလိမ့်မည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# တပ်မတော်(လေ) အက်ဖ်- ၇ လေယာဉ်မှ လေ့ကျင့်ရေးဗုံးနှစ်လုံး မတော်တဆ ပြုတ်ကျမှုဖြစ်ပွား

**နေပြည်တော်  မေ ၂၃**

တပ်မတော်(လေ) အက်ဖ်-၇ ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ် တစ်စင်းသည် လေ့ကျင့်ပစ်ခတ်မှုဆောင်ရွက်စဉ် ယမန်နေ့ မွန်းတည့် ၁၂ နာရီခန့်က မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမိုင်တိုင်အမှတ် (၂၂/၄) နှင့် ဇရပ်ကုန်းစက်ပစ်ကွင်း အနီးရှိ နှမ်းခင်းအတွင်းသို့ လေ့ကျင့်ရေးဗုံးနှစ်လုံး မတော်တဆပြုတ်ကျခဲ့သော်လည်း လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်သည်။

အဆိုပါ တိုက်ခိုက်ရေးလေယာဉ်သည် ဝေဟင်-မြေပြင်လေ့ကျင့်ပစ်ခတ်ခြင်း ဆောင်ရွက်နေစဉ် လေယာဉ်၏ လက်နက်ပိုင်းဆိုင်ရာ လျှပ်စီးပတ်လမ်း ချွတ်ယွင်းမှုကြောင့် လေ့ကျင့်ရေး ဗုံးနှစ်လုံးမှာ ပစ်မှတ်နေရာတစ်ဝိုက်သို့မရောက်မီ အချိန်မတိုင်မီ မတော်တဆပြုတ်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဗုံးသီးများ ပြုတ်ကျနေရာတစ်ဝိုက်သို့ တပ်မတော်(လေ)မှ ကျွမ်းကျင်ပညာရှင်များဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် လုံခြုံမှုရှိအောင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# နေအိမ်အမိုးလန်ပျက်စီးခဲ့သည့် အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်



**ဆင်ပေါင်ဝဲ  မေ ၂၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်အတွင်း မေ ၂၁ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ထူးပေါက်ကျေးရွာ လေဘေးသင့် အိမ်ထောင်စု သုံးစု၊ ဘုန်းကြီးကျောင်း ဆွမ်းစားဆောင်တစ်ဆောင်နှင့် လက်ပန်ငူကျေးရွာ ဘုန်းကြီးကျောင်း ဓမ္မာရုံတို့အတွက် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ထောက်ပံ့သည့်ပစ္စည်းများအား မေ ၂၃ ရက် နံနက် ၉ နာရီက ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနက ဦးပါမင်းလှိုင်ပူနှင့် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးတို့သည် ကျေးရွာများအရောက် ကွင်းဆင်းလှူဒါန်းကြကြောင်း သိရသည်။

ထို့သို့ ပေးဝေလှူဒါန်းရာတွင် အမျိုးသားဝတ်လုံချည် တစ်ထည်၊ မဝတ်လုံချည် တစ်ထည်၊ တဘက်တစ်ထည်၊ ဆပ်ပြာတစ်တောင့်၊ လူတစ်ဦး တစ်နေ့ လျှင် ဆန်နှစ်လုံး ငွေကျပ် ၃၀၀ နှုန်းဖြင့် လူဦးရေ ၁၂ ဦးအတွက် ဆန်ဖိုးထောက်ပံ့ငွေကျပ် ၂၅၂၀၀၊ အိမ်နှင့်ဘုန်းကြီးကျောင်း (ဆွမ်းစားဆောင်၊ ဓမ္မာရုံ) ဆောက်လုပ်ပစ္စည်းများ ဝယ်ယူရန်အတွက် ထောက်ပံ့ငွေကျပ် ၄၄၀၀၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၄၆၅၂၀၀ တို့အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**ကျောက်ဖြူ  မေ ၂၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ မေ ၂၃ ရက် နံနက်ကကျင်းပသော သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့အစိုးရအဖွဲ့အနေဖြင့် ရှေ့ဆက်လုပ်ရမည့်လုပ်ငန်းစဉ်များအား တာဝန်ယူမှု၊ တာဝန်ခံမှုတို့အား သတ္တိရှိရှိဖြင့် ဥပဒေစည်းမျဉ်း၊ စည်းကမ်းတွေနဲ့အညီ အဂတိကင်းကင်း၊ ပွင့်ပွင့်လင်းလင်းအသိပေး၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် အတွေ့အကြုံ၊ အကြံဉာဏ်များဖြင့် အတူတကွ ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များလည်း ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များဟာ မိမိတို့ဒေသ လူမှုဘဝဖွံ့ဖြိုးတိုးတက်ဖို့အတွက် အောင်အောင်မြင်မြင်နဲ့ အနှစ်သာရရှိရှိနဲ့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညီညီလင်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စီစဉ်လျာထားဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျောက်ဖြူမြို့မိမြို့ဖများနှင့် ကျေးရွာနေပြည်သူများ၏ လိုအပ်ချက်များအား ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ကို တင်ပြတောင်းခံခဲ့ကြရာ ဝန်ကြီးချုပ်က လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပြီး ကျန်ရှိသောလိုအပ်ချက်များကို ပြည်နယ်ဝန်ကြီးများဖြင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ထောက်ပံ့ပစ္စည်းများဖြစ်သော မီးစက်ရှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ရေစုပ်စက်ငါးလုံး၊ ဖိုက်ဘာစက်လှေတစ်စင်း၊ Life Jackets အထည် ၅၀ နှင့် Safetycoat ၂၅ ထည်တို့အား ကျောက်ဖြူမြို့မိမြို့ဖ ဦးထွန်းနုနှင့် ဦးဌေးဝင်းတို့က လက်ခံရယူခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်၊ မြို့နယ်များမှဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ ဥက္ကဋ္ဌများနှင့် စာရေးများ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ခရိုင်ပြန်/ဆက်)**

# ရပ်ကွက်၊ ကျေးရွာလမ်းများ ရေဝပ်ရေလျှံဖြစ်ပေါ်ခြင်းသည် ကျူးကျော်နေထိုင်သူများ၏ စွန့်ပစ်အမှိုက်နှင့် ရေမြောင်းများပေါ်မှ အဆောက်အအုံများကြောင့် ဖြစ်ဟုဆို

**ရန်ကုန်  မေ ၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ယခုမိုးရာသီတွင် ရေဝပ်ရေလျှံမှု လျော့နည်းစေရန် ရေမြောင်းများအတွင်းမှ စွန့်ပစ်အမှိုက်များကို ရှင်းလင်းဆောင်ရွက်လျက်ရှိရာ မေ ၂၃ ရက် နံက်ပိုင်းက အမှတ်(၇)ရပ်ကွက်ရှိ ကျူးကျော်တဲများနေထိုင်ရာ မီးခွက်ဈေးအောက်ထိပ်ရှိ စူလတန်ချောင်းအတွင်းမှ စွန့်ပစ်အမှိုက်များအား စက်ယန္တရားဖြင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ပူးပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီမြို့နယ်မှာ ဒီရပ်ကွက်ကလူဦးရေအများဆုံးဖြစ်သလို ကျူးကျော်နေတဲ့သူလည်း အများဆုံးပဲ။ မိုးရွာတာနဲ့ ရပ်ကွက်ကွန်ကရစ်လမ်းတွေ၊ မြောင်းတွေ ရေမြုပ်တာဟာ ရေစီးချောင်းမကြီးထဲကို အမှိုက်တွေ စွန့်ပစ်လို့ပဲ။ ဒီအောက်ထိပ်ကျူးတဲနေသူတွေက ဈေးသွားတိုင်း ဒီချောင်းထဲကို အမှိုက်ထုပ်တွေပစ်သွားကြတယ်။ မိုးရာသီရောက်တော့ ရေမြောင်းကြီးပိတ်ပြီပေါ့။ ဘယ်သူမှလည်း မပြောကြတော့ နေ့စဉ်ပစ်တဲ့ အမှိုက်တဖြည်းဖြည်း မြင့်တက်လာလေပဲ။ ရေမြောင်းတွေအပေါ်မှာ ဈေးဆိုင်၊ ဆိုင်ခန်းနဲ့ အဆောင်တွေ ဆောက်ကြတော့ ပိုဆိုးတာပေါ့"ဟု ဗိုလ်အောင်ကျော်အိမ်ရာမှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။



မေ ၁၇ ရက် နံနက် ၄ နာရီက စတင်ရွာသည့်မိုးကြောင့် လှိုင်သာယာတွင် ရေဝပ်ရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီး ထိုသို့ဖြစ်ပွားရခြင်းသည် စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များကြောင့် ရေမြောင်းများပိတ်ဆို့ခြင်း၊ ရေမြောင်းပေါ်တွင် ဆောက်လုပ်ထားသော ဈေးဆိုင်၊ အဆောင်နှင့် လူနေဆိုင်ခန်းများကြောင့် ရပ်ကွက်အတွင်း ရေစီးရေလာ ပိတ်ဆို့နေခြင်းဖြစ်၍ အများပြည်သူ သွားလာရေး အဆင်ပြေစေရန်နှင့် လမ်းများ ရေဝပ်ရေလျှံမဖြစ်စေရန် လှိုင်သာယာမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာတို့တွင် မြို့နယ်စည်ပင်သာယာက ရပ်ကွက်များ၏ ရေထွက်ပေါက်များဖြစ်သော ချောင်း၊ မြောင်းများအတွင်း ပိတ်ဆို့နေသည့် စွန့်ပစ်အမှိုက်များကို ရှင်းလင်းဖယ်ရှား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၆၄)**

# မြစ်သားမြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်

**မြစ်သား  မေ ၂၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ခရုတုပ်ကျေးရွာအုပ်စု ကျားမြီးဆွဲကျေးရွာနှင့် လက်ပံပင်ကျေးရွာတို့တွင် မေ ၂၃ ရက် နံနက်၂ နာရီခွဲက မိုးသည်းထန်စွာရွာသဖြင့် လေပြင်းများ တိုက်ခတ်ပြီး အမိုးလန်ခြင်း၊ အိမ်ပြိုခြင်းတို့ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်စွာရွာ၍ လေပြင်းများတိုက်ခတ်ရာတွင် အိမ်ထောင်စု ၁၉ အိမ်၊ လူဦးရေ ၉၇ ဦး၊ ဘုန်းကြီးကျောင်း တစ်ကျောင်း၊ စေတီတစ်ဆူ ထီးတော်မြေခ၊ ဇရပ်တစ်ဆောင်နှင့် ဆွမ်းစားဆောင်တစ်ဆောင်တို့ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုမှာတန်ဖိုးငွေကျပ် ၀ ဒသမ ၅၆၅၂ သန်း ခန့်ရှိကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  မေ ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၂ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၅၈ စီး၊ သွင်းကုန် ၅၇၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၈၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ခုနစ်သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၃၀၈ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၃ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ ဒသမ ၃၀၈ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၀ ရက်က လွယ်ဂျယ်-မိုးမောက် ကားလမ်းမိုင်တိုင်အမှတ် ၃၉ မိုင်နှင့် မိုင် ၄၀ ကြား တရုတ်နိုင်ငံလုပ် မော်တော်ဆိုင်ကယ် ၄၈ စီးရပ်တန့်ထားကြောင်း သတင်းရရှိ၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါ မော်တော်ဆိုင်ကယ် ၄၈ စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၃၀ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ဆိုင်ကယ်များ

# ဒက္ခိဏသီရိမြို့နယ် လမ်းဆုံမီးပွိုင့်၌ ယာဉ်တိုက်မှုဖြစ်ပွား

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေပြည်တော်ဝင်လမ်းနှင့် မိုးသောက်ပန်းလမ်း မီးပွိုင့်လမ်းဆုံတွင် ယာဉ်နှစ်စီးတိုက်မှုဖြစ်ပွားကြောင်း သိရသည်။



ဖြစ်စဉ်မှာ မေ ၂၃ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က ဒက္ခိဏသီရိမြို့နယ် ရွှေပြည်တော်ဝင်လမ်းနှင့် မိုးသောက်ပန်းလမ်း မီးပွိုင့်လမ်းဆုံတွင် ရွှေပြည်တော်ဝင်လမ်းမကြီးအတိုင်း ကံ့ကော်ပန်းအဝိုင်းဘက်မှ သန်းဆွေဝင်း (၃၀ နှစ်) ချင်းရွာ ဥတ္တရသီရိမြို့နယ်နေသူ မောင်းနှင်လာသည့် 2C/----STATION WAGON ယာဉ်သည် မိုးသောက်ပန်းလမ်းအတိုင်း MICC-1 ဘက်မှ ဒက္ခိဏသီရိမြို့နယ် ဘက်သို့ ကျော်မင်းသူ(၂၀ နှစ်) သီရိမာလာလမ်း ဒက္ခိဏသီရိမြို့နယ်နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ဒေါ်ထား (၅၀ နှစ်) နှင့် မဝင်းသန္တာဖြိုး (၁၇ နှစ်)တို့ လိုက်ပါလာသော 6G/---- NISSAN LATIO ယာဉ်နှင့် တိုက်မိခဲ့ရာ 2C/---- ယာဉ်တွင် ယာဘက်ခေါင်းခြမ်း၊ ကိုယ်ထည်ခြမ်းတို့ ပျက်စီးနှင့် 6G/---- ယာဉ်သည် ရှေ့ခေါင်းပိုင်းပျက်စီးခဲ့ပြီး 6G/---- ယာဉ်မောင်း ကျော်မင်းသူတွင် ဒဏ်ရာများရရှိပြီး ဒေါ်ထားတွင် ခေါင်းမူးဝေဒနာ၊ ဝင်းသန္တာဖြိုးတွင် ဒဏ်ရာများ ရရှိခဲ့၍ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ နေပြည်တော် ယာဉ်မှုစစ်ဌာနမှ ရဲအုပ်ဆန်းဝင်း ရောက်ရှိလာပြီး ယာဉ်တိုက်မှုဖြစ်စဉ်တွင် တာဝန်ရှိယာဉ်မောင်းအား စိစစ်ဖော်ထုတ် အရေးယူပေးပါရန် ဒက္ခိဏသီရိမြို့မရဲစခန်းသို့ တိုင်တန်းသဖြင့် ဒက္ခိဏသီရိမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# မိုးကုတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၃**

မိုးကုတ်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၂ ရက်က မိုးကုတ်မြို့နယ် ပြင်ဦးလွင်-မိုးကုတ်သွားကားလမ်း လယ်ကြီးရဲကင်းရှေ့၌ ဟန်သိန်း



မောင်းနှင်ပြီး ကျန်ရှုဝေ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅ သိန်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၁၄ ရက်က ဘားအံမြို့နယ် လှာကမြင်ကျေးရွာအုပ်စု မြိုင်သာယာရပ်ကွက်နေ မြင့်စိုးအောင် (ခ)တိုတို၏အမှုမှ ကွင်းဆက်ပြစ်မှုကျူးလွန်သူ မျိုးမင်းအား ဘားအံမြို့နယ် သာမညကျေးရွာ သာမညတောင်အနီး ရေတံခွန်လမ်းတွင် ပူးပေါင်းအဖွဲ့မှ ဖမ်းဆီးရမိခဲ့ပြီး အမှုများကို သတင်းချိတ်ဆက်၍ မေ ၂၂ ရက်က ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အမှုမှ ကွင်းဆက်ပြစ်မှုကျူးလွန်သူ ဇော်ဝင်းနှင့် ကျော်သူစိုးတို့နှစ်ဦးအား ဘားအံမြို့(၅)ရပ်ကွက်၊ ဘားအံ-လှိုင်းဘွဲ့ကားလမ်း မဲဘောင်တံတားအနီးတွင် ဇော်ဝင်း မောင်းနှင်ပြီး ကျော်သူစိုးလိုက်ပါလာသည့် မော်တော်ယာဉ်နှင့်အတူ တွေ့ရှိ၍ ရှာဖွေရာ ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၂ သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ မေ ၂၂ ရက်က မူးယစ်တပ်ဖွဲ့စု(၂၉)မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းခုတ်မြို့ နောင်တုံရပ်ကွက်(၂)နေ အားခေါင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၊ ဘိန်းစိမ်း ၃ ဒသမ ၁၁ ကီလိုနှင့် မြန်မာငွေကျပ် တစ်သိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ပေါ့ဆမီးကြောင့် လူနေအိမ်လေးလုံး မီးလောင်

**မြစ်ကြီးနား မေ ၂၃**

မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်၌ ယနေ့မွန်းလွဲပိုင်းတွင် ပေါ့ဆမီးကြောင့် လူနေအိမ်လေးလုံး မီးလောင်ခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် နှစ်ထပ်လူနေအိမ် နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ဘေးနှစ်ဖက်ရှိ လူနေအိမ်နှစ်လုံးမှာလည်း အနည်းငယ် မီးလောင်ပျက်စီးခဲ့သည်။

ဖြစ်စဉ်မှာ အိမ်ရှင် ဒေါ်လွင်လွင်အောင် ပိုင်ဆိုင်သည့် အိမ်အမှတ် ၁၇၅ မှ ရေတင်နေစဉ် ဝိုင်ယာရှော့ခ်ဖြစ်ကာ စတင်လောင်ကျွမ်းခဲ့ကြောင်း ကနဦးအရ သိရသည်။

မီးလောင်မှုကြောင့် အိမ်အမှတ် ၁၇၅ နှင့် ၁၇၆ တို့ ပျက်စီးခဲ့ပြီး အိမ်အမှတ် ၁၇၄ နှင့် ၁၇၇ တို့မှာ အနည်းငယ်စီ ပျက်စီးဆုံးရှုံးခဲ့၍ အိမ်ရှင် ဒေါ်လွင်လွင်အောင်အား မြို့မရဲစခန်းက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကနဦးသတင်းအရ သိရသည်။

**စိန်ဝင်း (ပြန်/ဆက်)**



# အမျိုးသားတစ်ဦး မိုးကြိုးထိမှန် သေဆုံးမှုဖြစ်ပွား

**ဖားကန့် မေ ၂၃**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆန်ခါကျေးရွာ ဝါကျဲအကျိုးတူ(၂) တောက်ပသောကြယ်လင်းကျောက်မျက်တူးဖော်ရေး ကုမ္ပဏီ လုပ်ကွက်အတွင်း မေ ၂၂ ရက် ညနေ ၆ နာရီခန့်က အမျိုးသားတစ်ဦး မိုးကြိုးထိမှန် သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် နယ်မြေရဲစခန်း(လုံးခင်)နယ်မြေစခန်းမှူး ဒုရဲမှူး ရဲအောင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း အမျိုးသားတစ်ဦး မိုးကြိုးထိမှန် သေဆုံးနေကြောင်း သိရှိရသဖြင့် သွားရောက်စစ်ဆေးရာ ဦးဂမ်ဘလွတ်(၃၀ နှစ်)ဖားကန့်မြို့နယ်နေသူသည် မိုးများရွာသွန်းချိန် ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီတစ်ခု၏ လုပ်ကွက်အတွင်း ရေမဆေးကျောက်ရှာဖွေနေစဉ် ရုတ်တရက် မိုးကြိုးပစ်လိုက်ရာ ဂမ်ဘလွတ်ကို ထိမှန်ခဲ့သဖြင့် ဒဏ်ရာများရရှိ သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ် မဟုတ် စစ်ဆေးပေးရန် ဒုရဲမှူး ရဲအောင်က နယ်မြေရဲစခန်းသို့ တိုင်တန်းခဲ့သဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းရာဇာ (မြစ်ကြီးနား)**


**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8J/6739 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9D/1584 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၉ယ/၃၈၃၇၇ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်မြတ်လွင် ၅/ထခန(နိုင်)၀၀၅၀၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (မိတ္ထီလာခရိုင်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**

**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၁၀**

ဦးအောင်ဇော်ဦး **နှင့်** ၁။ ဦးသက်နိုင် ၂။ ဦးခန့်
၃။ ဦးမြင့်သောင်း ၄။ ဦးအောင်ကျော်ဦး
၅။ ဦးချစ်ညွန့် ၆။ ဦးသန်းစိုး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ လေးထောင့်ကန် စံပြကျေးရွာအပိုင်၊ အမှတ်(၂)လမ်းမကြီးဘေး၊ အောင်သုခဆန်စက်ဝင်းရှေ့၊ အမှတ်မရှိနေ အမှတ်(၅)တရားပြိုင် ဦးချစ်ညွန့် (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက အောင်သုခဆန်စက်ဝင်း မျက်နှာစာရှေ့တွင် ပိတ်ဆို့နေသော ကျူးကျော်နေအိမ်များအား ဖြိုဖျက်ဖယ်ရှားပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဇွန် ၁၅ရက် (၁၃၇၉ခုနှစ် နယုန်လပြည့်ကျော် ၆ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မေ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဆွေဦး)**
**ဒုတိယခရိုင်တရားသူကြီး(၁၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၁ယ/၇၂၁၂၀ KENBO 110 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း ၇/သဝတ(နိုင်)၀၈၅၂၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
**တင်ဒါအမှတ်စဉ်(၁)၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်**

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ချောင်း၊ မြောင်းတူးဖော်ခြင်းနှင့် တာပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက်အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၇ရက်မှ၂၀-၆-၂၀၁၇ရက်ထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့။
(ဂ) **တင်ဒါလျှောက်လွှာခေါ်ယူရမည့်အကြောင်းအရာ** - ချောင်း၊ မြောင်းတူးဖော်ခြင်းနှင့် တာပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်
(ဃ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ပုသိမ်မြို့။
(င) **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၂၄-၆-၂၀၁၇ရက် - မွန်းတည့် ၁၂:၀၀နာရီ
(စ) **တင်ဒါဖွင့်မည့်ရက်၊ အချိန်၊ နေရာ** - ၃၀-၆-၂၀၁၇ရက် နံနက် ၉:၀၀နာရီ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့။

အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၉၀၀၄၊ ၀၄၂-၂၉၀၀၇ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ဖခင်အမည်မှန်**

မင်းဘူးမြို့နယ်၊ မယ်ဘော့ကုန်းကျေးရွာ၊ အထက(ခွဲ)၊နဝမတန်းမှ မောင်အောင်ဇင်မင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ၈/မဘန(နိုင်) ၁၀၂၀၇၇ ဖြစ်ပါကြောင်း။

**ဦးမြင့်ရွှေ**

**အမည်ပြောင်း**

မင်းဘူး(စကု)မြို့နယ်၊ တောင်မန်းကျေးရွာနေ၊ ဦးသက်လွင် ၈/မဘန(နိုင်)၀၈၁၅၇၇၏ သမီး မဝေမာလွင်အား မနှင်းနှင်းဝေဟု ပြောင်းလဲခေါ်ပါရန်။

**မနှင်းနှင်းဝေ**

**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်**
**ရုံးသုံးနှင့်စက်ပစ္စည်းများ ဝယ်ယူရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ရုံးသုံးနှင့် စက်ပစ္စည်းများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Digital Camera D-7500 5 Nos
(ခ) Fax Machine - 10 Nos
(ဂ) A3 Copier (Black & White) - 6 Nos
(ဃ) Hp Laser Jet Pro P 1102 W Printer - 3 Nos
(င) Projector - 2 Nos
(စ) Finger Print - 3 Nos
(ဆ) UPS Power Tree 1200 VA - 30 Nos
(ဇ) Dell Core i5 Laptop - 15 Nos
(ဈ) 32"TV (LED) - 10 Nos
(ည) Digital Weighting System 1Ton - 5 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၃-၅-၂၀၁၇ ရက်မှ ၂၂-၆-၂၀၁၇ ရက်အထိ နေ့စဉ် နံနက် ၉:၀၀နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၂-၆-၂၀၁၇ရက် နံနက် ၉:၀၀နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၂၃၊၀၆၇-၄၁၂၀၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများ**
**ဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**

**အမည်ပြောင်း**

ကာမိုင်းမြို့၊ အထက ကာမိုင်း ဆဋ္ဌမတန်း(A)မှ မမျိုးမြင့်မြတ်ခင်အား မမျိုးမမကျော်ဟု ပြောင်းလဲခေါ်ဆိုရန်။

**မမျိုးမမကျော်**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ “မန္တလေးမျဉ်းဖြောင့်များ”အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ “မန္တလေးမျဉ်းဖြောင့်များ”ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၇၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ “မန္တလေးမျဉ်းဖြောင့်များ” အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် “တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး” အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော “မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ” ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သနိဂုရ်ဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရှုဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော “တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး” ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# တစ်ဖက်မှာ မြက်ခင်းစိမ်း၊ တစ်ဖက်မှာပိတောက်ရွှေဝါလမ်း လမ်း ၃၀ ပေါ်မှာ

**ဆူးငှက်**

မကြာမီက ပြီးစီးသွားခဲ့သော ပြင်သစ်ကမ္ဘာ့ဖလားပွဲရာသီက လူတိုင်းစေ့နီးပါး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် လှုပ်လှုပ်ရွရွနှင့် စိတ်ဝင်တစားရှိကြရာဝယ် ညကိုးနာရီလွှင့်သော ပွဲသာမက နံနက်တစ်နာရီလွှင့်သောပွဲအထိ မအိပ်နိုင်မစားနိုင် စောင့်စားအားပေးသူများကို မြင်ရသောအခါ ကျွန်တော့်မှာ အလိုလိုနေရင်း မန္တလေးလမ်း ၃၀ ပေါ်က ဗထူးကွင်းကိုသတိရ နေမိသည်။ ယခင် ယူဘီအေကွင်းကို အထက်မြန်မာပြည် ဖက်ဆစ်တော်လှန်ရေးခေါင်းဆောင် ဗိုလ်မှူးကြီးဗထူးကို ဂုဏ်ပြုပြီး လက်ဝှေ့ဦးချစ်အုန်း တိုင်းအားကစားမှူး တာဝန် ယူစဉ်က ဗထူးအားကစားပြိုင်ကွင်းဟု အမည်ပြောင်းခဲ့၏။

ပြင်သစ်ကမ္ဘာ့ဖလားပွဲ တိုက်ရိုက်ထုတ်လွှင့်မှုကို မျက်စိရှေ့ မှောက်အဆင်သင့်လာမှ ကြည့်မိတော့မိတ်ဆွေများက ဘောလုံးပွဲဝါသနာမပါဘူးလားဟု မေးတော့ပြုံးမိ၏။ ကျွန်တော် ဘောလုံးပွဲကို တရိုက်မက်မက်ကြည့်သည့်အချိန်က ဗထူး ကွင်း၏တစ်မတ်တန်းကို ဒလက်အောက်မှ ငုံ့ဝင်ရသည့်အရွယ် ကဖြစ်သည်။ ဦးလေးတွေ၊ အစ်ကိုတွေ၏ စက်ဘီးရှေ့ဘားတန်း ပေါ်က ခုန်တက်လိုက်သွားပြီး ဘောလုံးကွင်းရောက်တော့ ခြေကျဉ်နေ၍တော်တော်နှင့် လမ်းမလျှောက်နိုင်။

ကွင်းကလည်း ယခုကွင်းမဟုတ်သေး။ မြောက်ဘက် ၂၉ လမ်းက အခုလိုလမ်းကျဉ်းမဟုတ်။ ပေမီကိုက်မီ လမ်းကျယ်ကြီး။ ယခုမြောက်ဘက်တန်းဝင်ပေါက်က ၂၉ လမ်းဘက်က ဝင်ရ သည်။ တန်းစီပြီးအပေါက်ကဝင်တော့ လူကကလေးလေးမို့ ဒလက်အောက်ကငုံ့ဝင်ရ၏။ ဤသို့ဖြင့် ပိုက်ဆံပေးစရာ မလိုဘဲ ဒလက်အောက်က ငုံ့ဝင်လိုက်သည်မှာ ဘောလုံးကွင်းကို ပြုပြင် ကာ ပွဲကြည့်စင်တွေ ပြင်ဆင်တိုးချဲ့၊ မြောက်ဘက်တန်းဝင်ပေါက် ကို ယခုမြင်တွေ့ရသည့်အနေအထားတိုင်းအနောက်ဘက်က ဝင်ရသည့်အချိန်အထိ ငုံ့ဝင်ရဆဲ။

ထိုစဉ်က မြောက်ဘက်တန်းက ဝင်ကြေးတစ်မတ်သာ ပေးရသဖြင့် ‘မတ်တန်း’ဟု ခေါ်သည်။ အရှေ့ဘက်တန်းကလည်း မတ်တန်း၊ တောင်ဘက်တန်းက ‘ကျပ်တန်း’၊ အနောက်ဘက် အထူးတန်းအုတ်ခုံက သုံးကျပ်နှင့် ငါးကျပ်ဖြစ်မည်ထင်ပါသည်။ ယခင်လက်ဟောင်းကွင်းကတည်းက တည်ဆောက်ခဲ့သည့် အနောက်ဘက်တန်းပွဲကြည့်စင် နှစ်စင်ကလွဲ၍ ကျန်ပွဲကြည့်စင် များကသစ်သားပွဲကြည့်စင်များသာ ဖြစ်၏။ အထူးတန်းပွဲကြည့် စင်က အုတ်ခုံနှင့်အမိုးနှင့် ဖြစ်သည်။ ထိုအုတ်ခုံနှစ်စင်ကလည်း အရွယ်အစား၊ ပုံသဏ္ဌာန်မတူ။

တောင်ဘက်ခြမ်းပွဲကြည့်စင်က နောက်မှတည်ဆောက် သောကြောင့် ပုံစံကျပြီးကျယ်ဝန်း၏။ မြောက်ဘက်တန်း ပွဲကြည့်စင်က ပုံရိုးကာ ခေတ်နောက်ကျသည်။ ထိုပွဲကြည့်စင် များ သက်တမ်းကား ရွှေရတုတိုင်လုရောပေါ့။ ကျန်သုံးဘက်က သစ်သားပွဲကြည့်စင်များကား နှစ်သုံးဆယ်သက်တမ်းတော့ ရှိလုပြီ။ လမ်း ၃၀ ဘက်ကဝင်ရသော ‘ကျပ်တန်း’ပွဲကြည့်စင် ကမန္တလေးတွင် လေပြင်းကျစဉ်ကလမ်း ၃၀ ဘက်သို့ပြိုလဲကျ ဖူးသည်။ ၁၉၇၀ ကျော်နှစ်များက အသစ်ပြန်လည် တည် ဆောက်သည်။ အမိုးပါ၏။

အရှေ့ဘက် ပွဲကြည့်စင်တွင်ဂိုးအရေအတွက်ပြ ဆိုင်းဘုတ် ကလည်း ထိုပွဲကြည့်စင် ပြန်လည်တည်ဆောက်သည့်အခါမှ ပါရှိလာ၏။ မူလနဂိုက ကွင်း၏ အရှေ့မြောက်ထောင့်၌သာ သီးခြားစင်နှင့်ရှိသည်။ ကျွန်တော်မှတ်မိနေသည်က ထိုပွဲ ကြည့်စင်များကို မန္တလေး၌ ကျောင်းသားပွဲတော်ကြီး ကျင်းပ သည့်နှစ်က ပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော် ကိုးနှစ်၊ ၁၀ နှစ်သားလောက်ဖြစ်မှာပေါ့။

အနောက်ဘက်အထူးတန်းမှာ မန္တလေးမြို့၏ အရာရှိ အရာခံကြီးများ၊ ကုန်သည်ပွဲစား စက်ပိုင်ကြီးများ၊ မြို့ဖများက အများဆုံးကြည့်ကြသည်။ နန်းတွင်းမှ တပ်မတော်အရာရှိကြီး များ အပါအဝင် သတင်းစာဆရာကြီး လူထုဦးလှတို့၊ မင်းသား ရွှေမန်းတင်မောင်တို့၊ မန်းညွန့်ဦးမောင်ကလေးတို့ကိုလည်း တွေ့ရတတ်သည်။ တောင်ဘက်ကျပ်တန်းမှာက ဝန်ထမ်း အများစု ကြည့်ကြသည်။ ရုံးဝန်ထမ်းတွေ၊ ကျောင်းဆရာတွေ၊ ဈေးချိုက ဈေးသည်တွေရှိတတ်သည်။ အရှေ့ဘက်နှင့် မြောက်ဘက်ကတော့ တကယ့်လူတန်းစားစုံ။ အရှေ့ဘက် တန်းမှာ သံဃာငယ်များရှိသည်။ ကျန်လူတွေက ဘတ်စ်ကား သမားများ၊ အငြိမ့်ထောင် ဆရာ၊ လူရွှင်တော်၊ ဖိနပ်ချုပ်သူ၊ ခေတ်ပုံဆရာ၊ ကိုင်းတန်းဈေးအလုပ်သမား၊ ဈေးသည်စသည် ဖြင့် အောက်ခြေလူတန်းစားအစုံဖြစ်၏။ အားလုံးက ညနေပိုင်း ဆိုလျှင် အလုပ်အားလပ်နေကြသောကြောင့် ဘောလုံးပွဲကြည့် ကာ အပန်းဖြေခြင်းပဲဖြစ်သည်။ မြောက်ဘက် မတ်တန်းမှာ သတင်းပေါင်းစုံသည်။ ဟာသပေါင်းစုံသည်။ ပြက်လုံးပေါင်းစုံ သည်။ ရယ်ရမောရသည်။



စာရေးဆရာ၊ သတင်းစာဆရာ လူထုဦးလှ

တစ်ခါတစ်ရံ မတ်တန်းပရိသတ်ဘက်ရောက်လာသော ဘောလုံးကကွင်းထဲသို့ တော်တော်နှင့် ပြန်မရောက်။ ဘောလုံး သမားများကို စပြောင်နေတတ်သည်။ ဘောလုံးသမားများက လည်း ကိုယ့်မြို့သားကိုယ့်အပေါင်းအသင်းများပင် မဟုတ်ပါ လား။ တစ်ခါကတော့ နယ်ဘောလုံးအသင်းတစ်သင်း လာကန် သည်။ ဂိုးသမားလေးက သွေးပူလေ့ကျင့်ခန်း လုပ်ကတည်းက စိတ်လှုပ်ရှား ပျာယာခတ်နေတာ သိသာသည်။ ကွင်းနှင့် ပရိသတ်ကိုလည်း ကြောက်လန့်နေပုံရသည်။ ဂိုးတိုင်ကိုလည်း နဖူးနှင့်ထိကာ ပါးစပ်မှ တတွတ်တွတ်ရွတ် ဆုတောင်းနေ၏။ မတ်တန်းပရိသတ်က သဘောကျသွားသည်။ ဒီနေ့အဖို့ ဘောပွဲ က တန်သွားပြီဟု အချင်းချင်းလက်တို့လိုက်သည်။ မကြာမီ ပွဲစ၏။ နယ်ဂိုးသမားလေး ဂဏာမငြိမ်တော့။ ဘောလုံးက တစ်ဖက်အသင်းကွင်းလယ်ရောက်ရှိသေး သူကဂိုးတိုင်ကို နောက်လှည့် ကြည့်လိုက်၊ ရှေ့ထွက်ဟန်ပြင်လိုက်၊ ခါးညွတ်ပြီး ဘောလုံးရှိရာဘက် စူးစိုက်ကြည့်လိုက်၊ အင်္ကျီလက်ပင့်တင် လိုက်၊ ဘောင်းဘီလိပ်တင်လိုက် ဖြစ်နေသည်။ ထိုအခါ မတ်တန်းပရိတ်သတ်က-

“ရှေ့သိပ်မထွက်နဲ့၊ နောက်ကို နှစ်လှမ်းလောက် ဆုတ် လိုက်၊ ဆုတ်လိုက်”ဟုပြောလျှင် နောက်သို့ နှစ်လှမ်းတိတိဆုတ် ၏။ နောက်မကြာမီ-

“ညာဘက်ဘေးရောက်လွန်းနေတယ်လေ။ ဘယ်ဘက် တစ်လှမ်းတိုးလိုက်ဦး”ဟု ဆိုလျှင် ဘယ်ဘက်တစ်လှမ်း တိုးသည်။

“ ဂိုးသမားက ဘဝင်မြင့်လှချည်လား”ဟု ပရိသတ် တချို့က အော်လျှင်လည်း ပရိသတ်ဘက် လှည့်ကာ လက်ပြ နှုတ်ဆက်လိုက်ပြန်၏။ နောက်သို့လှည့်လိုက်ရ၍ အနေအထား ပျက်သွားလျှင် ပရိသတ်က-

“ ရှေ့ကို သုံးလှမ်းလောက် တက်ထားမှပေါ့ကွ”ဟုပြော တော့သုံးလှမ်းတက်ပြန်သည်။

“ဟာ များသွားပြီ တစ်လှမ်းပြန်ဆုတ် ပြန်ဆုတ်”ဟု အော် တော့ တစ်လှမ်းဆုတ်၏။ ထို့နောက် အဝေးကြီးရှိသောဘောလုံး ကို သားကောင်ချောင်းသလို ချောင်းနေ၏။

“ဘောလုံးကအဝေးကြီးရှိသေးတယ်ကွ၊ ဘာလုပ်မှာလဲ။ သွေးပူအောင်ခုန်နေ၊ ခုန်နေ”ဟုအော်ပြန်လျှင် ခုန်ဆွခုန်ဆွ လုပ်ပြန်သည်။ မတ်တန်း ပရိသတ်က တသောသော ပွဲကျနေကြ ပြီ။ သည်ဂိုးသမားနှင့် သည်ပရိသတ်တွေ့ကြလေပြီ။ ဤသို့ဖြင့် ဂိုးသမားသည်လာသမျှဘောလုံးကို ပရိသတ်၏ ကြီးကြပ် ကွပ်ကဲထိန်းချုပ်မှုဖြင့်ဖမ်းရာ တစ်လုံးမှလက်နှင့် မထိလိုက်ရဘဲ ဝင်လာသမျှ ဘောလုံးပိုက်ထဲသို့ချည်းသာလုံးထွေးနေတော့ ၏။

မတ်တန်းပရိသတ်က ဘောလုံးသမားများကို နာမည်ခေါ်၍ အားပေးရာ၌လည်း တစ်မြို့တည်းသား ရင်းနှီးသူတွေချည်း ဖြစ်နေလေတော့ နာမည်ရင်းကိုမခေါ်၊ အဖေနာမည်ကို ခေါ်၍ အားပေးလေ့ရှိသည်။ ရွှေကြူးဘောလုံးအသင်းမှာ ကစားသော ကျွန်တော့်အစ်ကို ဝမ်းကွဲတစ်ယောက်ကို အားပေးရာ၌ နာမည် မခေါ်ဘဲ ‘စိန်ဖေ’‘စိန်ဖေ’ဟု ဖခင်နာမည်ခေါ်အားပေးတော့ ကျွန်တော့်ဦးလေး ဦးစိန်ဖေမှာ မတ်တန်းက ဘယ်တော့မှ ဘောလုံးပွဲကြည့်ဖို့ ခေါ်မရတော့။ နာမည်ပြောင်ခေါ်၍ အားပေး သောကြောင့်လည်း ထိုနာမည်ပြောင်က တစ်သက်လုံးတည် သွားတာမျိုးလည်းရှိသည်။ စာတိုက်ကြေးနန်းအသင်းက အာရွှတ်ကူးမားကို‘အရှုပ်’ဟုပဲ တွင်သွားတော့၏။

မန္တလေး ဗထူးကွင်းမှာတစ်နှစ်တစ်ခါဆိုသလို ရန်ကုန်မြို့က ပထမတန်းကလပ်အသင်းများ၊ အောင်ဆန်းလက်ရွေးစင် အသင်းများ လာရောက်ခြေစမ်း ကစားတတ်ပါသည်။ ထိုအခါ ညနေလေးနာရီမှ ကစားမည့်ဘောလုံးပွဲကို မွန်းတည့် ၁၂နာရီ လောက်ကတည်းက နေပူကြီးထဲသွား၍ တန်းစီနေရ၏။ ရန်ကုန် က ဘောလုံးသမားများလာလျှင် မန္တလေး ၈၄ လမ်းနှင့် ၂၉လမ်း ထောင့် ထိုင်စိန်ကဖေးကို အမြဲလာတတ်သည်။ ထိုင်စိန်မှာက ပေါက်စီနှင့် ဝက်သားပေါင်းနာမည်ကြီးသည်။ ရန်ကုန်သားတွေ ထိုင်စိန်မှာ ဘီလပ်ရည်ကို ပေါက်စီ၊ ဝက်သားပေါင်းနှင့် စားသောက်တာကို ကျွန်တော်တို့ အံ့သြနေကြ၏။

ကျွန်တော်ကလည်း ဗထူးကွင်းသို့ မသွားမီ နေ့လယ်မှာ ထိုင်စိန်ကို မဖြစ်မနေရောက်ပြီး လက်ဖက်ရည်သောက်ကြ တာလည်း ထုံးစံဖြစ်နေသည်။ ထိုင်စိန်ကို နံနက်ကလည်း တစ်ပြန်ထိုင်ကြတာ နံနက် ၁၀ နာရီ ၁၁နာရီလောက်မှ လူစု ကွဲကြသည်။ ဝင်းလိုက်မှာ ရုပ်ရှင်ကားကောင်းသည့်နေ့၊ ဗထူး ကွင်းမှာ ဘောလုံးပွဲကောင်းသည့်နေ့ဆိုလျှင် လက်ဖက်ရည် ဆိုင်နှစ်ပြန်ထိုင်တာနှင့်ဆို ရေချိုးချိန်တောင်မရတော့ဟု ပြောစမှတ်ဖြစ်၏။

တစ်ခါရန်ကုန်မြို့မှ နာမည်ကြီးကလပ်အသင်းကြီး မန္တလေး မှာ ခြေလာစမ်းသည်။ ဂိုးသမားက နာမည်ကြီး လက်ရွေးစင် ဂိုးသမားကြီး။ နောက်တော့ ရှေ့တန်းသို့တက် ကစားရာတွင် နာမည်ကျော်သည့်ပုဂ္ဂိုလ်။ ထိုဂိုးသမားကြီးက မန္တလေး တက္ကသိုလ်ထဲက သူ့မိတ်ဆွေတစ်ဦးထံ တိုးတိုးတိတ်တိတ် သတင်းပေးသွား၏။ ‘နှစ်’လုံးလွှတ်မှာတဲ့။ လောင်းကြေးမှာက ထုံးစံအတိုင်း ထိုသတင်းကြီးက အထက်ကြေး။ ကျွန်တော့် အစ်ကိုများက လျှို့ဝှက်သတင်းရထားတော့ အောက်ကြေး ထိုင်ကြသည်။

ပထမပိုင်းအကြိတ်အနယ် အပြိုင်အဆိုင် သူနိုင်ကိုယ်နိုင်။ ဟင်ခနဲဟာခနဲနှင့် ရင်တဖိုဖို ကြည့်ရသည်။ ဂိုးမရှိသရေ။ ဒုတိယပိုင်းမှာလည်း ထိုနည်းလည်းကောင်း။ ဘယ်သူ့ဘယ်သူမှ ဂိုးမသွင်းနိုင်။ ဒုတိယပိုင်းမိနစ် ၃၀ကျော်တော့ ဗထူးလက်ရွေး စင်ရှေ့တန်းက ဘောလုံးရသည်။ အလယ်တန်းက တင်ပေး လိုက်သည့် ဘောလုံးကို ဘယ်အစွန်လူက ပြေးပြီးဂိုးရှေ့ရိုက် လိုက်၏။ မန္တလေးရှေ့တန်းလူ ညိုမောင်က တစ်ဖက်အသင်း နောက်တန်းနှစ်ယောက်လောက်ကိုလိမ်ကာ ဂိုးထဲကန်သွင်း သည်။ လက်ရွေးစင်ဂိုးသမားကြီးက ခဲရာခဲဆစ် လုလုပပဒိုက် ထိုးပြီး အသေအလဲကာကွယ်လိုက်သည်။ လျှပ်တစ်ပြက် မြင် ကွင်းအရတော့ ဘယ်လိုမှ မတတ်နိုင်သည့်ဘောလုံး။ သို့သော် သေသေချာချာကြည့်လျှင် ဒိုက်ထိုးရင်းဘောလုံးကို လက်က လေးနှင့် မသိမသာယက်လိုက်၏။ ဘောလုံးက ဂိုးထဲသို့ထောင့် မှဝေ့ပြီး ဝင်သွားသည်။

တစ်ကွင်းလုံး ပွက်လောညံ သွားတော့သည်။ လက်ရွေးစင် ဂိုးသမားကြီးက အားမလိုအားမရ မြေကြီးကို လက်သီးနှင့် ထုပြသည်။ နောက်တန်းကလူတွေက ခါးထောက်ပြီး အချင်း ချင်းအပြစ်ဖို့ပြကြသည်။ ပွဲပြီးခါနီး သုံးမိနစ်ခန့်အလိုမှာ ကလပ် အသင်းကြီး နောက်တန်းက သူ့ဂိုးရှေ့၌ အသေအလဲ ကာကွယ် ရင်း ဘောလုံးကို လက်နှင့်ပုတ်လိုက်သည်။ ထိုအခါ ပယ်နယ်တီ ရ၏။ ဤသို့ဖြင့် ဗထူးလက်ရွေးစင်က နှစ်ဂိုး-ဂိုးမရှိနှင့် နိုင်လိုက် သည်။ ဗထူးကွင်းပရိသတ်ကား ဝမ်းသာအားရမဆုံးတော့။

မန္တလေးဗထူးကွင်းပရိသတ်ကဖြင့် ဒေသစွဲကြီးတယ် ပြောပြော၊ ဘယ်သူနှင့် ကစားကစား မန္တလေးတိုင်းနိုင်မှ ဖြစ် သည်။ ကမ္ဘာမှာ မန္တလေးတိုင်းအကောင်းဆုံးဟုပဲ သတ်မှတ် သည်။ ရန်ကုန်အောင်ဆန်းလက်ရွေးစင်၊ မြန်မာ့ လက်ရွေးစင် မပြောနှင့်၊ ကမ္ဘာ့ချန်ပီယံ ဘရာဇီးနှင့် ကစားလျှင်လည်း ဗထူး ကွင်းမှာသာ ကစားပါက မန္တလေးနိုင်ရမည်ဟု ယုံကြည်ထားကြ သည်။ ညိုမောင်တို့၊ ကိုကိုကြီးတို့ဆိုတာ ဂတ်မူလာတို့၊ ပီလီတို့ ထက်သာသည်ဟု သတ်မှတ်ထား၏။

***(“တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး” ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# ခေတ်မီမြေတိုင်းကိရိယာများဖြင့် Digital မြေပုံရရှိရေးဆောင်ရွက်နေ

**မကွေး မေ ၂၃**

လယ်ယာကဏ္ဍ စာရင်းအင်းကိန်းဂဏန်းများ ကောက်ယူပြုစုသည့်အခါ တိကျမှန်ကန်ခိုင်မာရန်လိုအပ်သည့်အတွက် မကွေးတိုင်းဒေသကြီးအတွင်း၌ သမားရိုးကျမြေပုံများအစား ခေတ်မီမြေတိုင်းကိရိယာများအသုံးပြု၍ Digital မြေပုံများ အစားထိုး အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ခေတ်မီမြေတိုင်းကိရိယာတွေနဲ့ မြေပုံတွေတိုင်းတဲ့အခါမှာ ကိန်းဂဏန်းအချက်အလက်တွေကို မြန်မြန်ဆန်ဆန်နဲ့ မှန်မှန်ကန်ကန် ထုတ်ဖော်ပြောနိုင်မှာဖြစ်ပါတယ်။ တိုင်းအတွင်းမှာရှိတဲ့ စိုက်ရေးပျိုးရေး၊ ကုန်ထုတ်လုပ်မှုတွေ တိုးတက်လာတဲ့ အနေအထားတွေ၊ ဖြစ်ပေါ်လာတဲ့ အနေအထားတွေကို အချိန်နဲ့တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ဖို့ကိုလည်း အမြန်ဆုံး ရရှိလာမှာဖြစ်ပါတယ်"ဟု မကွေးတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဇော်ဝင်းက ပြောသည်။

တိုင်းဒေသကြီးတွင် တိုင်းတာရန်ကွင်းပေါင်း ၁၀၂၁၀ ကျော်၊ အကွက်နှင့် မြို့ကွက်ပေါင်း ၇၈၀ ကျော်ရှိပြီး RTK ဖြင့် တစ်နှစ်လျှင် ကွင်းပေါင်း ၆၅၀ ကို စီမံချက်ချ တိုင်းတာနေကြောင်း၊ သုံးနှစ်ခန့်တိုင်းတာခဲ့ရာ ကွင်းပေါင်း ၁၈၇၀ ကို တိုင်းတာပြီး ဒစ်ဂျစ်တယ်မြေပုံ ဆောင်ရွက်ပြီးဖြစ်ကြောင်း ၎င်းကဆိုသည်။

"တကယ်လို့သာ နှစ်စဉ်နှစ်ဆက် ကွင်းပေါင်း ၆၅၀လောက်ပဲ တိုင်းတာနေမယ်ဆိုရင် အနည်းဆုံး ၁၇ နှစ်လောက်မှ ဒီတိုင်းဒေသကြီးမှာ Digital Map ဖြစ်မယ့်အနေအထားရှိတယ်။ အဲဒီတော့ ခေတ်မီမြေတိုင်းကိရိယာ Total Station တွေ၊ အသုံးပြုမွမ်းမံသင်တန်းက ဆင်းသွားတဲ့ ဝန်ထမ်းတွေနဲ့ မြန်မြန်ဆန်ဆန် Digital Map တွေရရှိဖို့ ရည်ရွယ်လုပ်ဆောင်နေပါတယ်"ဟု လတ်တလောအနေအထားကို တိုင်းဦးစီးမှူးက သုံးသပ်ပြောဆိုသည်။



တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် ဒေသတွင်းမြို့နယ်များမှ မြေတိုင်းဝန်ထမ်း ၄၀ ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို မေ ၂၀ ရက်က ပြုလုပ်ခဲ့ပြီး ခေတ်မီမြေတိုင်းကိရိယာများအသုံးပြု၍ ခုနစ် ရက်ကြာ လက်တွေ့သင်တန်းကို ပို့ချလျက်ရှိရာ ခေတ်မီမြေတိုင်းကိရိယာများ၏ စွမ်းဆောင်ရည်ကြောင့်လည်းကောင်း၊ သုံးစွဲသူတို့၏ စွမ်းဆောင်ရည် တိုးလာခြင်းကြောင့်လည်းကောင်း လုပ်ငန်းတွင်ကျယ်မှုနှင့် တိကျမှုများ ရှိလာမည်ဖြစ်ကြောင်း သင်တန်းဆရာ ဒုတိယဦးစီးမှူး ဦးကျော်လွင်က ပြောသည်။

"စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံတဲ့ စီးပွားရေးမူဝါဒကို ချမှတ်ထားတာဖြစ်တဲ့အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုရင် ပထမဆုံးအချက်က မြေကြီးမြေပုံမှန်ကန်ရေးဟာ အဓိကကျတယ်။ ဒီက စရမယ်။ ဒါဟာ သာမာန်သင်တန်းတစ်ခု မဟုတ်ဘူး"ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်က အလုပ်ရုံဆွေးနွေးပွဲတွင် သင်တန်းသားများအား ပြောကြားသည်။

လက်ရှိအချိန်တွင် တိုင်းဒေသကြီးအတွင်း၌ ခေတ်မီမြေတိုင်းကိရိယာ Hi Target( ZTS-120-120R) ခြောက်လုံး၊ Horizon(HTS-582 M) ခုနစ်လုံး၊ Pentax (R–1505N ) ကိုးလုံး၊ Topcon (ES-150C) လေးလုံး ဖြန့်ကြက်ထားရှိကြောင်း၊ ခွင့်ပြုဝန်ထမ်းအင်အား ၁၃၈၂ ဦးရှိသည့်အနက် ၁၇၂ ဦး လစ်လပ်နေသည့်အတွက် ကွင်းဝန်ထမ်း ၉၀၀ကျော်ဖြင့် မြေတိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်နေရကြောင်း မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။ **ဇေယျတု(မကွေး)**

# ကျေးရွာချောင်းကူး ယာယီသစ်သားတံတားကို ကိုယ့်အားကိုယ်ကိုးဆောက်လုပ်



**မိတ္ထီလာ မေ ၂၃**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ကြက်မောက်ကျေးရွာအုပ်စု ဇီးတောကျေးရွာ၌ယာယီ ချောင်းကူးသစ်သားတံတားကို မိုးရာသီမရောက်မီ အချိန်မီပြီးစီးနိုင်ရေးအတွက် မေ ၁၉ ရက်မှစတင်ပြီး ကျေးရွာနေ ဒေသခံပြည်သူများ၏ စုပေါင်းလုပ်အားဖြင့် ဆောက်လုပ်လျက်ရှိရာ မကြာမီပြီးတော့မည်ဖြစ်ကြောင်း သိရသည်။

"ယာယီတံတား ဆောက်လုပ်ဖို့အတွက် လိုအပ်တာတွေကို မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနဲ့ ကော်မတီဝင် ဌာနဆိုင်ရာတွေက ပံ့ပိုးကူညီတာဖြစ်ပြီး တံတားဆောက်လုပ်ရေးအတွက် ကျေးရွာဒေသခံတွေက စုပေါင်း တာဝန်ယူဆောက်လုပ်တာပါ။ ယာယီတံတားက အရှည် ပေ ၅၀၊ အကျယ် ၆ ပေ၊ အမြင့် ၁၄ ပေရှိ သစ်သားတံတား အမျိုးအစားဖြစ်ပါတယ်"ဟု ဇီးတောကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဌေးအောင်က ပြောသည်။ သာစည်မြို့နယ် ကြက်မောက်ကျေးရွာ အုပ်စုရှိ ဇီးတောကျေးရွာတွင် အိမ်ခြေ ၂၀၂ အိမ်၊ လူဦးရေ ၁၂၀၀ ခန့်ရှိပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်းက မိုးသည်းထန်စွာရွာသွန်း၍ မိတ္ထီလာကန်မှ သာစည်မင်းလှကန်အတွင်းသို့ ရေပို့လွှတ်သည့် ကျေးရွာအနီးရှိချောင်းအတွင်း ရေကြီးကာ အရှည် ၃၂ ပေ၊ အကျယ် ၈ ပေရှိ ကျေးရွာချောင်းကူး သံကူကွန်ကရစ်တံတားမှာ ပြိုကျပျက်စီးသွားခဲ့ရာ သက်ဆိုင်ရာမှ တံတားအသစ်ပြန်လည်တည်ဆောက် မပေးမီကာလအတွင်း ကျေးရွာဒေသခံများ၏ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရန်အတွက် ယာယီ သစ်သားတံတားကို ဆောက်လုပ်ခြင်းဖြစ်ကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကမ္ဘာတစ်ဝန်း AIDS ရောဂါဖြင့် ကွယ်လွန်ခဲ့သူများအတွက် ခြောက်ကြိမ်မြောက် မီးထွန်းဆုတောင်း

**မိုးကောင်း မေ ၂၃**

ကမ္ဘာတစ်ဝန်းမှ AIDS ရောဂါဝေဒနာဖြင့် ကွယ်လွန်ခဲ့ကြသူများနှင့် HIV ရောဂါကူးစက်ခံရသူများ၏ ဘဝများ ငြိမ်းချမ်းကြစေရန် ခြောက်ကြိမ်မြောက် ဖယောင်းတိုင်မီးထွန်း ဆုတောင်းပွဲကို မေ ၂၁ ရက်က မိုးကောင်းမြို့ အထက(၂)ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ဆုတောင်းပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သူအောင်နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းဦးတို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ထို့နောက် ဆုတောင်းပွဲအခမ်းအနားဖြစ်မြောက်ရေးအတွက် စုပေါင်းပါဝင်ကြသော မြို့နယ်ပြည်သူ့ဆေးရုံ၊ နယ်စည်းမထားဆရာဝန်များအဖွဲ့(MSF)(ဟော်လန်)၊ ကမ္ဘာ့ဆရာဝန်များအဖွဲ့(MDM)၊ Phoenix Assoiation၊ MDNM၊ New Star၊ ဒေဝပညာဒါနအဖွဲ့၊ မိုးကောင်းအားမာန်သစ်ကွန်ရက်အဖွဲ့၊ မေတ္တာ၊ အမြဲစိမ်းချစ်သူများအဖွဲ့၊ ဖီးနစ် လူမှုကူညီရေးအဖွဲ့(မိုးကောင်း)နှင့် LAC(မိန်းအေ့စ်ကော်မတီ)အဖွဲ့တို့မှ အဖွဲ့ဝင်များက ဒေဝကျောင်းဆရာတော် ဦးဆောင်၍ ခြောက်ကြိမ်မြောက် မီးထွန်းဆုတောင်းပွဲအခမ်းအနား(6th Candle Light Memorial)ကို ကျင်းပက ဆုတောင်း မီးထွန်းခဲ့ကြကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲကျင်းပ

**စစ်ကိုင်း မေ ၂၃**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို စစ်ကိုင်းခရိုင်အဆင့် အကြိမ်(၂၀)မြောက် ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲကို မေ ၂၁ ရက်က စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စန်း၊ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြသင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးထွန်း၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးအေးမောင်နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များက ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။ ပြိုင်ပွဲတွင် စစ်ကိုင်း၊ မြင်းမူနှင့် မြောင်မြို့နယ်တို့မှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြရာ ပန်းချီပြိုင်ပွဲတွင် ၁၈ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၁၃ဦး၊ ပိုစတာပြိုင်ပွဲတွင် ၂၄ ဦးတို့ ယှဉ်ပြိုင်ကြကြောင်း၊ ပြိုင်ပွဲတွင် ဆုရရှိသူများအား ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခိုင်ဇေယျ**

# တီဘီရောဂါဝေဒနာရှင်များအား အခမဲ့ ဆေးဝါးကုသပေး

**ကျွန်းလှ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး တီဘီတိုက်ဖျက်ရေး ဦးစီးဌာနနှင့် တာဝန်ရှိဌာနများ ပူးပေါင်းပြီး ကျွန်းလှမြို့နယ် ရှမ်းစုကျေးရွာအုပ်စု/တပ်ကုန်းကျေးရွာ ဓမ္မပါလကျောင်းတိုက်၌ တီဘီရောဂါဝေဒနာရှင်များအား အခမဲ့ ကွင်းဆင်းဆေးဝါးကုသပေးခြင်းများ မေ ၂၁ ရက်က ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

တိုင်းဒေသကြီး တီဘီတိုက်ဖျက်ရေးဦးစီးဌာနမှ ဒေါက်တာညိမ်းညိမ်းအေးနှင့် ရောဂါရှာဖွေကုသရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာလင်းထက်ဦး၊ ရောဂါသုံးမျိုးရန်ပုံငွေအစီအစဉ်(3MDG Fund) ရွှေ့လျားဆေးအဖွဲ့တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း(MHAA)မှ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက တီဘီဝေဒနာရှင် ပြည်သူများအား ဓာတ်မှန်ရိုက်ခြင်း၊ သလိပ်ပိုးစစ်ခြင်း၊ သွေးစစ်ပေးခြင်းနှင့် ဆေးကျွေးကုသခြင်းလုပ်ငန်းများ အခမဲ့ ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။



အဆိုပါ ပူးပေါင်းအဖွဲ့အနေဖြင့် ဆက်လက်၍လည်း ကျွန်းလှမြို့နယ်အတွင်းရှိ စုရပ်များတွင် ပြည်သူများအား တီဘီရောဂါရှိမရှိ စမ်းသပ်ဖော်ထုတ်ပေးကာ ရောဂါရှိသူများကို ဆေးတိုက်ကျွေးကုသခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံများလှူဒါန်း

**တောင်တွင်းကြီး မေ ၂၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အရန်မီးသတ်တပ်ရင်းမှ တပ်ဖွဲ့ဝင်များအတွက် မီးသတ်တူညီဝတ်စုံများ ပေးအပ်လှူဒါန်းပွဲကို မေ ၂၁ ရက်က မောင်းတိုင်(၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ဝတ်စုံများလှူဒါန်းပွဲတွင် အလှူရှင်မိသားစုများကိုယ်စား ရပ်မိရပ်ဖတစ်ဦးဖြစ်သည့် ဦးစိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အရန်မီးသတ်တပ်ရင်းကိုယ်စား ဒုတိယတပ်ရင်းမှူး ဦးရဲမြင့်မောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ အဆိုပါ မီးသတ်တူညီဝတ်စုံတစ်စုံလျှင် ငွေကျပ် ၃၅၀၀၀ ကျသင့်ပြီး အလှူရှင်များက ဝတ်စုံ ၁၄ စုံအတွက် စုပေါင်းလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

(၀၈၅)

# တက်ဟုန်း (Dehong) ခရီးသွားမှတ်တမ်း

**အောင်အောင်(IR)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲ(Dehong Prefecture)ရဲ့မြို့တော် မန်စီ(Mangshi)မှာကျင်းပပြုလုပ်မယ့် ပထမအကြိမ် တရုတ်-မြန်မာပညာရှင်အဖွဲ့အဆင့်မြင့်အစည်းအဝေး(The First Myanmar-China Think Tank Forum)ကို ဆောင်းပါးရှင် လေ့လာသူအဖြစ်တက်ရောက်ဖို့ ဖိတ်ကြားခံရတဲ့အတွက် ဒီနှစ် မေလဒုတိယပတ်မှာ တက်ဟုန်းကို ရောက်ရှိခဲ့ပါတယ်။ တက်ဟုန်းပြည်နယ်ခွဲရဲ့အမည်အပြည့်အစုံက တက်ဟုန်းတိုင်နှင့်ဂျင်းဖော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ(Dehong Dai and Jingpo Autonomous Prefecture) ဖြစ်ပါတယ်။ အင်္ဂလိပ်လို Prefecture ကို တရုတ်ကထုတ်တဲ့ မြန်မာစာစောင်တွေမှာ ပြည်နယ်ခွဲလို့ အသုံးပြုထားလို့ ဒီဆောင်းပါးမှာလည်း ပြည်နယ်ခွဲလို့ပဲ သုံးလိုက်ပါတယ်။

အစည်းအဝေးက မေ ၈ ရက်ကနေ မေ ၁၁ ရက် ဆိုပေမယ့် တကယ့်အစည်းအဝေးက တစ်ရက်သာကြာမြင့်ပြီး ကျန်နှစ်ရက်က လေ့လာရေးခရီးစဉ်ဖြစ်ပါတယ်။ လေ့လာရေးတက်ဟုန်းခရီးစဉ်အတွင်း တရုတ်-မြန်မာဆက်ဆံရေး သမိုင်းဝင်နေရာတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ စေတီပုထိုးတွေ၊ ပညာရေးဌာနတွေအပြင် မြန်မာနိုင်ငံဘက်ခြမ်း မူဆယ်မြို့နဲ့မျက်နှာချင်းဆိုင် တရုတ်နယ်စပ်မြို့ဖြစ်တဲ့ ရွှေလီ(Ruili)ကိုလည်း သွားရောက်လေ့လာလည်ပတ်ခဲ့ပါတယ်။

**တက်ဟုန်းတိုင်နှင့် ဂျင်းဖောကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲ**

တက်ဟုန်းတိုင်နှင့် ဂျင်းဖောကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲဟာ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ ယူနန်ပြည်နယ်မှာ တည်ရှိပါတယ်။ တရုတ်နိုင်ငံမှာ ပြည်နယ် အဆင့် ၃၄ ပြည်နယ်ရှိတဲ့အနက် ငါးပြည်နယ်ဟာ တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်(ethnic autonomous province)တွေ ဖြစ်ကြပါတယ်။ ယူနန်ပြည်နယ်ဟာ တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်တစ်ခု မဟုတ်ပေမယ့် ယူနန်ပြည်နယ်ထဲက တက်ဟုန်းပြည်နယ်ခွဲကျတော့ အဲဒီမှာ မြန်မာနိုင်ငံဘက်က ရှမ်းအနွယ်(Dai)နဲ့ ကချင်အနွယ် (Jingpo) လူမျိုးစုတွေ အများအပြားနေထိုင်ကြတဲ့အတွက် တက်ဟုန်းကို တက်ဟုန်းတိုင်နှင့် ဂျင်းဖောကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲဆိုပြီး သတ်မှတ်ပေးထားပါတယ်။ တရုတ်နိုင်ငံမှာ တက်ဟုန်းလို တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲ ၃၀ (တက်ဟုန်းအပါအဝင်) ရှိတယ်လို့ သိရပါတယ်။ ယူနန်ပြည်နယ်မှာ ပြည်နယ်ခွဲ ၁၆ ခုရှိတဲ့အနက် အဲဒီထဲက ရှစ်ခုဟာ (တက်ဟုန်းအပါအဝင်) တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲများ ဖြစ်ကြ ပါတယ်။

တက်ဟုန်းမှာ ရှမ်း(Dai)နဲ့ ကချင်(Jingpo)တွေတင် မကပါဘူး။ မြန်မာဘက်က အခြားတိုင်းရင်းသားတွေ ဖြစ်တဲ့ လီဆူ (Lisu) တို့၊ တအာင်း (De’aung)တို့ အပါအဝင် အခြားလူနည်းစု တိုင်းရင်းသားတွေလည်း မှီတင်းနေထိုင်ကြပါတယ်။ တက်ဟုန်းပြည်နယ်ခွဲတစ်ခုတည်းမှာတင် မျိုးနွယ်မတူတဲ့ တိုင်းရင်းသားအုပ်စုတွေ ၄၀ မက မှီတင်းနေထိုင်ကြလို့ တက်ဟုန်းကို တိုင်းရင်းသားတို့စုရပ်နယ်မြေ (The Home of Ethnic Groups)လို့လည်း လူသိများပါတယ်။

တက်ဟုန်းဟာ ရှမ်းတိုင်းရင်းသားအများအပြား (Dai) စုဝေးနေထိုင်ရာဒေသဖြစ်လို့ တက်ဟုန်းကို ဥဒေါင်းတို့နယ်မြေ (Land of Peacocks) ဆိုပြီးလည်း ခေါ်ဝေါ်သုံးစွဲကြပါတယ်။ ရှမ်းတိုင်းရင်းသားအများစုဟာဗုဒ္ဓဘာသာဝင်များဖြစ်တာကြောင့် တက်ဟုန်းပြည်နယ်ခွဲအတွင်း အထူးသဖြင့် ကျေးရွာတွေမှာ စေတီပုထိုးတွေ အများအပြားတွေ့ရှိရပါတယ်။ လေ့လာမိသလောက် အချို့စေတီပုထိုးတွေဟာ အထိမ်းအမှတ် အမှတ်အသားသဖွယ်သာ တည်ဆောက်ထားတာဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံရဲ့ ဘယ်နေရာမှာမှ မြန်မာအငွေ့အသက်ပါတဲ့ ယဉ်ကျေးမှုတွေ၊ စေတီပုထိုးတွေကို တက်ဟုန်းမှာလောက် မတွေ့ရနိုင်ပါဘူး။ အဲဒီမှာ ရှမ်းပြည်နယ်က လာရောက်သာသနာပြုနေတဲ့ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများလည်း အများအပြားရှိတယ်လို့ သိရပါတယ်။ ဒါကြောင့် တက်ဟုန်းဟာ မြန်မာတို့အမြင်မှာတော့ စေတီပုထိုးပေါများတဲ့နယ်မြေ(Land of Pagodas) ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာအများသိကြတဲ့ ရွှေလီမြို့(Ruili)ဆိုတာ အဲဒီတက်ဟုန်းပြည်နယ်ခွဲထဲမှာ ပါဝင်ပါတယ်။ ၂၀၁၆ စာရင်းဇယားများအရ တက်ဟုန်းပြည်နယ်ခွဲဟာ ၁၁၅၂၆ စတုရန်းကီလိုမီတာ(၄၄၅၁ စတုရန်းမိုင်) ကျယ်ဝန်းပြီးလူဦးရေ ၁ ဒသမ ၂၈ သန်း မှီတင်းနေထိုင်ပါတယ်။ အဲဒီမှာ အဓိကမှီတင်းနေထိုင်တဲ့ လူမျိုးစုတွေက တိုင်(Dai)၊ ဂျင်းဖော(Jingpo)နဲ့ ဟန်တရုတ်(Han)များ ဖြစ်ကြပါတယ်။ လူဦးရေအချိုးအစားကို လေ့လာမယ်ဆိုရင် ၂၀၁၀ သန်းခေါင်စာရင်းများအရ တက်ဟုန်းမှာ ဟန်တရုတ်လူမျိုးက ၅၂ ရာခိုင်နှုန်းနဲ့ ကျန်တိုင်းရင်းသားများက ၄၈ ရာခိုင်နှုန်း မှီတင်းနေထိုင်ကြပါတယ်။ အဲဒီတိုင်းရင်းသားများထဲမှာ တိုင် (Dai)က ၂၉ ရာခိုင်နှုန်း၊ ဂျင်းဖော(Jingpo)က ၁၁ ရာခိုင်နှုန်း၊ လီဆူ(Lisu)က ၂ ဒသမ ၆ ရာခိုင်နှုန်း၊ အာချန်း (Achang) က ၂ ဒသမ ၅ ရာခိုင်နှုန်းနဲ့ တအာင်း (De’ aung) က ၁ ဒသမ ၂ ရာခိုင်နှုန်း မှီတင်းနေထိုင်ကြပါတယ်။

တက်ဟုန်းဟာ ယူနန်ပြည်နယ်ရဲ့ အနောက်ဘက်မှာ တည်ရှိပြီး တက်ဟုန်းပြည်နယ်ခွဲရဲ့မြို့တော်ဟာ မန်စီဖြစ်ပါတယ်။ တက်ဟုန်းဟာ မြန်မာနိုင်ငံနဲ့လည်း ၅၀၃ ဒသမ ၈ ကီလိုမီတာ (၃၁၃ ဒသမ ၀၅မိုင်)လောက် နယ်နိမိတ်ချင်းထိစပ်နေတယ်လို့ သိရပါတယ်။ တက်ဟုန်းဟာ တိုင်းရင်းသားအများအပြား နေထိုင်ရာဒေသဖြစ်လို့ အဲဒီမှာ သက်ဆိုင်ရာတိုင်းရင်းသားပွဲတော်တွေ နှစ်စဉ် စည်စည်ကားကား ကျင်းပလေ့ရှိပါတယ်။ ရှမ်းနှင့် တအာင်းတိုင်းရင်းသားတို့ရဲ့ရိုးရာ ရေသဘင်ပွဲတော်နဲ့ ဂျိမ်းဖောတိုင်းရင်းသားတို့ရဲ့ ရိုးရာမနောပွဲတော်တို့ဟာ အထူးပဲထင်ရှားပါတယ်။ ဒါ့အပြင် အာချန်းတိုင်းရင်းသားတို့ရဲ့အားလုဝေါလောပွဲတော်၊ လီဆူတိုင်းရင်းသားတို့ရဲ့ခေါ်စီပွဲတော်များလည်း ရှိပါတယ်။ တက်ဟုန်းရဲ့အဓိက ဒေသထွက်ကုန်များထဲက တစ်ခုက အမည်းသားခြောက်ဖြစ်ပြီး တက်ဟုန်းက တရုတ်မိတ်ဆွေတစ်ယောက်က အမည်းသားခြောက်အချို့ လက်ဆောင်ထည့်ပေးလိုက်လို့ ကျေးဇူးအထူးတင်မိပါတယ်။

**နှစ်ပြည်တစ်ရွာ**(One village and two countries)

စာရေးသူတို့ တရုတ်-မြန်မာမိတ်ဆွေတွေ ရွှေလီနဲ့ ၁၁ ကီလိုမီတာလောက်ဝေးတဲ့ တိုင် (Dai) ကျေးရွာတစ်ရွာဆီ သွားရောက်လေ့လာကြပါတယ်။ မြန်မာလိုဆိုရင်တော့ ရှမ်းရွာပေါ့။ အဲဒီမှာရွာက တစ်ရွာတည်းဖြစ်ပေမယ့် ရွာတစ်ခြမ်းစီဟာ မြန်မာနဲ့ တရုတ်နိုင်ငံ ပိုင်နက်များဆီမှာ တည်ရှိလို့ နှစ်ပြည်တစ်ရွာလို့ လူသိများပါတယ်။ တရုတ်နိုင်ငံဘက်က မှတ်တမ်းများမှာတော့ အဲဒီ နှစ်ပြည်တစ်ရွာကို တရုတ်နိုင်ငံဘက်က ရင်ကျင်းရွာ(Yinjing ) လို့ ခေါ်ပြီး မြန်မာဘက်ကတော့ မန့်ရှူးရွာ (Mangxiu) လို့ခေါ်ကြောင်း ဖော်ပြထားပါတယ်။ ထပ်ပြီးရှင်းလင်းရရင် ရင်ကျင်းဟာ တရုတ်အပိုင် ရွှေလီဘက်မှာတည်ရှိပြီး မန့်ရှူးကတော့ မြန်မာအပိုင် မူဆယ်ဘက်မှာ တည်ရှိပါတယ်။




**တရုတ်-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်သစ်ပင်**

စာရေးသူဟာ အဖွဲ့သားများနဲ့ ရွာလမ်းတစ်လျှောက် လမ်းလျှောက်ရင်း တရုတ်ဘက်ခြမ်းကနေ မြန်မာဘက်ခြမ်း ကျော်သွားတဲ့အခါ မြန်မာဘက်ခြမ်း ရွာအစပ်မှာတင် မြန်မာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မန့်ဟီးရိုးမြို့နယ် ဦးစီးမှူးရုံးဆိုပြီး အဆောက်အအုံနှင့် ဆိုင်းဘုတ်ကိုတွေ့ပါတယ်။ ခပ်လှမ်းလှမ်းမှာလည်း မန့်ဟီးရိုးမြို့ဆိုပြီး ကွန်ကရစ်ဆိုင်းဘုတ်တစ်ခု အခိုင်အခံ့တည်ထောင်ထားတာတွေ့ပါတယ်။ အဲဒီဆိုင်းဘုတ်နားအထိ သွားဖို့လုပ်ပေမယ့် တရုတ်ဘက်ခြမ်းက တာဝန်ရှိသူတွေက နယ်ခြားကိုကျော်နေပြီ (မြန်မာဘက်ခြမ်းရွာထဲကိုရောက်နေပြီ)၊ တရုတ်နိုင်ငံဘက်ခြမ်းကို ပြန်ဝင်ဖို့ ဆော်သြနေတာမို့ တရုတ်ဘက်ခြမ်း ပြန်ဝင်လိုက်ရပါတယ်။ တရုတ်ဘက်ခြမ်း ရွာအလယ်မှာလည်း နှစ်ပြည်တစ်ရွာမှ ရေတွင်းဆိုပြီး အမှတ်တရ မြန်မာ၊ တရုတ်၊ တိုင် ဘာသာစကားများနဲ့ ရေးထိုးထားတာတွေ့ရပါတယ်။ ဒါ့အပြင် ရင်ကျင်း နှစ်ပြည်တစ်ရွာ ကောမိန်စာကြည့်တိုက်ဆိုပြီးလည်း ဖွင့်လှစ်ထားပြီး စာကြည့်တိုက်အတွင်းမှာ ကချင်စာ၊ ရှမ်းစာ၊ မြန်မာစာ၊ တရုတ်စာနဲ့ စာအုပ်များကို တွေ့ရပါတယ်။

မြန်မာနိုင်ငံက စာကြည့်တိုက်အများစုလို ဟန်ပြသက်သက်ပဲလား၊ တကယ်အသက်ဝင် သလားဆိုတာတော့ လေ့လာချိန်မရခဲ့ပါ။ စာကြည့်တိုက်အတွင်းက ဝိုက်ဘုတ်မှာ ‘တွေ့ရတာဝမ်းသာပါတယ်’၊ ‘ထမင်းစားပြီးပြီလား’စသည်ဖြင့် မြန်မာစာ အရေးအသားအချို့ကို တွေ့ရပြီး အခြေခံ မြန်မာစာသင်တန်း ဖွင့်လှစ်ပို့ချနေတယ်လို့လည်း သိရပါတယ်။ အခုနှစ်နောက်ပိုင်းများမှာ နှစ်ပြည်တစ်ရွာဆိုပြီး ခရီးသွားများကြားမှာ သတင်းကြီးလာတာကြောင့် တရုတ်ဘက်ခြမ်းရွာမှာ ခရီးသွားတွေ မကြာခဏ လာရောက်လေ့ရှိတယ်လို့သိရပြီး ရွာအတွင်းမှာ စားသောက်ဆိုင်တွေ၊ လက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေနဲ့ သက်ဝင်လှုပ်ရှားနေတာတွေ့ရပါတယ်။

**တရုတ်-မြန်မာ ချစ်ကြည်ရေးသစ်ပင်**(Sino-Myanmar Friendship Tree)

တရုတ်-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်သစ်ပင်(micheliachampaca-tree)ဟာ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲ၊ မန်စီမြို့မန်စီဟိုတယ်ဝင်းအတွင်းလမ်းရဲ့ တစ်ဖက်တစ်ချက်စီမှာ တည်ရှိပါတယ်။ ၁၉၅၆ ခုနှစ်မှာ ထိုစဉ်က မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးဗဆွေနဲ့ တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်းတို့ တရုတ်-မြန်မာချစ်ကြည်ရေး အစွန့်ရှည်တည်တံ့စေရန် ရည်ရွယ်ချက်ဖြင့် အတူတကွ စိုက်ပျိုးခဲ့ကြောင်း သိရပါတယ်။ ချစ်ကြည်ရေးသစ်ပင်နှစ်ပင်အနီးမှ ကျောက်စာတိုင်တစ်ခုစီမှာ “The Sino Myanmar frontier residents gathering in 1956. Tree planted by Mr. U Ba Swe. The Premier of the Union of Myanmar.”“The Sino Myanmar frontier residents gathering in 1956. Tree planted by Mr. Zhou Enlai. The Premier of the people’s Republic of China. လို့ ရေးထိုးထားတာတွေ့ရပါတယ်။ စာရေးသူတို့ အစည်းအဝေးရဲ့ရည်ရွယ်ချက်တစ်ခုကလည်း တရုတ်နဲ့ မြန်မာနှစ်နိုင်ငံ ပြည်သူများအကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးနားလည်မှု တည်ဆောက်ဖို့ ဖြစ်ပါတယ်။ ဒီလိုတစ်ချိန်က မြန်မာနဲ့တရုတ်ဝန်ကြီးချုပ်နှစ်ဦး အတူအတကွ စိုက်ပျိုးခဲ့ကြတဲ့ ချစ်ကြည်ရေးသစ်ပင်များဆီ အစည်းအဝေးတက်ရောက်လာကြတဲ့ စာရေးသူတို့ တရုတ်-မြန်မာမိတ်ဆွေများ အတူတကွ သွားရောက်လေ့လာလည်ပတ်ခြင်းဟာ ဒီခရီးစဉ်ရဲ့အမြင့်ဆုံးအမှတ်တစ်ခုလို့ ဆိုနိုင်ပါတယ်။ မှတ်တမ်းလည်းဖြစ်ပါတယ်။ သမိုင်းလည်းဝင်ပါတယ်။ အဓိပ္ပာယ်လည်း အများကြီးရှိပါတယ်။

ဒါ့အပြင် စာရေးသူတို့ တက်ဟုန်းမှာရောက်ရှိစဉ် ရွှေလီ-မူဆယ်နယ်စပ်ဂိတ်(Ruili-Muse border gate)၊ သစ်သီးဈေး (imported fruits market)၊ တိုင် (ရှမ်း)ရိုးရာလက်မှု အလုပ်ရုံ (Dai Art Works)၊ မော်တော်ဆိုင်ကယ်တပ်ဆင်စက်ရုံ(Yinxiang Motorbike production base)၊ တရုတ်-မြန်မာ ချစ်ကြည်ရေးပြတိုက်(China-Myanmar Friendship Memorial Hall)၊ ကော်ဖီစက်ရုံ (HOGOOD Coffee)၊ မန်စီဘုရား (Mangshi Pagoda)၊ တက်ဟုန်းဆရာများကောလိပ် (Dahong Teacher College)များသို့ သွားရောက်လေ့လာ လည်ပတ်ခဲ့ပါတယ်။

စာရေးသူ ၂၀၁၄ မှာ ဖိတ်ခေါ်မှုမှတစ်ဆင့် တက်ဟုန်းကို ပထမဆုံးအကြိမ် ရောက်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက ရွှေလီမြို့မှာရှိတဲ့ ကျောက်စိမ်းဈေး၊ ပရိဘောဂဈေး၊ ရှမ်းနဲ့ကချင်ကျေးရွာတွေဆီ ရောက်ဖြစ်ခဲ့ပါတယ်။ ချောမောလှပတဲ့ တက်ဟုန်း၊ ရွှေလီ၊ ဂျင်းဖော၊ ကချင် အမျိုးသမီးငယ်များရဲ့ မြူးကြွလှပတဲ့ ကချင်အကအလှများနဲ့ သာယာလှပပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှုနဲ့ မြန်မာအငွေ့အသက်တွေ လွှမ်းမိုးမှုရှိတဲ့ တက်ဟုန်းပထမခရီးစဉ်ဟာ စာရေးသူကို မြန်မာပြည်ပြန်လည်ရောက်ရှိပြီး အချိန်အတော်ကြာသည်အထိ ဖမ်းစားနေခဲ့ပါတယ်။ အခု ဒုတိယအကြိမ်ခရီးစဉ်ကတော့ အထက်မှာဆိုခဲ့သလို ပထမအကြိမ်တုန်းက မရောက်ခဲ့တဲ့ တရုတ်-မြန်မာ ချစ်ကြည်ရေးသစ်ပင်၊ ချစ်ကြည်ရေးပြတိုက်၊ နှစ်ပြည်တစ်ရွာတို့ဆီ ရောက်ရှိဖြစ်ခဲ့တာကြောင့် နိုင်ငံရေးအနှစ်သာရ ပိုရှိသလို လေးနက်မှုလည်း ပိုပါတယ်။

ဒီအစည်းအဝေးကို ကြီးမှူးကျင်းပတဲ့ အဖွဲ့အစည်းတွေက ယူနန်ပြည်နယ်၊ ကူမင်းမြို့ လူမှုရေးသိပ္ပံအကယ်ဒမီကျောင်း(Yunnan Academy of Social Science (YASS)၊ တက်ဟုန်းပြည်နယ်ခွဲ ပါတီကော်မတီ(CPC Committee of the Dehong Dai Jingpo Autonomous Prefecture)၊ တက်ဟုန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရ (People’s Government of the Dehong Dai Jingpo Autonomous Prefecture)၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့(Myanmar Institute for Strategic and International Studies - MISIS) တို့ ဖြစ်ကြပါတယ်။

စာရေးသူကိုဖိတ်ကြားတဲ့ Institute of Myanmar Studies, Yunnan Academy of Social Science (YASS) မှ တာဝန်ရှိသူများနဲ့ ခရီးစဉ်တစ်လျှောက် ကူညီဆောင်ရွက်ပေးကြတဲ့ ကူမင်းနဲ့ တက်ဟုန်းမှ တာဝန်ရှိသူများကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှ ရောက်ရှိနေကြသော မြန်မာနိုင်ငံသား ကျောင်းသား ကျောင်းသူ၊ ဆရာမအဖြစ် တာဝန်ထမ်းဆောင်နေသူများနဲ့လည်း တွေ့ဆုံသိကျွမ်းခွင့် ရခဲ့ပါတယ်။ ကူမင်းအခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး(Consulate-General of the Republic of the Union of Myanmar)မှ မြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်နှင့်တကွ တာဝန်ရှိသူများကလည်း ခရီးစဉ်တစ်လျှောက် ကူညီစောင့်ရှောက်ပေးခဲ့ပါတယ်။ အစစအရာရာ ကူညီမှု များပေးခဲ့တဲ့ မြန်မာကောင်စစ်ဝန်ရုံးနှင့်တကွ မြန်မာနိုင်ငံသား မိတ်ဆွေများ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ မေ ၁၂ ရက်မှာ ကူမင်းကနေ ရန်ကုန်ကို လေကြောင်းနဲ့ ပြန်ရောက်ပါတယ်။ စနေ၊ တနင်္ဂနွေနှစ်ရက်နား၊ တက်ဟုန်း ခရီးစဉ်အတွင်း တရုတ်နှင့် မြန်မာမိတ်ဆွေများ လက်ဆောင်အဖြစ်ထည့်ပေးလိုက်တဲ့ တက်ဟုန်းအမဲသားခြောက်နဲ့ ကူမင်းဘဲကင်များ စားသောက်၊ တက်ဟုန်းခရီးသွား ဆောင်းပါးတစ်ပုဒ် ရေးခြစ်၊ တနင်္လာနေ့မှာ ရုံးပြန်တက်ဖို့ပြင်ဆင်၊ သို့သော်ငြား စိတ်တွေကတော့ တကယ်ကို တက်ဟုန်းမှာ ရှိနေ၊ ရောက်နေတုန်းပါပဲဗျာ။ ။

# အဆီပိုမရှိခဲ့သားစွာတွေ့မြင်ရဦးမည့် ထိပ်ဆင့်အကယ်ဒမီ ရန်အောင်



တောင်ကိုရီးယားနိုင်ငံကို ယခုလဆန်းပိုင်းက သွားရောက်ခဲ့သည့် ထိပ်ဆင့်အကယ်ဒမီရန်အောင် ခွဲစိတ်ကုသမှုတွေ ပြုလုပ်ခဲ့တယ်ဟု သတင်းကြီးခဲ့သည့်အတွက် ပရိသတ်များအကြား ရန်အောင်အတွက် သိလိုသည်များ အလွန်များပြားခဲ့ပြီး ရန်အောင် မည်ကဲ့သို့ ခွဲစိတ်ကုသခဲ့သည်ကိုလည်း စိတ်ဝင်စားလျက်ရှိသည်။

မေ ၁၉ ရက်က ရွှေတိဂုံဘုရားအောင်မြေတွင် ပြုလုပ်သည့် မြို့ပြမဆိုး ရုပ်ရှင်ဇာတ်ကားအတွက် ကန်တော့ပွဲ အခမ်းအနားကျင်းပရာသို့ တက်ရောက်လာသည့် ရန်အောင်အား တွေ့ဆုံ မေးမြန်းရင်း ကိုရီးယားနိုင်ငံရောက် အတွေ့အကြုံများနှင့် စပ်လျဉ်း၍ သိရှိခွင့်ရခဲ့ပါသည်။

"ကိုရီးယားက ကျွန်တော့်အတွက် ပထမဆုံးခရီးစဉ်ပါပဲ။ အားလုံးသိကျတဲ့အတိုင်း စိုးမြတ်သူဇာတို့တွေလည်းပါတယ်။ အနုပညာမောင်နှမတွေနဲ့သွားတဲ့ခရီးမို့ ပျော်စရာလည်းကောင်းတယ်။ ဟိုရောက်တော့ ကျွန်တော့်ကို ဆရာဝန်တွေက ခွဲစိတ်ပြုပြင်ရမယ့် အနေအထားမဟုတ်ဘူးလို့ ပြောတယ်။ ခေတ်ပုံတွေရိုက်ပြီးစစ်ဆေးပေးတယ်။ မျက်နှာဆိုလည်း ဘာမှလုပ်စရာမလိုသေးဘူးလို့ ပြောပါတယ်။ ကျွန်တော်နဲ့အတူသွားတဲ့ မစိုး (စိုးမြတ်သူဇာ)ကတော့ လုပ်စရာလိုတယ်ပေါ့နော်။ သူကိုယ်တိုင်လည်း လုပ်ချင်တယ်။ ဒါကလည်း ခွဲစိတ်တာမဟုတ်ပါဘူး။ နဂိုကတည်းက ရုပ်ရည်က ပြောစရာမလိုဘူး။ သူလုပ်ရမှာက မျက်နှာက အဆီတွေ၊ လက်အဆီတွေ၊ ဗိုက်အဆီတွေ ထုတ်တာပါ။ အခုဆို သူတော်တော်ကို လှသွားတယ်။ အရင် ငယ်ငယ်တုန်းက ပုံလေး ပြန်ဖြစ်သွားတယ်" ဟု ကိုရီးယားအတွေ့အကြုံကိုပြောပြသည်။

ကိုရီးယားသို့သွားရောက်ခဲ့သည့် အနုပညာမောင်နှမများအနေဖြင့် အတွေ့အကြုံ များစွာ ရရှိခဲ့ပြီး တိုးတက်လာသည့် နည်းပညာသစ်များကိုလည်း မြင်တွေ့ခဲ့ရကြောင်း ရန်အောင်က ပြောကြားခဲ့ပြီး "ပြုပြင်စရာလိုတဲ့ မျက်နှာတွေဆိုရင် အများကြီးလုပ်လို့ရတာကို တွေ့ရတယ်။ ကျွန်တော်တို့လို အနုပညာရှင်တွေကတော့ မျက်နှာတစ်ခုလုံးပြောင်းလို့မရပါဘူး။ နည်းနည်းပါးပါး လုပ်လို့ပဲရမှာပေါ့။ အလှအပအတွက်ကတော့ အများကြီး အတွေ့အကြုံတွေ ရခဲ့တာပေါ့။ ပရိသတ်ကြီးစိတ်ဝင်စားသလို ခွဲစိတ်ပြုပြင်ခဲ့တာမျိုးမရှိပါဘူး"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

လက်ရှိတွင် ရန်အောင်က ဆေးသောက်သည့်အနေအထားဖြင့် ခန္ဓာကိုယ်နှင့် အဆီပိုများကို လျှော့ချလျက်ရှိပြီး အလုပ်ပါးသည့် အချိန်တွင် သွားရောက်၍ အဆီပိုများကို ဖယ်ထုတ်ရန်လည်း ရည်ရွယ်ထားသည်။ လက်ရှိတွင် သွေးကျဲနေခြင်းကြောင့် အနာကျက်ရန် ရက်ကြာမည်ဟု ဆိုသဖြင့် ကိုရီးယားတွင် မည်သည့် ပြုပြင်မှုကိုမျှ မလုပ်ဖြစ်ခဲ့ကြောင်းသိရပြီး "သွားဖြစ်မယ်ဆိုရင် ဗိုက်အဆီကထုတ်စရာမလိုဘူး လေ့ကျင့်ခန်းနဲ့ရတယ် ပြောတယ်။ အခြားခန္ဓာကိုယ်က မလိုတဲ့ အဆီတွေတော့ ဖယ်ချင်တယ်။ အဓိကကတော့ မျက်နှာကို ငယ်ငယ်ကလို တင်းရင်းအောင် ဖြစ်ချင်တယ်။ အသက်အရွယ်ရလာတော့လည်း ငယ်ငယ်ကလို မဖြစ်နိုင်တော့ဘူးဆိုတာ လက်ခံရမှာပဲ။ အနည်းအကျဉ်း ထိန်းသိမ်းသွားဖို့တော့ ရှိပါတယ်"ဟု ထိပ်ဆင့်အကယ်ဒမီရန်အောင်က တောင်ကိုရီးယားခရီးစဉ်အကြောင်းကို ပြန်လည်ပြောပြသည်။

**ကိုလင်း**

# ထာဝရလက်တွဲဖို့ဆိုတာ အချစ်တစ်ခုတည်းမရဘူး အပြန်အလှန်နားလည်ဖို့လိုတယ်ဆိုတဲ့ ဝါဆိုမိုးဦး



မိုက်လားပြောကြည့် တေးစီးရီးဖြင့် ပရိသတ်အားပေးမှုများစွာ ရရှိခဲ့ပြီး သရုပ်ဆောင်ပိုင်းတွင်လည်း သေချာအောင် အားထည့်လုပ်ဆောင်နေသည့် ဝါဆိုမိုးဦးက အချစ်ရေးတွင် အပြန်အလှန်နားလည်မှုများဖြင့် ရှေ့ဆက်လျက်ရှိကြောင်း ပြောပြသည်။

"အချစ်တစ်ခုတည်းနဲ့ ထာဝရဖြစ်မလာဘူးလေ။ လက်ရှိအချစ်ရေးက အဆင်ပြေပါတယ်။ အိမ်ထောင်ပြုဖို့တော့ စိတ်ကူးမရှိသေးဘူး။ အပြန်အလှန် နားလည်မှုရှိနေရင် ချစ်ခြင်းက ခိုင်မြဲမယ်လို့ ယုံကြည်တယ်။ ဝါဆို အိမ်ထောင်ရေးထက် အနုပညာအလုပ်တွေကို ပိုလုပ်ခွင့်ရချင်တယ်။ အသက်အရွယ်တစ်ခုရလာရင်တော့ အိမ်ထောင်ပြုမှာပါ။ မိန်းမသားတစ်ဦးအနေနဲ့ အိမ်ထောင်ပြုတယ်ဆိုတာ လွယ်ကူတဲ့ ဆုံးဖြတ်ချက်တော့မဖြစ်သင့်ဘူး"ဟု ၎င်းကပြောသည်။

ကလေးဘဝ ကလေးသရုပ်ဆောင်ဘဝမှသည် အောင်မြင်သည့် အနုပညာရှင်အဖြစ် ကြိုးပမ်းနေသည့် ဝါဆိုမိုးဦးက မည်သည့်ကိစ္စနှင့်ကြုံကြုံ အနုပညာအလုပ်များကို ဆက်လက်လုပ်ဆောင်ရန်သာ ရွေးချယ်မည်ဟု သိရသည်။

**ကိုလင်း**

# ဂျာမန်အဆိုတော် Mikis Weberနှင့် ရိုက်ကူးမည့်ဇာတ်လမ်းတွင် ညှို့လမ်းညွှန်ကောင်မလေး အိချောပို ပါဝင်မည်



**ကိုလင်း**

အနုပညာပျိုးခင်းမှတစ်ဆင့် သရုပ်ဆောင်လောကထဲကို အခြေချဝင်ရောက်လာခဲ့ပြီး ပရိသတ်အားပေးမှုများ ဆက်လက်ရရှိနေသည့် သရုပ်ဆောင် အိချောပိုတစ်ယောက် Focus power production အတွက် ဒါရိုက်တာ မျိုးဇော်အောင်ရိုက်ကူးမည့် ရုပ်ရှင်၌ ဂျာမန်အဆိုတော် Mikis Weber နှင့်အတူ ပါဝင် သရုပ်ဆောင်သွားမည်ဖြစ်သည်။

"ဒီကားမှာ အိချောက ညှို့လမ်းညွှန် ကောင်မလေးတစ်ယောက်နေရာက သရုပ်ဆောင်ရမှာပါ။ မန္တလေးသူ ပုံစံမျိုးလေး ရိုးရိုးယဉ်ယဉ်လေး ဝတ်ဆင်ပြီး သရုပ်ဆောင်ရမှာဖြစ်တဲ့အတွက် အဝတ်အစားတွေလည်း သေချာပြင်ဆင်ထားပါတယ်။

အိချောနေရာက တိုးဂိုက်တစ်ယောက်ဖြစ်တဲ့အတွက် အင်္ဂလိပ်လို ပြောရမယ့် ဇာတ်ဝင်ခန်းတွေလည်း များတယ်ရှင့်။ အခု ဇာတ်ကားကို လက်ခံဖြစ်တာကလည်း ရိုက်မယ့် ဒါရိုက်တာက အိချောရဲ့ ဆရာလည်း ဖြစ်တယ်၊ ဆရာက အိချောတို့အမျိုးသား ယဉ်ကျေးမှုနဲ့ အနုပညာ တက္ကသိုလ်တက်တုန်းက သင်ပေးခဲ့တဲ့ ဆရာဖြစ်ပါတယ်။ ဒီဇာတ်လမ်းထဲက ကာရိုက်တာက ညီမနဲ့လိုက်တယ်၊ ရိုက်မလားဆိုပြီး ဆရာကကမ်းလှမ်းခဲ့တဲ့အတွက် ရိုက်ဖြစ်ခဲ့တာပါ" ဟု အိချောပိုက ပြောကြားသည်။

အောက်တိုဘာတွင်စတင်ရိုက်ကူးရန် ရည်ရွယ်ထားပြီး ယင်းဇာတ်ကားကို မန္တလေး၊ မုံရွာနှင့် တောင်ကြီးတို့တွင် သွားရောက်ရိုက်ကူးမည်ဖြစ်ကာ ဒရမ်မာဇာတ်ကား တစ်ကားဖြစ်ကြောင်းလည်း သိရသည်။

# ချစ်စဖွယ် ဆိုက်လွန်ကလေးများ၏ အလှအပပြိုင်ပွဲ ဆန်ခါတင် ၁၅ ဦး ရွေးချယ်

Yangon Collections ရဲ့ Plus Size Model ပြိုင်ပွဲကို အွန်လိုင်းတွင် ကျင်းပခဲ့ရာ ဝင်ရောက်ယှဉ်ပြိုင်သူ ၂၈၀ ကျော်ရှိခဲ့ပြီး ယင်းတို့အနက်မှ မေ ၂၃ ရက်က Yangon Collectionsမှ ဆန်ခါတင် ၁၅ ဦးကို ပြန်လည်ရွေးချယ်ပေးခဲ့သည်။





မြန်မာနိုင်ငံတစ်ဝန်းရှိ ဆိုက်လွန် အလှမယ်လေးများက ပျော်ရွှင်စွာဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး အားပေးသူများစွာက ဝိုင်းဝန်းရွေးချယ်မှုဖြင့် အလှမယ် ၁၅ ဦး ပြန်လည်ထွက်ပေါ်ခဲ့ခြင်း ဖြစ်သည်။ အလှမယ် ၁၅ ဦးအား ပြန်လည်စိစစ်ရွေးချယ်ပြီး လာမည့် စနေနေ့တွင် Plus Size Winner တစ်ဦး ထွက်ပေါ်လာတော့မည် ဖြစ်သည်။ ယခု ရွေးချယ်မှုစနစ်တွင် အွန်လိုင်း Voting စနစ်တစ်ခုတည်းဖြင့် ရွေးချယ်မည်မဟုတ်ဘဲ Yangon Collections ၏ စီမံသူများနှင့် ခေတ်ပုံဆရာများက အင်တာဗျူးများ မေးမြန်းခြင်းဖြင့်လည်း ပေါင်းစပ်ရွေးချယ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"အွန်လိုင်း voting စနစ်နဲ့ရွေးမယ်ဆိုရင် ရန်ကုန်ကလား နယ်ကလားဆိုတာတွေ၊ single လား၊ relationship လား၊ couple ပုံရိုက်မယ်ဆိုရင်ရော အိမ်က ခွင့်ပြုရဲ့လား၊ Yangon Collections က photo shooting လုပ်ချင်တဲ့ အချိန်တွေမှာ လာနိုင်မလား ဆိုတာတွေကိုပါ ထည့်သွင်းစဉ်းစားဖို့ အခက်အခဲရှိပါတယ်။ Online voting တစ်မျိုးတည်းဆိုရင် Friends များတဲ့သူကနိုင်မှာဖြစ်လို့ အခြားရွေးချယ်မှုတွေ ထည့်သွင်းထားတယ်"ဟု တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ဝင်ရောက်၍ Voting ပေးလိုပါက Yangon Collections စာမျက်နှာသို့ လာရောက်ပေးအပ်နိုင်ပြီး အလှမယ်လေးများ၏ အောက်တွင် ဘာကြောင့်ရွေးချယ်စေချင်သည်ဟုသည့် အကြောင်းအရာကိုလည်း မှတ်ချက်(Comment) ရေးသားထားရန် လိုအပ်ကြောင်း သိရသည်။ **ရှီလာ**

# ငြိမ်းချမ်းရေးကိုရည်ရွယ်သည့် တိမ်ပြာသောနေ့ ရိုက်ကူးမည်

ငြိမ်းချမ်းရေးကို အဓိကထားရည်ရွယ်သည့် တိမ်ပြာသောနေ့ ဇာတ်ကားကို ဒီမိုကရေစီရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် ယခုလကုန်တွင် စတင်ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို မွန်းမြန်မာမီဒီယာက ထုတ်လုပ်ရိုက်ကူးခြင်းဖြစ်ပြီး ဝတ္ထုမှာ ဒေါက်တာထက်အောင် (ဗန်းမော်) ဖြစ်ပြီး ဒါရိုက်တာ ဒေါင်းလွှတ်၊ ဇာတ်ညွှန်း မြမြင့်မိုရ်နှင့် Moon တို့က ရေးသားဖန်တီးထားပြီး သရုပ်ဆောင်များကို ရွေးချယ်ရန်ရှိကြောင်း သိရသည်။

"ဒီဇာတ်ကားဖြစ်မြောက်လာအောင် တိုက်တွန်းကြသူတွေက အဓိက ပြန်ကြားရေးဝန်ကြီးဌာနဖြစ်ပါတယ်။ ပြန်ကြားရေးကနေ ဒီမိုကရေစီ ရက်သတ္တပတ် အမှတ်တရ ရုပ်ရှင်ပွဲတော်ကျင်းပမယ်ဆိုတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ အကြောင်းအရာလေးကိုအခြေခံပြီး ရိုက်မယ်ဆိုတဲ့အတွေးနဲ့ ဒီဇာတ်ကားလေးကို ဖန်တီးဖြစ်မှာပါ။ ဇာတ်ရဲ့ရည်ရွယ်ချက်က အင်မတန်ကောင်းပါတယ်။ ကောင်းကင်ကြီးကို တင်စားပြီး တိမ်တွေအမျိုးမျိုး အရောင်ပြောင်းလဲလာတာကို ကမ္ဘာပေါ်မှာရှိတဲ့သူတွေရဲ့ တိမ်တွေလို လောကဓံအမျိုးမျိုးနဲ့ ခိုင်နှိုင်းပြီး ရိုက်ကူးသွားဖို့ ရည်ရွယ်ထားတယ်"ဟု ဒါရိုက်တာ J2 ဒေါင်းလွှတ်က ပြောကြားသည်။ ရိုက်ကူးထုတ်လုပ်သည့် မီဒီယာသည် ၂၀၁၆ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် ကျောက်စိမ်းကမ္ဘာမြေဇာတ်ကားဖြင့် အထူးဆုကို ရရှိထားခဲ့သည်။ ယခု တိမ်ပြာသောနေ့ ဇာတ်ကားတွင်လည်း တိုင်းရင်းသားများ၏ ပကတိရိုးသားဖြူစင်မှုနှင့် အလှတရားကို ပေါ်လွင်အောင် ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**




အင်္ဂလန်နိုင်ငံတွင် နေထိုင်ကြီးပြင်းခဲ့ပြီး အနုပညာအလုပ်တွေကို လုပ်ကိုင်ဖို့ မြန်မာပြည်မှာ ရှင်သန်ရပ်တည်နေတဲ့ အလှမယ် ရွှေအိမ်စည်ဟာ Starz & Models သင်တန်းမှာ ဂျွန်လွင်ရဲ့ သင်ကြားမှုတွေနဲ့အတူ လာမယ့် အောက်တိုဘာ ၂၅ ရက် ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်မယ့် Miss Grand International 2017 ပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေလုပ်နေတယ်လို့ သိရပါတယ်။ သူနဲ့အတူ ဗီယက်နမ်နိုင်ငံကိုယ်စားပြုအလှမယ် ငုရင်ထရန်ဟုရန်မေလည်း ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မယ်လို့သိရပါတယ်။ အဆိုပါ ဗီယက်နမ် အလှမယ်ဟာ မြန်မာနိုင်ငံတွင်လည်း Myanmar Medial 7 မှာ စီစဉ်ရိုက်ကူးနေတဲ့ ဇာတ်ကားများတွင်လည်း ပါဝင်သရုပ်ဆောင်နေကြောင်း သိရပါတယ်။ အဆိုပါ ယှဉ်ပြိုင်မှုနဲ့ပတ်သတ်ပြီး အလှမယ် ရွှေအိမ်စည်က "ဗီယက်နမ်အလှမယ်ကို ပြိုင်ဘက်အနေနဲ့ ဘယ်လိုမြင်လဲဆိုရင်တော့ ဘယ်လိုမှ မမြင်ပါဘူး။ ကိုယ်လည်းကြိုးစားနေသလို သူလည်း ကြိုးစားနေတယ်ပေါ့နော်။ သူနဲ့အတူ ဗီယက်နမ်မှာ ဆုံကြမယ်။ တွေ့ကြမယ်ပေါ့၊ အလွန်ကြီးကြီးမားမားကြီးတော့ ခေါင်းထဲမှာထည့်မထားပါဘူး။ ပရိသတ်ကတော့ စိတ်ပူကြတယ်။ Facebook မှာ သူ့ရဲ့ Fan တွေက အခိုင်အမာရှိတယ်ပေါ့နော်။ ညီမကတော့ ခေါင်းထဲမှာ တခြား စိတ်ပူစရာတွေနဲ့ စိုးရိမ်စရာတွေရှိတယ်။ သူကိုတော့ စိတ်မပူရတဲ့အရာထဲမှာပါတယ်၊ ကျန်တာဘာမှာ မရှိပါဘူး။ ပြိုင်ပွဲဆိုတာ အနိုင်အရှုံး ဒါပဲရှိတယ်လေ။

ဒီပြိုင်ပွဲမှာ ညီမတို့က ကိုယ့်နိုင်ငံတွင်းမှာဖြစ်နေတဲ့ စစ်ပွဲတွေရပ်အောင် ဘယ်လိုလုပ်ရင်ရနိုင်မလဲဆိုတဲ့ အမေးအဖြေကဏ္ဍလေးကိုဖြေပေးရမယ်"ဟု ရွှေအိမ်စည်က ပြောပြခဲ့ပါတယ်။ **ကိုလင်း**

## ရူပစန္ဒီမန္တလေးဒေဝီ သရဖူရရှိသူ မေသစ္စာမောင် သရဖူပြန်အပ်

မေ ၁၈ရက်တွင် ကျင်းပခဲ့သည့် ရူပစန္ဒီမန္တလေးဒေဝီ သရဖူဆွတ်ခူးရရှိသူ မေသစ္စာမောင်က ရရှိထားသည့် သရဖူအပါအဝင် အခြားဆုများကို မေ ၂၂ရက်တွင် ပွဲကျင်းပရေးတာဝန်ရှိသူများထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

"အဘက်ဘက်ကနေ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။ ကျွန်မရဲ့ကြိုးစားမှုကြောင့် နိုင်ငံကျော် ရုပ်ရှင်မင်းသမီး သန္တာဗိုလ်အပါအဝင် နာမည်ကျော် ပညာရှင်တွေရဲ့ ဆုံးဖြတ်ချက်နဲ့ ဒီဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် သမီးကြိုးစားမှုတွေ အရာမထင်ခဲ့ဘူးလို့ ထင်တဲ့အတွက် သရဖူနဲ့ ဆုကြေးငွေ ကျပ် နှစ်သိန်းခွဲအပါအဝင် အခြားဆုတွေ၊ လက်ဆောင်တွေအားလုံးကို ပြန်လည်ပေးအပ်ခဲ့တယ်။ ကျွန်မ ဖြူစင်တဲ့ Miss တစ်ယောက်အနေနဲ့ ရှင်သန်သွားမယ်"ဟု မေသစ္စာမောင်က ပြောကြားသည်။ အဆိုပါ ပြိုင်ပွဲတွင် Winner ရရှိသူအား ငွေကျပ်ငါးသိန်းချီးမြှင့်ကြောင်း ဆုပေးသည့် အခမ်းအနားတွင် ကြေညာခဲ့သော်လည်း တကယ်တမ်းတွင် ငွေကျပ် နှစ်သိန်းခွဲသာ ရရှိခဲ့ကြောင်း ၎င်းထံမှ သိရှိရသည်။ သို့သော် ကျင်းပသူများဘက်ကလည်း ဆုအားပြန်လည်သိမ်းယူမည်ဟု လူမှုကွန်ရက်မှတစ်ဆင့် ကြေညာထားသည်ကို တွေ့ရသည်။ "ကျွန်မက အစောကြီးကတည်းက ပြန်အပ်ဖို့ရည်ရွယ်ပြီးသားပါ။ ဘဝကိုလည်း အကောင်းဆုံး ဆက်လက်ကြိုးစားပြီး နေထိုင်မယ်"ဟု မေသစ္စာမောင်က ပြောကြားသည်။ **ရှီလာ**

## တစ်ပတ်အတွင်းရုံတင်ပြသသည့် ရုပ်ရှင်ကားသစ်များ

မေ ၁၉ရက်မှ ၂၅ရက်

| | |
|---|---|
| **သမ္မတ** | - လူများကိုခြောက်လှန့်ရန် တစ္ဆေတစ်ကောင်အလိုရှိသည် |
| **သွင်** | - လူများကိုခြောက်လှန့်ရန် တစ္ဆေတစ်ကောင်အလိုရှိသည် |
| **မင်္ဂလာ(၁)** | - ချိုမြိန်သောလက်စားချေခြင်း |
| **ဒဂုံစင်တာ** | - Alien Covenant |
| **နေပြည်တော်** | - Alien Covenant / Bahubali / Guardians of the Galaxy |
| **ရွှေ့ဆောင်** | - King Arthur/ ချိုမြိန်သော လက်စားချေခြင်း |
| **စိန်ဂေဟာ** | - လူများကိုခြောက်လှန့်ရန် တစ္ဆေတစ်ကောင်အလိုရှိသည် |
| **မင်္ဂလာစံပြ** | - ချိုမြိန်သောလက်စားချေခြင်း / လူများကို ခြောက်လှန့်ရန် တစ္ဆေတစ်ကောင်အလိုရှိသည် / King Arthur |
| **မင်္ဂလာဝဇီရာ** | - ချိုမြိန်သော လက်စားချေခြင်း |
| **ဂမုန်းပွင့်လှည်းတန်း** | - Alien Covenant/ ချိုမြိန်သော လက်စားချေခြင်း။ King Arthur/ လူများကိုခြောက်လှန့်ရန် တစ္ဆေတစ်ကောင်အလိုရှိသည် |
| **Junction City** | - Alien Covenant/ ချိုမြိန်သော လက်စားချေခြင်း။ King Arthur/ လူများကိုခြောက်လှန့်ရန် တစ္ဆေတစ်ကောင်အလိုရှိသည် Guardian of the moon |
| **Junction(မော်တင်)** | - ချိုမြိန်သော လက်စားချေခြင်း။ လူများကိုခြောက်လှန့်ရန် တစ္ဆေတစ်ကောင်အလိုရှိသည် |
| **မြရတနာ** | - ချိုမြိန်သောလက်စားချေခြင်း။ အရွယ်သုံးပါးချစ်တတ်သည် |
| **ရွှေဗဟို** | - ချိုမြိန်သောလက်စားချေခြင်း / Alien Covenant / King Arthur |

# ပခုက္ကူခရိုင်အတွင်းမှ ကျေးလက်တစ်ခွင် မျှဝေရေးအစီအစဉ်ဖြင့် သောက်သုံးရေဖူလုံတော့မည်

**ဖေထွဏ်းဇော်(ရေစကြို)**



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်သည် အပူပိုင်းမိုးနည်းဒေသတွင် တည်ရှိပြီး တစ်နှစ် ပျမ်းမျှမိုးရေချိန်မှာ လက်မ ၂၀ ခန့်သာ ရွာသွန်းသောဒေသဖြစ်သည်။ နွေရာသီကာလရောက်ပြီဆိုလျှင် သောက်သုံးရေရှားပါးပြတ်လပ်မှုနှင့် နှစ်စဉ်ကြုံတွေ့ကြရသည်။

ပခုက္ကူခရိုင်တွင် ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်တို့သည် နွေရာသီ၌ အခြားသောမြို့နယ်များထက်ပို၍ သောက်သုံးရေရှားပါးသောမြို့နယ်များဖြစ်ကြသည်။

### ကြိုးပမ်းဖော်ဆောင်

ပခုက္ကူခရိုင်အတွင်းရှိ ကျေးလက်ဒေသ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေအလုံအလောက်ရရှိစေရန် ရေရရှိရေးနည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ထိုကဲ့သို့ဆောင်ရွက်ပေးခဲ့မှုများကြောင့် ယခင်က သောက်သုံးရေရှားပါးပြတ်လပ်မှုများနှင့်ကြုံတွေ့ခဲ့ကြရသော ပခုက္ကူ၊ရေစကြို၊ မြိုင်မြို့နယ်များအတွင်းမှ ကျေးလက်ဒေသများသည် ယခုအခါ သောက်သုံးရေဖူလုံနေပြီး သောက်သုံးရေမလုံလောက်သော ကျေးရွာအချို့ကျန်ရှိနေသည့်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မျှဝေရေးအစီအစဉ်ဖြင့် တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းကာ သောက်သုံးရေဖူလုံစွာရရှိရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

သောက်သုံးရေ မလုံလောက်သည့် ကျေးရွာများကို စာရင်းကောက်ယူပြီး သောက်သုံးရေ ဖူလုံစွာရရှိရေးဆောင်ရွက်ပေးနိုင်မည့် ရေရရှိရေးနည်းလမ်းများအလိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ သောက်သုံးရေမလုံလောက်သော ကျေးရွာများတွင် သောက်သုံးရေ အလုံအလောက်ရရှိနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ရာ၌ ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦး၏ ဦးဆောင်မှုဖြင့် ပခုက္ကူမြို့နယ် ပန်းတိုင်ခြုံကျေးရွာတွင် လွန်ခဲ့သောနှစ် ၁၀၀ ကျော်ကာလက တည်ရှိခဲ့သည့် သောက်သုံးရေကန်မှာ သဲနုန်းများပို့နေ၍ သဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်မြှင့်ခြင်း လုပ်ငန်းများကို ယန္တရားအသုံးပြု၍ ဆောင်ရွက်ပေးခဲ့သည်။

### သိုလှောင်ထားနိုင်

ယခင်ရေသိုလှောင်နိုင်မှု ပမာဏမှာ ၃၆ ဧကပေ၊ ရေဂါလန် ၉ ဒသမ ၇ သန်းခန့်သာ သိုလှောင်နိုင်ခဲ့ပြီး ယခုမြေကျင်းပေါင်း ၈၀၀၀ တူးဖော်လိုက်သည့်အတွက် ရေသိုလှောင်နိုင်မှုပမာဏ ဧကပေ ၂၀၊ ရေဂါလန် ၅ ဒသမ ၄သန်းခန့်တိုး၍ သိုလှောင်ထားနိုင်မည်ဖြစ်ရာ စုစုပေါင်း ရေသိုလှောင်နိုင်မှု ပမာဏ ၅၆ ဧကပေ၊ ရေဂါလန် ၁၅ သန်းခန့် သိုလှောင်ထားနိုင်တော့မည် ဖြစ်သည်။

ပန်းတိုင်းခြုံကျေးရွာတွင် အိမ်ထောင်စု ၅၂၆ စု လူဦးရေ ၂၇၂၈ ဦးနှင့် ကျွဲနွား၊ သိုး၊ ဆိတ် ကောင်ရေ ၂၀၀၀ ကျော်တို့အတွက် လာမည့်နှစ်များတွင် သောက်သုံးရေ ဖူလုံစေတော့မည်ဖြစ်သည်။

ထို့အတူ ရေစကြိုမြို့နယ် မြေဖြူမုံညှင်းကျေးရွာအုပ်စု မြေဖြူကျေးရွာကြာကန်မှာ နုန်းများနေသဖြင့် မြေကျင်းပေါင်း ၂၅၀ တူးဖော်၍ တာပေါင်ကြံ့ခိုင်ရေးနှင့် တာပေါင်မြှင့်ခြင်းလုပ်ငန်းများ ဆောင် ရွက်ပေးမှုကြောင့် ဒေသခံပြည်သူ ၁၀၀၀ ကျော်နှင့် အိမ်မွေးတိရစ္ဆာန်များသည် လာမည့်နှစ်များတွင် သောက်သုံးရေဖူလုံစေတော့မည်ဖြစ်သည်။

အလားတူ ရေစကြိုမြို့နယ် မြေဖြူကျင်းကျေးရွာရှိသောက်ရေကန်မှာလည်း နုန်းများပို့နေသဖြင့် မြေကျင်းပေါင်း ၃၀၀ တူးဖော်၍ ကန်တာပေါင် ကြံ့ခိုင်ရေးနှင့် တာပေါင်မြှင့်တင်ခြင်းကို ဆောင်ရွက်ပေးခဲ့ရာ မြေဖြူကျင်းကျေးရွာရှိ အိမ်ထောင်စု ၁၈၃ စု၊ လူဦးရေ ၁၀၀၀ ကျော်နှင့် အိမ်မွေးတိရစ္ဆာန်များအပြင် အနီးအနားကျေးရွာများဖြစ်ကြသည့် ကြက်ဆူကျင်း၊ ကျောက်ဖူး၊ သဲပုံ၊ ရွာငယ်၊ ဇီးတောကျေးရွာများအတွက်ပါ လာမည့်နှစ်များတွင် သောက်သုံးရေဖူလုံစေမည်ဖြစ်ကြောင်း သိရသည်။

### သောက်သုံးရေပို့လွှတ်

ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရေအရင်းအမြစ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် ဝန်ထမ်းများသည် ဝန်ကြီးဌာန၏ မျှဝေရေးအစီအစဉ်ဖြင့် ပခုက္ကူမြို့နယ် စံပြကြီးရွာရှိ အိမ်ထောင်စု ၂၈၂ စု၊ လူဦးရေ ၁၄၄၈ ဦးနှင့် အိမ်မွေးတိရစ္ဆာန်များ နွေရာသီတွင် သောက်သုံးရေ မလုံလောက်မှုကြောင့် ကြီးရွာလျှပ်စစ်မြစ်ရေတင်ပင်မမြောင်းမှ ၄၃၀၅ ပေ၊ အရှည် လေးလက်မ PPC ပိုက်လိုင်းသွယ်တန်းပြီး ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်မှတစ်ဆင့် ကျေးရွာပြည်သူများအတွက် သောက်သုံးရေ ပို့လွှတ်နိုင်ခဲ့ပြီဖြစ်သည်။

## ဒါကျက်ဒါဖြေစနစ် ပြောင်းလဲရန် ပထမတန်း(သင်ရိုးသစ်) ကျောင်းအုပ်စုအဆင့် သင်တန်းဆရာ ဆရာမများကိုယ်တိုင် လေ့ကျင့်ဆွေးနွေးသင်ကြား

**ဖျာပုံ မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ဒါကျက်ဒါဖြေပညာရေးစနစ်အား ပြုပြင်ပြောင်းလဲရန်အတွက် ပထမတန်း (သင်ရိုးသစ်) ကျောင်းအုပ်စုအဆင့် သင်တန်းဆရာ ဆရာမများကိုယ်တိုင်လေ့ကျင့်သင်ကြားဆွေးနွေးခြင်းကို အထက ၂ ကျောင်း၌ မေ ၁၃ ရက်မှ မေ ၂၆ ရက်အထိ သင်တန်းသားသင်တန်းသူ ၆၂၅ ဦးအား နည်းပြဆရာ ဆရာမ ၄၀၊ အရန်နည်းပြရှစ်ဦးတို့က လက်တွေ့လေ့ကျင့် သင်ကြားပေးနေကြောင်း သိရသည်။

ယခင်ကာလများက မူလတန်းမှ အထက်တန်းအထိ စာသင်ကြားရာတွင် သင်ရိုးညွှန်းတမ်းများကို ဒါကျက်ဒါဖြေစနစ်ဖြင့် သင်ကြားခဲ့ကြပြီး ယခုအခါ လာမည့်စာသင်နှစ်မှ စတင်၍ ကျောင်းသား ကျောင်းသူများကိုယ်တိုင်ဆွေးနွေးလုပ်ဆောင်ရသည့် သင်ကြားမှုများကို ကိုယ်တိုင်တီထွင်မှုများဖြင့် လက်တွေ့လေ့ကျင့်သင်ကြားလေ့လာရတော့မည်ဖြစ်ကြောင်း အခြေခံပညာမူလတန်းပြဆရာမဒေါ်သင်းနုထွေးထံမှ သိရသည်။

ထိုကဲ့သို့သင်ကြားရာတွင် မြန်မာစာဘာသာရပ်အတွက် ပုံပြင်များ၊ ကဗျာများကို ကျောင်းသား ကျောင်းသူလေးများကိုယ်တိုင်လက်တွေ့ပါဝင်လေ့ကျင့်ခြင်း၊ ကာယပညာရပ်တွင် ကြိုးခုန်ကစားနည်း၊ ဂီတပညာရပ်တွင် ပုလွေဖြင့်တေးကဗျာများကို လေ့ကျင့်သင်ကြားခြင်း၊ ကလေးများကိုယ်တိုင်ရွှံ့နှင့် အရုပ်အမျိုးမျိုးလုပ်တတ်အောင် လေ့ကျင့်ခြင်း၊ အင်္ဂလိပ်စာဘာသာရပ်ကို လက်တွေ့ပြောဆိုလေ့ကျင့်ခြင်း၊ သိပ္ပံဘာသာရပ်ကိုလည်း မြေကြီးထဲတွင် ပါဝင်သည့် ပစ္စည်းများကိုခွဲထုတ်လေ့လာခြင်း၊ လူမှုရေးဘာသာရပ်တွင် မိဘများကိုယ်တိုင် မည်သို့ထောက်ပံ့ ကူညီနိုင်မည်လဲဆိုသည့် အချက်နှင့် မိမိတို့ကိုယ်တိုင်ကလည်း မည်သို့ကူညီပေးနိုင်မည်လဲ ဆိုသည်များကို လေ့ကျင့် သင်ကြားရမည်ဖြစ်ကြောင်း လက်ထောက်ပညာရေးမှူးဦးမြင့်လွင်ထံမှ သိရသည်။

**ချမ်းသာ(ဖျာပုံ)**

## နောင်ချိုမြို့နယ်၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအနုပညာဟောပြော

**နောင်ချို မေ ၂၃**

နောင်ချိုမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအနုပညာဟောပြောပွဲအခမ်းအနားကို မေ ၂၁ ရက်က မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဒေါ်မေသကြၤန်ဟိန် (မြစ်မခ သတင်းအေဂျင်စီ)က မြန်မာအမျိုးသမီးတိုင်း ဝတ်စားဆင်ယင်မှု ယဉ်ကျေးမှုကအဓိကကျ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာစိန်စိန်သိန်း (သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး)က မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုး များနှင့်သိကောင်းစရာများကို ဆွေးနွေးဟောပြောကြသည်။

အဆိုပါ ဟောပြောပွဲသို့ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**စိုးဝင်း (နောင်ချို)**

## တိုင်းရင်းဆေးဖြင့် (အခမဲ့) ကွင်းဆင်းဆေးကုသ

**ကျိုက်မရော မေ ၂၃**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်၌ မွန်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းနှင့် ကွင်းဆင်းဆေးကုသရေးအဖွဲ့ ကျိုက်မရောမြို့နယ်မှ မြို့နယ်တိုင်းရင်းဆေးဦးစီးမှူး ဒေါ်ယဉ်မင်းလတ်နှင့် လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ဝင်းဝင်းအေးတို့က ကော့ကလောကျေးရွာ၌ မေ ၁၉ ရက်က ကွင်းဆင်းဆေးကုသ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင်မြို့နယ်တိုင်းရင်းဆေးဦးစီးမှူး ဒေါ်ယဉ်မင်းလတ်ကသွေးတိုးရောဂါအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောပြီး သွေးတိုး၊ အကြော တက်၊ လေငန်း၊ ဒူးနာ၊ ခါးနာ၊ လေဘက်နာစသဖြင့် ရောဂါဝေဒနာရှင် ၉၅ ဦးအား အခမဲ့ ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **နိုင်ထွန်း**

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၉ တွင်ဖော်ပြပါရှိသည့် "တောင်သူအသိပညာပေး နွေစပါးစိုက်ခင်းစံကွက်ရိတ်သိမ်းပြီး စိုက်ပျိုးရေးဆိုင်ရာများ ပညာပေးဆွေးနွေး"သတင်းတွင် တစ်ကေအထွက်နှုန်း **၁၄၀ ဒသမ ၄၀ တင်း**အစား **၂၄၀ ဒသမ ၄၀ တင်း**ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **ကိုလွင်(ဆွာ)**

# အီတလီနဲ့ ပေါ်တူဂီတို့ ခြေကုန်ဖွင့်ရမယ့် ၂၀၁၇ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်

၂၀၁၇ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို မေ ၂၄ ရက်မှာ ဆက်လက်ကစားမှာ ဖြစ်ပါတယ်။ အုပ်စုပွဲစဉ်တွေကတည်းက အကြိတ်အနယ်ရှိနေတဲ့ ဒီပြိုင်ပွဲမှာတော့ မထင်မှတ်တဲ့ ရလဒ်တွေလည်း ထွက်ပေါ်နေပါတယ်။ နာမည်ကြီးအသင်းတွေ ထင်သလောက် ခရီးမပေါက်သလို ပြိုင်ဘက်တွေရဲ့ မထင်မှတ်တဲ့ ရုန်းကန်တုံ့ပြန်မှုတွေနဲ့လည်း ရင်ဆိုင်နေရပါတယ်။ ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်တွေအပြီးမှာတော့ ပွဲကောင်းတွေအဖြစ် အားပေးရဦးမှာ ဖြစ်ပါတယ်။

**ဇမ်ဘီယာနှင့် အီရန်**

ဇမ်ဘီယာတို့က ခြေစွမ်းမာကျောပြီး မထင်မှတ်တဲ့ စွမ်းဆောင်မှုမျိုးတွေ ပြသနေပါတယ်။ ပြီးခဲ့တဲ့မတ်လကလည်း ဟွန်ဒူးရပ်စ်နဲ့ အီကွေဒေါတို့ကို ဂိုးပြတ်တွေသွင်းပြီး အောင်ပွဲခံနိုင်ခဲ့တာမို့ အခုပြိုင်ပွဲမှာလည်း အီရန်တို့ သတိထားကစားရပါလိမ့်မယ်။ အီရန်လူငယ်တွေက ပုံမှန်ခြေစွမ်းရှိနေပြီး အဆုံးသတ်မှုအပိုင်းမှာ တိုက်စစ်မှူးတွေရဲ့ လိုအပ်ချက်တွေရှိနေတာမို့ အခုပွဲဟာ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

**တောင်အာဖရိကနှင့် အီတလီ**

ကြိုးစားအားထုတ်မှုကောင်းတဲ့ တောင်အာဖရိကအသင်းကို အခုပွဲမှာတော့ အီတလီလူငယ်တွေ အလေးထားကစားပါလိမ့်မယ်။ အီတလီတို့လည်း အသင်းလိုက်နားလည်မှုနဲ့ ချိတ်ဆက်ထိုးဖောက်နိုင်မှုတွေမှာ အားနည်းချက်တွေရှိနေဆဲဖြစ်တာမို့ တော်ရုံအားထုတ်မှုနဲ့ မလွယ်ပါဘူး။ အီတလီအတွက်တော့ ဒီပွဲမှာ မဖြစ်မနေ နိုင်ပွဲရအောင် ဖော်ထုတ်မယ့်ပွဲပါပဲ။

**ကော်စတာရီကာနှင့် ပေါ်တူဂီ**

ပေါ်တူဂီ လူငယ်တွေဟာ ကစားအားကောင်းပြီး ထိုးဖောက်ဂိုးသွင်းမှုအပိုင်းမှာလည်း စွမ်းအားပြည့် ကြိုးစားနိုင်သူတွေဖြစ်ပါတယ်။ ပြင်သစ်နဲ့ အင်္ဂလန်အသင်းတွေကို ဂိုးအပြိုင်သွင်းပြီး အကျပ်တွေ့အောင် အားထုတ်နိုင်ခဲ့တဲ့ ပေါ်တူဂီကို ကော်စတာရီကာတို့ ခက်ခဲပါလိမ့်မယ်။ ကမ္ဘာ့ဖလားပွဲတွေမှာ စွမ်းဆောင်ရည်ကောင်းပြနိုင်တဲ့ ပေါ်တူဂီသမိုင်းကြောင်းကို အခုပွဲမှာ ပေါ်တူဂီလူငယ်တွေ ပြသနိုင်မလားကြည့်ရမှာပါ။ ကော်စတာရီကာရဲ့စွမ်းဆောင်မှုက အားရစရာတော့ မရှိပေမယ့် ဂျပန်ကို အနိုင်ကစားဖူးတဲ့ ကော်စတာရီကာရဲ့ ခြေစွမ်းက လျှော့တွက်လို့မရပါဘူး။ ပေါ်တူဂီတို့ ခြေစွမ်းကောင်းတာမှန်ပေမယ့် ကော်စတာရီကာရဲ့ ကွင်းလယ်ကစားအားကလည်း မောင်းနှင်နိုင်စွမ်း ကြီးမားတာမို့ ပေါ်တူဂီတို့ နိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

**ဥရုဂွေးနှင့် ဂျပန်**

အာရှရဲ့ထိပ်တန်းအဆင့်ရှိတဲ့ ဂျပန်ဟာ အခုတလော ခြေစွမ်းကောင်းမွန်အောင် ကြိုးစားနေရပါတယ်။ အာရှမြေမှာ ကစားရတဲ့ပွဲဖြစ်လို့ ဂျပန်လူငယ်တွေ စိတ်ဓာတ်အသာစီးရနိုင်ပေမယ့် တောင်အမေရိကရဲ့ဥရုဂွေးကိုတော့ အကြိတ်အနယ်ကစားရပါလိမ့်မယ်။ ဥရုဂွေးတို့က ခြေစွမ်းမာကျောပြီး အသင်းလိုက် အချိတ်အဆက် မိမိနဲ့ကစားနိုင်တဲ့အပြင် တစ်ဦးချင်း စွမ်းဆောင်ရည်မြင့်မားကြသူတွေဖြစ်ပါတယ်။ ဥရုဂွေးရဲ့ ခံစစ်ကြောင်းက ခိုင်မာတောင့်တင်းတာမို့ ဂျပန်လူငယ်တိုက်စစ်မှူးတွေအတွက် ခက်ခဲတဲ့ စိန်ခေါ်မှုတစ်ရပ်ပါပဲ။ ဒီပွဲက သရေလည်း ဖြစ်သွားနိုင်သလို အနိုင်ဆိုရင် ဥရုဂွေးတို့ကို သတ်မှတ်ရမယ့် အနေအထားပါပဲ။ ။

**မိုးမြင့်လင်းလက်**



---




## မန်ယူအနာဂတ်အစီအစဉ်တွင် လူငယ်တိုက်စစ်မှူး အိန်ဂျယ်ဂိုမက် ပါဝင်မည်

မန်ယူအသင်းမှ လူငယ်တိုက်စစ်မှူး အိန်ဂျယ်ဂိုမက်မှာ မန်ယူအနာဂတ်အတွက် ကြယ်ပွင့်ဖြစ်လာနိုင်ကြောင်း နည်းပြမော်ရင်ဟိုက ထုတ်ဖော်ပြောကြားလိုက်သည်။

နာမည်ကြီး ဘောလုံးအသင်းများကို နည်းပြအဖြစ် ကိုင်တွယ်ခဲ့စဉ် လူငယ်ကစားသမားများကို နေရာပေးခြင်းမရှိကြောင်း ဝေဖန်ပြစ်တင်ခံခဲ့ရသည့် နည်းပြမော်ရင်ဟိုက ၎င်းသည် အများထင်မြင်ယူဆသလို မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားကာ လူငယ်ကစားသမားများကို ပွဲထုတ်ခဲ့သည်။

အသက် ၁၆ နှစ်အရွယ်သာရှိသေးသည့် တိုက်စစ်မှူး အိန်ဂျယ်ဂိုမက်၏ စိတ်အားထက်သန်မှုနှင့် နိုင်ပွဲရလိုစိတ်ပြင်းထန်မှုများအပြင် တိုက်စစ်မှူးကောင်းတစ်ဦးတွင် ရှိသင့်သည့် အချက်အတော်များရှိနေကြောင်း ၎င်းက ပြောကြားသည်။

"မန်ယူ အနာဂတ် အောင်မြင်မှုတွေအတွက် လူငယ်တွေကို မဖြစ်မနေအစားထိုးရမယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါကြောင့် ထူးချွန်ပြီး အစွမ်းအစရှိတဲ့ လူငယ်တွေကို နေရာပေးချင်ပါတယ်။ ဒါကိုလည်း ကျွန်တော်ခေါင်းထဲမှာရှိနေပါတယ်"ဟု မော်ရင်ဟိုက ပြောသည်။ မော်ရင်ဟိုလက်ထက်တွင် လူငယ်တိုက်စစ်မှူး ရက်ဖို့ဒ်အား ပွဲထွက်စေခဲ့ရာ ခြေစွမ်းပြနိုင်ခဲ့ပြီး မန်ယူတိုက်စစ်တွင် အားထားရသည့် လူငယ်တိုက်စစ်မှူးတစ်ဦးအဖြစ် ရောက်ရှိလာခဲ့ပြီဖြစ်သည်။

## မိုနာကို လူငယ်တိုက်စစ်မှူး အမ်ဘာပီကို ရီးရဲမက်ဒရစ်က ခေါ်ယူရန် ကြိုးစားနေ

မိုနာကိုအသင်းမှ လူငယ်တိုက်စစ်မှူး အမ်ဘာပီကို ရီးရဲမက်ဒရစ်က ခေါ်ယူရန် ကြိုးစားနေကြောင်း၊ မိုနာကိုအသင်းက လက်မခံဘဲ ငြင်းပယ်ထားကြောင်း သတင်းများထွက်ပေါ်နေသည်ဟု စပိန်အားကစား မီဒီယာများက ဖော်ပြသည်။

အသက် ၁၈ နှစ်အရွယ်ရှိ လူငယ်တိုက်စစ်မှူး အမ်ဘာပီသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် မိုနာကိုအသင်းအတွက် ပြိုင်ပွဲစုံ ၄၂ ပွဲ ကစားခဲ့ရာ ၂၅ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။ အမ်ဘာပီသည် ပြင်သစ်လီဂူး-၁ ပြိုင်ပွဲတွင် မိုနာကိုအသင်းအား ဖလားဆွတ်ခူးနိုင်အောင်လည်း ကူညီပေးနိုင်ခဲ့သူဖြစ်သည်။

"အမ်ဘာပီရဲ့ကစားပုံကို ကျွန်တော် သဘောကျတယ်။ သူ့ရဲ့ဂိုးသွင်းနိုင်မှု စွမ်းအားနဲ့ အားထုတ်ပုံကိုလည်း သဘောကျပါတယ်။ အနာဂတ်မှာ ပိုပြီး တောက်ပလာမှာပါ"ဟု ရီးရဲမက်ဒရစ် တိုက်စစ်မှူး စီရော်နယ်ဒိုက ပြောသည်။

ရီးရဲမက်ဒရစ်က အမ်ဘာပီကို ခေါ်ယူနိုင်ရေးအတွက် မိုနာကိုအသင်း တာဝန်ရှိသူများနှင့် ချဉ်းကပ်ဆွေးနွေးမှုများ ပြုလုပ်နေသော်လည်း ထူးခြားမှုမရှိသေးကြောင်း သိရသည်။ ထို့အတူ မန်ယူ၊ မန်စီးတီးအသင်းတို့ကလည်း အမ်ဘာပီကို ခေါ်ယူနိုင်ရေး ကြိုးစားလျက်ရှိရာ မိုနာကိုက ငြင်းပယ်ထားသည်။ အမ်ဘာပီကို မိုနာကိုအသင်းက နှစ်ရှည်စာချုပ်ချုပ်ဆိုရန် စီစဉ်နေသည်ဖြစ်ရာ ရီးရဲမက်ဒရစ်က မိုနာကိုအသင်း၏ သဘောထားပြောင်းလဲလာမှုကို စောင့်ကြည့်လျက်ရှိသည်။






## အက်ဖ်အေဖလားပွဲပြီးလျှင် အာစင်ဝင်းဂါး အနာဂတ်ဆုံးဖြတ်မည်

အာဆင်နယ်အသင်းကို နှစ်ရှည်ကြာစွာ ကိုင်တွယ်ခဲ့သော နည်းပြ အာစင်ဝင်းဂါးအား ပရိသတ်များက အသင်းမှ ထွက်ခွာရန် ဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိရာ မိမိ၏ အနာဂတ်ကို အက်ဖ်အေဖလား ဗိုလ်လုပွဲအပြီးတွင် ထုတ်ဖော်ပြောကြားသွားမည်ဟု အာစင်ဝင်းဂါးက ပြောကြားသည်။

အာဆင်နယ်အသင်းကို ၂၂ နှစ်ကြာ ကိုင်တွယ်ခဲ့သော နည်းပြအာစင်ဝင်းဂါးသည် ဖလားလက်မဲ့ရာသီအချို့ကို ဖြတ်သန်းခဲ့ရသည့်အပြင် အောင်မြင်မှုနှင့် အလှမ်းဝေးနေသော အာဆင်နယ်အသင်းအတွက် ပရိသတ်များက အားမလို အားရမဖြစ်လျက်ရှိသည်။ အက်ဖ်အေဖလား ဗိုလ်လုပွဲအဖြစ် ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ မေ ၂၇ ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်ရာ ယင်းပွဲတွင် အာဆင်နယ်က ဗိုလ်စွဲနိုင်ရေး အာစင်ဝင်းဂါးက ယုံကြည်လျက်ရှိသည်။ "ကျွန်တော့်ရဲ့လက်ရှိ မျှော်လင့်ချက်ကတော့ အက်ဖ်အေဖလားရယူဖို့ပါပဲ။ ကျန်တာတွေ ခေါင်းထဲမထည့်နိုင်သေးပါဘူး။ လောလောဆယ် အက်ဖ်အေဖလား ဗိုလ်လုပွဲအကြောင်းအရာတွေပဲ ခေါင်းထဲမှာ ရှိနေပါတယ်"ဟု အာစင်ဝင်းဂါးက သတင်းထောက်များ မေးမြန်းမှုကို ဖြေကြားသည်။

အာဆင်နယ်အသင်း ဘုတ်အဖွဲ့ကလည်း အဖွဲ့ဝင်အများစုက အာစင်ဝင်းဂါး ဆက်လက်တာဝန်ယူရန် ဆန္ဒရှိနေကြပြီး အချို့က နည်းပြအသစ်ပြောင်းလဲရန် လိုလားနေကြသည်။ အာစင်ဝင်းဂါးကလည်း မိမိသည် အာဆင်နယ်အသင်းတွင် ဆက်လက်ကိုင်တွယ်လိုသော ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့ဖူးသည်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း ရေစုပ်ပန့်နှင့် စတီးရေကန် လှူဒါန်း

**မြိုင် မေ ၂၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ညောင်ရွာကျေးရွာအုပ်စု ပန်းတိုင်းတော(အရှေ့)ကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်လှူဒါန်းခြင်းနှင့် ရေစုပ်ပန့်၊ စတီးရေကန်များ လှူဒါန်းပွဲကို မေ ၂၁ ရက်က ကျေးရွာမူလတန်းကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

စက်ရေတွင်း၊ ရေစုပ်ပန့်နှင့် စတီးရေကန်များကို မန္တလေးမြို့ ဦးမင်းဆွေ- ဒေါ်ခင်ထွေး ဖောင်ဒေးရှင်း မိသားစုတို့က လှူဒါန်းခြင်းဖြစ်သည်။ လှူဒါန်းပွဲတွင် အလှူရှင်များနှင့် ကျေးရွာနေပြည်သူများက မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်မှ ဆရာတော် ဦးအဂ္ဂထံမှ သီလခံယူကြပြီး အလှူရှင်များက ပင့်သံဃာတော် များအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဦးမင်းဆွေ- ဒေါ်ခင်ထွေး ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအောင်မြင့်က စက်ရေတွင်း တူးဖော်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျေးရွာတာဝန်ရှိသူများက အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

အဆိုပါ စက်ရေတွင်းသည် အနက် ပေ ၉၅၀ ရှိ လေးလက်မစက်ရေတွင်းဖြစ်ပြီး တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ နှုန်း ထွက်ရှိကာ စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေတွင်းအတွက် ပစ္စည်းအစုံ၊ ရေတင်ပန့်တစ်စုံ၊ ၄၀၀၀ လီတာဆံ့ စတီးရေကန် တစ်ကန် စုစုပေါင်း တန်ဖိုး ငွေကျပ် ၁၇၅ သိန်းကုန်ကျခဲ့ကြောင်းနှင့် ယခု စက်ရေတွင်း လုပ်ငန်းများပြီးစီး၍ ကျေးရွာရှိ အိမ်ခြေ ၁၆၀ မှ လူဦးရေ ၈၀၀ ကျော်နှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေ လုံလောက်စွာ ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မြင့်**



မေ ၂၀ ရက်က တိုက်ကြီးမြို့နယ် အောင်သာကုန်း တောရဘုန်းတော်ကြီးကျောင်း၌ ယဉ်ကျေးလိမ္မာသင်တန်းသို့ တက်ရောက်ကြသော ကလေး ၂၀၀ နီးပါးအား မောင်ဘုန်းမြတ်သူနှင့် ရွှေညာမောင်တို့ နှစ်ဦးက တစ်နေ့တာ တစ်နပ်စာအတွက် ထမင်းနှင့်ဟင်း အလှူဒါနပြုကြစဉ် မီးမီး (လှိုင်)

## ဟိုတယ်ဆိုင်ရာ စာရင်းကိုင်သင်တန်းဆင်းပွဲကျင်းပ

**ညောင်ဦး မေ ၂၃**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ပုဂံဇုန်)တို့ ပူးပေါင်းကြီးကြပ်ဖွင့်လှစ်သည့် Hotel Supervision (Accounting) သင်တန်း အမှတ်စဉ်(၁/၂၀၁၇)၏ သင်တန်းဆင်းပွဲကို မေ ၂၁ ရက်က ပုဂံမြို့ရှိ Aureum Palace ဟိုတယ်၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွဋ်ခိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ပုဂံဇုန်) ဥက္ကဋ္ဌ ဦးဇော်ဝိတ်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက သင်တန်းခန်းမအတွက် ကူညီဆောင်ရွက်ပေးခဲ့သည့် Aureum Palace ဟိုတယ်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ထို့နောက် သင်တန်းသားသင်တန်းသူများအား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများအား ဆုများချီးမြှင့်ကာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က သင်တန်းသားသင်တန်းသူများအား မိမိတို့နိုင်ငံ၏ ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံ၏ ခရီးသွားလုပ်ငန်းအတွက် အားထားရသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ ပုဂံ၊ ပခုက္ကူ၊ ချင်းနှင့် ပုပ္ပားဒေသတို့မှ ဟိုတယ်အသီးသီးရှိ ဝန်ထမ်းသင်တန်းသား ၅၅ ဦး တက်ရောက်ခဲ့ပြီး စာရင်းကိုင် ကျွမ်းကျင်ဆရာနှစ်ဦးတို့က မေ ၆ ရက်မှ ၂၁ ရက်အထိ သင်တန်းကာလ ၁၆ ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**



## ပထမအကြိမ် စွန်အလှပြပြိုင်ပွဲနှင့် စွန်ဖြတ်ပြိုင်ပွဲ ကျင်းပပြီးစီး

**ဘားအံ မေ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့တွင် မြန်မာ့ရိုးရာ ကစားနည်းတစ်ခုဖြစ်သော စွန်လွှတ်အားကစားနည်းများ မပျောက်ပျက်စေရေးအတွက် ပြန်လည်ဖော်ထုတ်သည့်အနေဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်မှ ကြီးမှူးပြီး ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်စဉ်နှစ်တိုင်းကျင်းပမည့် ပြိုင်ပွဲများတွင်လည်း ပြည်နယ်ကိုယ်စားပြုလက်ရွေးစင်များအဖြစ် ယှဉ်ပြိုင်နိုင်သူများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍လည်းကောင်း ပထမအကြိမ် ဌာနပေါင်းစုံ၊ ရပ်ကွက်ပေါင်းစုံ မြန်မာ့ရိုးရာစွန်အလှပြပြိုင်ပွဲနှင့် စွန်ဖြတ်ပြိုင်ပွဲကို မေ ၂၀ ရက်နှင့် ၂၁ ရက်က ဘားအံမြို့ အမှတ်(၇)ရပ်ကွက်ရှိ မန်းဘခိုင်လမ်းဘေးကွင်းပြင်၌ ကျင်းပခဲ့သည်။

မြန်မာ့ရိုးရာ စွန်လွှတ်အားကစားနည်းကို လူငယ်များအနေဖြင့် ဆော့ကစားမှုနည်းပါးလာခြင်းကြောင့် စွန်လွှတ်အားကစားနည်းကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းသည့်အနေဖြင့် ယခုလို ပြိုင်ပွဲကျင်းပခြင်းဖြစ်ကြောင်းနှင့် ပြိုင်ပွဲတွင် ဘားအံမြို့နယ်အတွင်းမှ ဌာန ၃၆ ဌာနနှင့် ရပ်ကွက်နှစ်ခုတို့က စွန်အလှပြပြိုင်ပွဲတွင် ၁၄ ဦးနှင့် စွန်ဖြတ်ပြိုင်ပွဲတွင် ၄၂ ဦးတို့က ဒိုင်အဖွဲ့၏ စည်းကမ်းချက်များအတိုင်း မေ ၂၀ ရက်မှ မေ ၂၁ ရက်အထိ နှစ်ရက်ကြာ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို မေ ၂၁ ရက် ညနေပိုင်းက ကျင်းပခဲ့ပြီး မြန်မာ့ရိုးရာစွန်အလှပြပြိုင်ပွဲတွင် ပထမဆုကို ကွန်ပျူတာ တက္ကသိုလ်အသင်းမှ Key Stone အလှပြစွန်၊ ဒုတိယဆုကို ဒေါနနတ်သမီးအသင်းမှ စုတ်ခွက်အလှပြစွန်၊ တတိယဆုကို အမှတ်(၄)ရပ်ကွက်အသင်းမှ သိန်းငှက်ကြီး အလှပြစွန်၊ စတုတ္ထဆုကို စားသုံးသူရေးရာဌာနအသင်းမှ ငှက်တော်အလှပြစွန်နှင့် ပဉ္စမဆုကို စိုက်သိပ္ပံအသင်းမှ မြွေစွန်အလှပြစွန်တို့က ရရှိခဲ့သည်။

စွန်ဖြတ်ပြိုင်ပွဲတွင် ပထမဆုကို ဒေါနနတ်သမီးအသင်း၊ ဒုတိယဆုကို စည်ပင်သာယာရေးဌာနအသင်း၊ တတိယဆုကို တိုင်းရင်းဆေးအသင်း၊ စတုတ္ထဆုကို လမ်းဦးစီးဌာနအသင်း၊ ပဉ္စမဆုကို တရားရေးအသင်းတို့က ရရှိခဲ့ကြပြီး ပြိုင်ပွဲများတွင် ဆုရရှိသူများအား ပြည်နယ် လျှပ်စစ်နှင့်စက်မှုဝန်ကြီးဦးစိုးလှိုင်၊ ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးနှင့် တာဝန်ရှိသူများက ဆုကလပ်နှင့် ငွေသားဆုများကို ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ကားလမ်းမကြီး ဆိုးရွားစွာပျက်စီးနေ၍ ပြည်သူများ သွားလာရေးအခက်ကြုံနေ

**ရန်ကုန် မေ ၂၃**

ရွှေပြည်သာ ထန်းခြောက်ပင်မီးပွိုင့်မှ သံဒင်းဈေးအထိ ဗိုလ်ချုပ်လမ်းတစ်လျှောက်တွင် ကားလမ်းမှာ ဆိုးရွားစွာ ပျက်စီးနေသည့်အတွက် ထိုလမ်းပေါ်တွင် ပြေးဆွဲနေသော YBS(74)ယာဉ်လိုင်းအပါအဝင် ယာဉ်အမျိုးမျိုး သွားလာရေးနှင့် ရပ်ကွက်နေပြည်သူများ၏ နေ့စဉ်သွားလာရေးအတွက် အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

အမှတ်(၂)အလယ်တန်းကျောင်းရှေ့မှ လှိုင်သာယာ ဒဂုံ-ဈေးအဝေးပြေးသို့ ပြေးဆွဲလျက်ရှိသည့် YBS(74) ယာဉ်လိုင်းမှာ ရွှေပြည်သာမှ အစီး ၃၀ နေ့စဉ်ပြေးဆွဲနေ၍ ပြည်သူများသွားလာရေးအတွက် အဆင်ပြေသော်လည်း ထိုလမ်းပျက်စီးနေသည့် လမ်းပိုင်းအတွင်းရှိ ငွေပုလဲမှတ်တိုင်၊ ကမ္ဘာလုံးမှတ်တိုင်နှင့် ပေါ်တော်မူ မှတ်တိုင်ရှေ့တို့တွင် ချိုင့်ခွက်များကြောင့် လိုင်းကားများ ပြေးဆွဲရေးတွင် အခက်ကြုံနေသလို မိုးရာသီတွင် လမ်းမှာ ပို၍ပျက်စီးနိုင်သည့်အတွက် အများပြည်သူ သွားလာရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများက လမ်းကို အမြန်ဆုံးပြုပြင်ပေးရန် ရပ်ကွက်နေပြည်သူများက လိုလားနေကြသည်။



"ဈေးကွေ့ကနေ သံဒင်းမှတ်တိုင်ကြားမှာ ကားလမ်းက ဆိုးဆိုးရွားရွား ပျက်စီးနေတာပါ။ မနှစ်က မိုးရာသီမှာလည်း အခက်အခဲကြုံခဲ့ရပြီးပြီ။ ကိုယ်ထူကိုယ်ထသဲထပ်ခင်းပေမယ့် မိုးရွာတော့ ရွံ့ပြန်ထတာပါပဲ။ လမ်းက ချိုင့်ခွက်တွေများတော့ လိုင်းကားတွေ ဖရိမ်တွေ၊ လေးတွေ ကျိုးကြတယ်။ ခရီးသည်တွေဆိုလည်း ဆန်ခါထဲ ဆီးဖြူသီးလှိမ့်သလို ကားစီးနေရတာ။ မြို့တစ်မြို့ သာယာလှပဖို့ဆိုတာ လမ်းပန်းဆက်သွယ်ရေးဟာ အဓိကပဲ"ဟု YBS(74)ယာဉ်မောင်းတစ်ဦးဖြစ်သူ ဦးဝင်းနိုင် က ပြောသည်။

အဆိုပါ ဗိုလ်ချုပ်လမ်းသည် ရပ်ကွက်(၄)ခုကို ဖြတ်သန်းဖောက်လုပ်ထားဖြင်းဖြစ်ပြီး ယခုအခါ လမ်းပျက်စီးနေမှုကြောင့် ဖြတ်သန်းသွားလာသောယာဉ်များမှာ ငုဝါလမ်းမှဝင်၍ ရွှေသဇင်လမ်းထိပ်အထိလည်းကောင်း၊ ဗိုလ်ကလေးပတ်လမ်းမှ သံဒင်းဈေးရှေ့ရှိ ဗိုလ်ချုပ်လမ်းပေါ်သို့လည်းကောင်း ရပ်ကွက်အတွင်း ကွန်းကရစ်လမ်းများကိုပတ်၍ မောင်းနှင်သွားလာနေကြရကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ - သန်းစိုး**



## ဇန်းမောက်-ပင်လည်ဘူးလမ်းပေါ်တွင် တံတားများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ဇန်းမောက် မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ် မံယူးကြီးဒေသတွင်းရှိ ဇန်းမောက်-ပင်လည်ဘူးလမ်းပေါ်တွင် OA BROWN Family ကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်ခဲ့သည့် လမ်းတံတားများကို မြို့နယ်လမ်းစစ်ဆေးရေးကော်မတီအဖွဲ့က မေ ၂၁ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဇန်းမောက်-ပင်လည်ဘူးလမ်းပေါ်ရှိ အရှည်ပေ ၃၀၊ အကျယ် ၁၄ ပေ အာရ်စီ ကွန်ကရစ်တံတားနှစ်စင်း၊ အရှည် ၁၀ ပေ၊ အကျယ် ၁၄ ပေ တံတားတစ်စင်း၊ အရှည် ၂၅ ပေ၊ အကျယ် ၁၄ ပေ တံတားတစ်စင်း၊ အရှည် ၃၅ ပေ၊ အကျယ် ၁၄ ပေ တံတားတစ်စင်း၊ မံယူးကြီး-ပင်လည်ဘူး နယ်စပ်တွင် အရှည် ၆၅ ပေ၊ အကျယ် ၁၄ ပေတံတားနှင့် အရှည် ပေ ၂၀၊ အကျယ် ၁၄ တံတားတစ်စင်း စုစုပေါင်း ခြောက်စင်းတို့ကို OABROWN Family ကုမ္ပဏီလီမိတက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၇၉ သန်းဖြင့် တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည်။ ထိုတံတားများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်ကျော်စိုး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီဆွေ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဌေးတို့ ပါဝင်သော မြို့နယ်လမ်းစစ်ဆေးရေးကော်မတီအဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

**ကျော်စွာ(ဇန်းမောက်)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံ Coffee Forum အခမ်းအနားတွင် ခင်းကျင်းပြသထားသော ကော်ဖီထုတ်ကုန်များကို ကြည့်ရှုစဉ် (သတင်းစဉ်)

# မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာမည်

**နေပြည်တော် မေ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ Coffee Forum အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ ဒေါက်တာ သန်းမြင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် စိုက်ပျိုးရေးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စီးပွားရေးပညာရှင်များ၊ မြန်မာကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❋

## ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) တက်ရောက်ရန် မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ရောက်ရှိ

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -၂၁ ရာစုပင်လုံ (ဒုတိယအစည်းအဝေး) တက်ရောက်ရန် မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

အဆိုပါ မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ UWSA၊ KIO၊ AA၊ TNLA၊ MNDAA၊ SSPP တို့သည် တရုတ်နိုင်ငံ ကူမင်းမြို့မှလည်းကောင်း၊ NDAA အဖွဲ့သည် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် လည်းကောင်း နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကြည်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

*စာမျက်နှာ ၄ ကော်လံ ၄* ✪

## အာရှဖလားခြေစစ်ပွဲကစားရန် မြန်မာ့လက်ရွေးစင်အသင်း စခန်းဝင်လေ့ကျင့်မည်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် မေ ၂၃**

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲ ဒုတိယပွဲဖြစ်သည့် မကာအိုအသင်းနှင့် အဝေးကွင်းပွဲစဉ်ယှဉ်ပြိုင်ကစားရန် ဇွန် ၃ ရက်တွင် စခန်းဝင်လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းမှ ကစားသမားများသည် သက်ဆိုင်ရာ ကလပ်အသင်းများနှင့်အတူ လိဂ်ပြိုင်ပွဲယှဉ်ပြိုင်နေသောကြောင့် မကာအိုနှင့်ခြေစစ်ပွဲအတွက် ပြင်ဆင်ချိန် တစ်ပတ်ကျော်သာရရှိမည်ဖြစ်သည်။

*စာမျက်နှာ ၆ ကော်လံ ၅* ❄



မြန်မာနှင့် အိန္ဒိယအသင်းတို့ အာရှဖလားခြေစစ်ပွဲတွင် တွေ့ဆုံခဲ့စဉ်

နိုင်ငံတကာ
ဘောလုံးလောက
သတင်းတိုများ
*စာမျက်နှာ - ၁၄*

ဂျာမန်အဆိုတော်
Mikis Weber နှင့်
ဂိုက်ကူးမည့်ဇာတ်လမ်းတွင်
ညှို့လမ်းညွှန်ကောင်မလေး
အိချောပို
ပါဝင်မည်
*စာမျက်နှာ - ၁၈*






*စာမျက်နှာ - ၁၉*

